www.burmeseclassic.com

ပို ။ မို ။ ၈၁ ၆ ပ

# အကြည်ရောက်သည့် အခေဝွးများ



www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ ◆ ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(၀၀၃၃၅)
အမှတ် ၁၃၊ ၁၀၇လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ◆ ဒေါ်ရွှေ (၀၀၇၁၉)
သုခပုံနှိပ်တိုက်၊ အမှတ် (၁၂၈)၊
၄၆လမ်း(ထက်)၊ ဗိုလ်တထောင်မြို့နယ်။

အဖုံးဒီဇိုင်း ◆ ကိုဆန်း

ဖလင်ခွဲ ◆ ထွန်းဆိုင်

စာအုပ်ချုပ် ◆ ကိုသန်းဌေး

ပုံနှိပ်ခြင်း ◆ ၂၀၁၆ခုနှစ်၊ နိုဝင်ဘာလ။
ပထမအကြိမ်

အုပ်ရေ ◆ ၅၀၀

တန်ဖိုး ◆ ၁၈၀၀ ကျပ်

၈၉၅.၈၃

အကြည်တော်
သုညအတွေးများ/ အကြည်တော်။ – ရန်ကုန်၊
စိုးမိုးစာပေ၊ ၂၀၁၆။
၁၄၆ – စာ၊ ၁၃.၅ × ၂၀.၅ စင်တီ။
(၁) သုညအတွေးများ

www.burmeseclassic.com

www.burmeseclassic.com



# သုည အတွေးများ

ဟိုး ငယ်ငယ်တုန်းက ကရင်ပြည်နယ်မှာနေခဲ့ရတာကို သတိရမိတယ်။ အသိဉာဏ်လဲ ဖွံ့ဖြိုးစဆိုတော့ ကရင်ပြည်နယ်မှာ နေရင်း အလိုလို ကရင်ဖြစ်ချင်နေမိတယ်။ သူများ သင်တိုင်းတွေ ဝတ်တာမြင်ရင် ကိုယ်လဲ ဝတ်ချင်နေတာပေါ့။

အဖေကလဲ ကရင်သွေးတစ်ဝက်ပါတော့ ကရင်ဖြစ်ချင်တာ သိပ်တော့မဆန်းပါဘူး။ ဒါနဲ့ ဘကြီးတွေကို မေးမိတယ်။

ဦးလေးတွေ၊ ဘကြီးတွေဆိုတာကလဲ တကယ့် လူရွှတ်

www.burmeseclassic.com

www.burmeseclassic.com



ကြီးတွေ။

"ဘကြီး ကျွန်တော်တို့က ကရင်တွေလား"

ဘကြီးက သောက်လက်စ အရက်ခွက်ကို တုန်တုန်ယင်ယင်နဲ့ မပြီး

"အေးပေါ့။ တို့က ကရင်မှ ကရင်လူမျိုးစစ်စစ်တွေပေါ့"

ကျွန်တော် အားရသွားတယ်။

"ဒါဆို ကျွန်တော်တို့က ပိုးကရင်လား၊ စကောကရင်လား"

ကရင်မှာက အမျိုးကွဲလေးတွေ ရှိတာကိုး။

ဘကြီးက အရက်ခွက်ကိုမော့ချပြီး ခေါင်းခါတယ်။

"ပိုးလည်းမဟုတ်၊ စကောလဲ မဟုတ်ပါဘူး သားရယ်"

ကျွန်တော် နည်းနည်းခေါင်းခြောက်သွားတယ်။

ကိုယ်က နှစ်မျိုးပဲသိတာပဲ။ ဒီနှစ်မျိုးက မဟုတ်ဘူး ဆိုတာကိုး။

"ဒါဆို တောင်ပေါ်ကရင်လား၊ တောင်အောက် ကရင်လား"

ဘကြီးက အရက်ခွက်ကိုထပ်ငှဲ့ရင်း ခေါင်းခါတယ်။

"တောင်ပေါ်ကရင်လည်း မဟုတ်၊ တောင်အောက်ကရင်

www.burmeseclassic.com

www.burmeseclassic.com



လည်း မဟုတ်ပါဘူးသားရယ်”

ကျွန်တော် နည်းနည်းစားသွားတယ်။ ကရင်မှာ တောင်အလယ်ကရင်တော့ မကြားဖူးပါဘူး။ ဘယ့်နှယ် တောင်ပေါ် တောင်အောက်နှစ်မျိုးပဲရှိတာ မဟုတ်ပြန်ဘူးတဲ့။ ခုနပြောသလို၊ တောင်ခလယ်(တောင်အလယ်)ကရင်တော့ မရှိလောက်ပါဘူး။ ဒါနဲ့ပဲ. . . .

“ဒါဆို ကျွန်တော်တို့က ဘာကရင်လဲ” ဆိုတော့ ဘကြီးက ငုံ့ထားတဲ့ အရက်ခွက်မပြီး. . .

“ဘကြီးတို့က ကတုန်ကရင်တွေပါ သားရယ်။ အရက်သောက်များပြီး ကတုန်ကရင်ဖြစ်နေတာပါ”

ကဲ. . . ရှင်းပြီဟုတ်။ ကျွန်တော်တို့က အဲလို ကရင်မျိုး။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



ကရင်တွေမှာ ကျွန်တော်သတိထားမိတာ တစ်ခုရှိပါတယ်။ ကရင်လူမျိုးတွေဟာ ယောက်ျားရော မိန်းမပါ တချိန်လုံး အလုပ် လုပ်နေတာတွေ့ရတယ်။

ယောက်ျားအလုပ် ကိုင်းခုတ်ဆိုရင်တောင် မိန်းမက အအားမနေဘူး။ ထင်းခွေရေခပ်အပြင် မှိုချိုးမျှစ်ချိုးနဲ့ထမင်းအိုးတည်ကြရရှာတာ။ တစ်ခုပိုထူးခြားတာက အဲဒီလောက် အလုပ်များတာတောင် မွေးလိုက်တဲ့ကလေး။ တချို့ စပျစ်ခိုင် ကျနေတာ။ တချို့ဆို ဆယ့်တစ်ယောက်၊ တချို့ဆို ကိုးယောက်။

အနည်းဆုံးမွေးတဲ့ ကျွန်တော်တို့ မိသားစုတောင် ခုနစ်ယောက်။ ကဲ စဉ်းစားကြည့်။

ဒါတောင် အဖေနဲ့အမေနဲ့ မတည့်လို့၊ တည့်များတည့်ရင် ပလိုင်းနဲ့တောင် လိုက်ကောက်ရမလား မသိဘူး။



www.burmeseclassic.com

www.burmeseclassic.com



အခုခေတ်လို သားဆက်ခြားရမယ်။ အကာအကွယ် သုံးရမယ်ဆိုတာမသိတော့ ဒီလိုပဲမွေးနေတာပေါ့။ ဘယ်လောက်ထိလည်းဆို ကျွန်တော်တို့အိမ်နားက မလှခင်ဆိုတဲ့ အမျိုးသမီးတစ်ယောက်ရှိတယ်။ သူ့ ကရင် နာမည်ကိုတော့ မေ့နေပြီ။

သူဆို ကျွန်တော်အခုလိုသာ အဲ့ဒီတုန်းက အဆက်အသွယ်ရှိခဲ့ရင် မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်မှာ သူကို ထည့်ထားပေးချင်တယ်။

ဘာလို့လည်းဆို မလှခင်ကိုကြည့်ရင် အမြဲ ဗိုက်တစ်လုံးမမထားရတယ်။ ဗိုက်တစ်လုံးဆိုတာ အနည်းဆုံး လေးငါးပိဿာရှိမှာပဲ၊ အဲ့ဒါကြီး အမြဲ မ,ထားရတာ နည်းတာ မှတ်လို့။ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်မှာဆို အနည်းဆုံး နည်းပြလောက်တော့ ထားသင့်တယ်။

အဲဒီတော့ အဲဒီလောက်များတဲ့ ကလေးတွေကို ထိန်းဖို့ဆိုတာ လွယ်လှတာတော့မဟုတ်ဘူး။ ဒီတော့ ကလေးတွေကို အန္တရာယ်ကင်းစွာ ထိန်းကျောင်းနိုင်အောင် ကျင်းကလေးတွေတူးပေးထားရတယ်။

အမိကကတော့ အထိန်းရအခက်ဆုံးအရွယ်ဖြစ်တဲ့ လေးဘက်သွားကနေ ထိုင်တတ်တဲ့အရွယ်ကလေးတွေအတွက် ပို



www.burmeseclassic.com

www.burmeseclassic.com


ရည်ရွယ်ပါတယ်။ ဘာလို့လဲဆိုတော့ အဲဒီအရွယ် ကလေးတွေက အရာရာကိုစူးစမ်းစိတ်ရှိတဲ့အတွက် ဟိုဟာလိုက်ဆွဲ ဒီဟာလိုက်ဆွဲ၊ ဆွဲတတ်လွဲတတ်လို့ပါပဲ။

မီးခဲကို ပူမှန်းမသိတဲ့အရွယ်။ ဓားကို ထိရှတတ်မှန်း မသိတဲ့အရွယ်ကိုး။ ဒါကြောင့် ထိုင်တတ်စအရွယ်အတွက် ကျင်းကလေးတွေ တူးပေးထားရပါတယ်။

တူးပေးတဲ့ကျင်းက သိပ်မကြီးပါဘူး။ တစ်တောင် ပတ်လည် အကျယ်တစ်တောင်ပတ်လည် အမြင့်ရှိတဲ့ကျင်းကလေးပေါ့။

မနက်မိုးလင်းတာနဲ့ မိခင်က အဲဒီကလေးကို သူ့အတွက် တူးပေးထားတဲ့ကျင်းကလေးထဲ ချထားခဲ့ပါတယ်။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com



သပ်သပ်ရပ်ရပ်လုပ်ထားတဲ့ကျင်းမို့ မြွေပါး ကင်းပါးလဲ ကင်းပါရဲ့။ ကလေးကို ကျွေးစရာရှိရင်၊ ကျွေးချိန်ကျရင် အဲဒီ ကျင်းကလေးထဲ ပန်းကန်ကလေးနဲ့ ချပေးတယ်။

မိခင်က လုပ်စရာရှိတာလုပ်ပေါ့။ အိမ်မှုကိစ္စ လုပ်စရာ ရှိတာလုပ်။ ဒါမှမဟုတ် ကျင်းထဲက ကလေးထက်ငယ်တဲ့ မွေး ထားတဲ့ကလေးကိုထိန်းပေါ့။ အဲဒီတုန်းက ဒီလို သားဆက်ခြားမယ် ဘာညာမသိတော့ မိန်းမများ ဘာဖြစ်မယ် မသိဘူး။ ခလုတ် တစ်ချက်ဆွဲ 'ဒိုင်းညောင့်' ဆို ကလေးတစ်ယောက် ထွက်ကျလာ တာကိုး။

အဲဒီတော့ကလေးက သူ့အတွက်ချပေးတဲ့ အစား အစာ သူ့ဘာသာသူ ကောက်စားတယ်။ မစားတတ်ရင် ပါးစပ်နဲ့ အပ်အေး တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ဘယ်သူမှမကြည့်ရင် ဂရုမစိုက်ရင် ငိုတယ်။ ကြိုက်တယ် မိဘကတော့ လှည့်မကြည့်အားပါဘူး။ သူ့ အလုပ်နဲ့သူ ရှုပ်တာကိုး။

ငိုလွန်းလို့ ကြာတဲ့အခါ သူ့အလိုလိုတိတ်ရရှာတယ်။ ငိုလွန်းလို့မောတဲ့အခါ သူ့အလိုလိုအိပ်ရရှာတယ်။

ဒီလိုနဲ့ နေ့စဉ်နှင့်အမျှ နံနက်မိုးလင်းတာနဲ့ ကျင်းထဲထည့် ညနေကျမှ ကျင်းလေးထဲကပြန်ယူထုတ် လုပ်နေရင်းကမှ ကျင်းထဲကကလေးဟာ ဒီကျင်းအပြင်မှာ ဘယ်သူတွေ ဘာလုပ်နေတယ်ဆိုတာကို အလိုလိုသိချင်လာတယ်။

ကျင်းအပြင်မှာအသံတွေကြားနေရပါလျက်

"ဟော နားထောင်ကြည့်စမ်း၊ ဒါကအစ်ကိုကြီး အသံ"

"ဒါအဖေ့အသံ၊ အဖေက အမေ့ကို ဘာတွေဆူနေလဲ မသိဘူး'

"ဒါကအမေ့အသံ'

စသည်ဖြင့် ကျင်းအပြင် ကမ္ဘာလောကကြီးမှာ ဘာတွေဖြစ်နေလဲဆိုတာ သူ့ဘာသာသူ သိချင်လာနေမိတယ်။

ကျင်းအပြင်မှာ ဘာတွေဖြစ်နေဆိုတာ သိရအောင် ကျင်းနံရံကို ကုတ်တက်ဖို့လိုတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ပဲ ကလေးဟာ ကျင်းထဲကနေ သူ့လက်သေးသေး လေးနဲ့ ကျင်းနံရံကို ကိုင်ကြည့်တယ်။

သူ့ခြေထောက်သေးသေးကလေးနဲ့ မတ်တပ်ရပ်ဖို့ ကြိုးစားတယ်။

ဘာကိုမှ ကောင်းမွန်စွာ မဆုပ်ကိုင်ဘူးတဲ့ကလေး၊ ဘယ်တုန်းကမှ ကိုယ့်ခြေထောက်ပေါ် မရပ်တည်ဘူးတဲ့ ကလေးက ခြေလက်ဘယ်မြဲပါ့မလဲ။ မကြာခဏပြုတ်ကျတော့ တာပေါ့။

ပြုတ်ကျတဲ့အခါတိုင်း နာကျင်မှုတော့ ရှိတာပေါ့။ နာတော့ ကလေးပဲငိုတာပေါ့။ ကလေးပဲ နာတော့ငိုမှာပေါ့။

ငိုတော့လည်း သူ့ကို ချော့မယ့်လူမှမရှိတာ။ မိဘများက တော့ သူ့အလုပ်နဲ့သူ အားမှမအားတာ။ အဖေက တောသွားရဲ့၊ အမေက အိမ်မှုကိစ္စများနဲ့ဗျာများနေရဲ့။

အကြီးကောင် ကျောင်းပို့ရတာတစ်မျိုး၊ အလတ်ကောင် ရေချိုးဖို့ လိုက်ဖမ်းရတာကတစ်မျိုး၊ အငယ်ကောင် ဂေါ်လီမျိုချလို့ ပြန်ထုတ်ရတာတစ်မျိုးနဲ့ သူ့အလှည့် ဘယ်ရောက်နိုင်ပါ့မလဲ။

ကလေးဆိုတာ ဆာလို့ ငိုတာနဲ့၊ နာလို့ငိုတာဆိုတာ သူတို့ သိပါတယ်။ ဒါပေမယ့် လှည့်မကြည့်နိုင်ပါဘူး။

ဒီလိုပါပဲ။ တိုင်းပြည်တစ်ပြည်ဟာ ကျင်းတစ်ခုခဲ့ ဆိုပါ

www.burmeseclassic.com

www.burmeseclassic.com



တော့။ အဲဒီကျင်းထဲမှာရှိတဲ့ ပြည်သူတွေ ငိုတာ၊ နာလို့ ငိုတာနဲ့ ဆာလို့ငိုတာပဲ ရှိပါတယ်။

ဘာကြောင့် ဆာရသလဲ၊ ဘာကြောင့် နာရသလဲ။ မိဘက အငတ်ထားလို့ ဆာရတာလား၊ မိဘက နှိပ်စက်လို့ နာရတာလား။ ဒါတွေကို မိဘလုပ်သူများက သိကို သိသင့်ပါတယ်။ သားသမီးတွေ ငိုနေတာ ထိုင်ကြည့်နေရက်တာ မိဘကောင်းမှ မဟုတ်တာ။

အခု ကျွန်တော်ပြောတဲ့ ကျင်းထဲက ကလေးက ဆာလို့ ငိုတာမဟုတ်။ မိဘက စားလိုရာကို အပြည့်အဝ ကျွေးထားတဲ့ အတွက် သူ့ခမျာ ဆာစရာအကြောင်းမှ မရှိတာ။ ဒါဆို ဘာလို့ ငိုတာလဲ။

"နာလို့ ငိုတာ"

ဘာကြောင့် နာရသလဲ။ မိဘကများ နှိပ်စက်လို့၊ ပတ်ဝန်းကျင်က ပစ်ပယ်လို့ဆိုပြီး ငိုတာမဟုတ်ရပါ။ သူ့ဘာသာသူ ကြီးစားရင်း မဖြစ်မြောက်သေးတဲ့အတွက် နာလို့ ငိုရှာတာ။ သူ့ရဲ့ အနုပညာတစ်ခုအတွက် နာလို့ ငိုရှာတယ်။ အဲဒါဟာ ဘာ အနုပညာခေါ်သလဲ။

"မတ်တပ်ရပ်ခြင်းအနုပညာ"

ကလေးငယ်ဟာ သူ့ခြေထောက်ပေါ် သူရပ်နိုင်ဖို့ ကြိုးစား

www.burmeseclassic.com

www.burmeseclassic.com



ပြီလေ။

သူ့လက်ကလေးသေးသေးကလေးနဲ့ ကျင်းနံရံကို ကုပ်ထားပါတယ်။ သူ့ခြေထောက်သေးသေးကလေးနဲ့ သူ့ခန္ဓာ ကိုယ်ကို ထိန်းနိုင်ဖို့ ဟန်ချက်ညှိပါတယ်။ ဒါပေမယ့် သူဟာ အဲဒီအနုပညာကို မပိုင်နိုင်တော့ မကြာခဏ ပြုလဲ၊ ပြုတ်ကျပါတယ်။ ပြုတ်ကျတဲ့အခါတိုင်း ငိုမိပါတယ်။ ဘာကြောင့်လဲ။

"နာလို့"

နာလို့ ငိုတာပေ့ါ။

သူငိုတော့လဲ သူ့ကို ချော့တဲ့သူက ရှိပါ့မလား။ အဖေကတော့ တောထဲသွားလို့ ကြားတောင် မကြားနိုင် ပါဘူး။ အမေက အိမ်မှုကိစ္စတွေနဲ့ အလုပ်ရှုပ်နေလို့ ချော့မြူဖို့ မအားဘဲကို။

ငိုလွန်းလို့ ကြာတဲ့အခါ သူ့ဘာသာသူ တိတ်ရရှာတယ်။ ငိုလွန်းလို့ မောတဲ့အခါ သူ့ဟာသူ အိပ်ရရှာပြန်ပါတယ်။

အသိစိတ် ပြန်ဝင်တဲ့အခါ

"ဟော ကြည့်စမ်း။ ကျင်းအပြင်မှာ အသံတွေ ကြားပြန်ပြီ။ အမေဘာလုပ်နေပါလိမ့်။ အဖေရော ရှိရဲ့လား။ အစ်ကိုကြီးရော ကျောင်းက ပြန်ပလား"

သိချင်စိတ် ပြန်ဖြစ်တယ်။ ဒီတော့ ခုနက နာကျင်မှုတွေ

www.burmeseclassic.com

www.burmeseclassic.com



မေ့ပျောက်ပြီး ကျင်းနံ့ရဲကို သူ့လက်သေးသေးလေးနဲ့ ကိုင်တယ်။ သူ့ခြေထောက်သေးသေးလေးနဲ့ ခန္ဓာကိုယ်ကို ထိန်းညှိတယ်။

ခန္ဓာကိုယ်ကိုတော့ မခံနိုင်တော့ ပြုတ်ကျတယ်။ ပြန်ထတယ်။

ပြုတ်ကျတယ်။ ပြန်ထတယ်။

ဒီလိုနဲ့ပဲ ကလေးငယ်ဟာ ပြုတ်ကျလိုက် ပြန်ထလိုက် လုပ်ရင်း ကြိမ်ဖန်များစွာ ကြိုးစားပါတယ်။ ပြုတ်ကျတယ်။ နာကျင်ပါတယ်။ ငိုပါတယ်။ ဒါပေမယ့် ပြန်ထပါတယ်။

သူ့လက်သေးသေးလေးနဲ့ ကျင်းနံ့ရဲကို ကိုင်ထားနိုင်ပါပြီ။ သူ့ခြေထောက်က သူ့ခန္ဓာကိုယ်ကို ထိန်းညှိနိုင်သွားပါပြီ။ ဘာလို့လဲဆိုတော့ သူက

"သူဟာ မတ်တပ်ရပ်ခြင်း အနုပညာကို သင်ယူ တတ်မြောက်သွားပါပြီ"

ဒီတော့ ကလေးဟာ မတ်တပ်ရပ်ခြင်းအနုပညာကို ကျွမ်းကျင်ပိုင်နိုင်သွားပါပြီ။ သူ့ခြေထောက်ပေါ် သူ ရပ်နိုင်သွားပါပြီ။ သူ့လက်သေးသေးကလေးက ကျင်းနံ့ရဲကို ကိုင်ရင်း ခန္ဓာကိုယ်ကို မလဲပြိုအောင် ထိန်းညှိနိုင်ပါပြီ။

"လဲရင် ပြန်ထတဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဒီစကား နေ့စဉ်သုံးဘာသာစကားလို အသုံးပြုနေကြပါတယ်။ ဒါပေမယ့် ဘယ်နှယောက်ကများ လိုက်နာနိုင်ကြလဲ။

လဲကျပြီး ပြန်မထတဲ့သူတွေ ဘယ်လောက်များပြီလဲ။

ဘာလို့ မထရတာလဲ။ ထချင်စိတ်မရှိလို့ မထတာပါပဲ။

စာမေးပွဲကျတယ် ဘာလို့ ကျလဲ။

အောင်ချင်စိတ်မရှိလို့ ကျတာပါပဲ။

လူ့ဘဝ ရှင်သန်ခြင်းဟာ ရိုးရှင်းပါတယ်။

ဘာမှ အသိမကြွယ်သေးတဲ့ ကလေးတစ်ယောက် ကတောင် လဲရင် ပြန်ထရမှန်း သိခဲ့ပါတယ်။ ကိုယ်တိုင်လဲ ငယ်စဉ်က လဲရင်ပြန်ထခဲ့ပါတယ်။ ဒါပေမယ့် အသက်အရွယ်ကြီးလာတဲ့အခါ ဘာလို့ ပြန်မထချင်ကြတော့တာလဲ။

ရိုးရှင်းပါတယ်။

မထချင်လို့ မထတော့တာပေါ့။

ကဲ အခု ကျွန်တော်ပြောပြနေတဲ့ ကျင်းထဲက ကလေးဟာ ဘယ်သူထူလို့လဲ။ ဘယ်သူမှ မထူပေးပါဘူး။ ဘယ်သူကမှ မဖေးမ ပေးပါဘူး။ ဒါပေမယ့် သူ့ဦးနှောက် သေးသေးကလေးက အသိစိတ်သေးသေးကလေးနဲ့

လဲကျတယ်။ နာတယ်။ ငိုတယ်။ ဒါပေမယ့် သူဟာ ပြန်

www.burmeseclassic.com

www.burmeseclassic.com



ထရမှန်းသိပါတယ်။

ပြန်ထရမှန်းမသိတာ ဘယ်သူတွေလဲ။

ဦးနှောက်ကြီးပါတယ်ဆိုတဲ့ လူကြီးတွေ ပြန်မထတာပါ။

ဆိုပါတော့။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ပြောတဲ့ ကျင်းထဲက ကလေးဟာ သူ့ လက်သေးသေးကလေးနဲ့ ကျင်းနံရံကို ကိုင်နိုင်ပါပြီ။ သူ့ ခြေထောက်ပေါ် သူရပ်နေနိုင်ပါပြီ။ တစ်တောင်လောက်ပဲရှိတဲ့ ကျင်းကလေးမို့ သူ့ ခေါင်းကလေးက ကျင်းနံရံပေါ်ကနေ ပေါ်နေပါပြီ။

ဒီတစ်ခါ သူ့အဖေက ဘယ်သွားတယ်။ သူ့အမေက ဘာလုပ်တယ်။ သူ့အစ်ကိုက ကျောင်းစိမ်းကလေးနဲ့ ကျောင်းသွားပါပြီ။ သူ့အရင် ကျင်းအပြင်ရောက်နေတဲ့ အစ်ကိုလတ်က ဘယ်လို ကမြင်းနေတယ်ဆိုတာ သူအားလုံးကို မြင်တွေ့နေရပါပြီ။

ဒီမှာတင် သူ ကျေနပ်နိုင်မှာလား။

မကျေနပ်နိုင်ပါဘူး။ ဘာလို့လဲ။

သူလဲ အများနည်းတူ ကမ္ဘာလောကကြီးပေါ် လွတ်လပ်စွာ လမ်းလျှောက်သွားချင်လို့။

www.burmeseclassic.com

www.burmeseclassic.com



မှန်ပါတယ်။ သူ့လို ကျင်းထဲမှာမဟုတ်ဘဲ ကမ္ဘာလောကကြီးပေါ် လွတ်လပ်စွာ လှုပ်ရှားနေကြသူတွေကို သူမြင်ပြီ။

သူ ကျင်းထဲမှာ မတ်တပ်ရပ်ပြီး ငေးကြည့်ရုံလောက်နဲ့ပဲ ကျေနပ်ပါ့မလား။ မကျေနပ်နိုင်တော့ပါဘူး။

ဘာကြောင့်လဲ။

အမျှားနည်းတူ ကမ္ဘာလောကကြီးကို ခြေချချင်လို့ပေါ့။

ဘာကြောင့်လဲ။

အမျှားနည်းတူ ကမ္ဘာလောကကြီးမှာ လေ့လာစရာ တွေ လေ့လာချင်လို့ပေါ့။

ဒီတော့ သူ့လက်သေးသေးကလေးနဲ့ ကျင်းနံရံကို မြဲမြဲအောင်ကိုင် သူ့ခြေထောက်သေးသေးကလေးတစ်ဖက်နဲ့ ကျင်းပေါ် ကျော်တက်ရတော့တာပေါ့။ ခြေထောက်က မခိုင်၊ ခန္ဓာကိုယ်ကို မထိန်းနိုင်တော့ မကြာခဏ လဲပြိုကျရပြန်တယ်။

ဒီတစ်ခါကျတော့ ပိုလို့ နာတာပေါ့။ ဒါပေမယ့် ငိုကြွေးခြင်းနဲ့ အသားကျနေတဲ့ ကလေးက ငိုတော့လဲခဏပါပဲ။ ချော့မယ့် ကယ်မယ့်သူမရှိလေတော့ သူ့ဟာသူ အငိုတိတ်ပြီး ကျင်းနံရံကို ပြန်တွယ်တက်ဖို့ ကြိုးစားပြန်ပါတယ်။

ကျင်းကလေးက သေးတယ်ဆိုပေမယ့် သူ့ပခုံးငွေးနီးပါး

www.burmeseclassic.com

www.burmeseclassic.com



ရှိနေတာ့ ဘယ်လွယ်ပါ့မလဲ။ အသိဉာဏ်ကလေး ဖွံ့ဖြိုးစ ဆိုပေမယ့် ခန္ဓာကိုယ်က လိုရာဘယ်ရနိုင်ပါ့မလဲ။

ဒါကြောင့် ကျင်းနံ့ရံကို ကုပ်ကပ်တက်ရင်း မကြာခဏ ကျင်းထဲကိုပဲ ပြန်ပြီးလဲပြိုကျရတာပေါ့။

လဲကျရင် ပြန်ထရမှာသိတဲ့ကလေးက သူ့ဟာသူ ပြန်ထတယ်။ ပြီးတော့ ကျင်းနံ့ရံကို ပြန်ကုပ်တက်ရရှာတယ်။ ဘာလို့များ ပါလိမ့်။

ကမ္ဘာမြေပေါ်မှာ သင်ယူစရာ၊ ရစရာတွေ အများကြီး ရှိတာ သူသိတာကိုး။

ဆိုကြပါတော့. . .

ကလေးငယ်တစ်ယောက်ကတောင် ချထားပေးတဲ့ ကျင်းကလေးက လွန်မြောက်အောင် တက်ရကောင်းမှန်းသိရင် အသိဉာဏ်ဖွံ့ဖြိုးနေတဲ့ လူကြီးတွေက ကျင်းထဲကနေ လွတ်မြောက်ဖို့ ဘာကြောင့် မကြိုးစားချင်ကြတာလဲ။

အလုပ်မရှိတဲ့ကျင်း၊ စပယ်ယာ ဒရိုင်ဘာဆိုတဲ့ကျင်း၊ ဝန်ထမ်းဆိုတဲ့ကျင်း၊ ဆင်းရဲသားဆိုတဲ့ ကျင်း၊ ဆင်းရဲတွင်း ဆိုတဲ့ကျင်း၊ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံဆိုတဲ့ ကျင်း။ ဒီကျင်းထဲက လွတ်မြောက်ဖို့ ဘာလို့ မကြိုးစားမိကြတာလဲ။

www.burmeseclassic.com

www.burmeseclassic.com



တချို့လူကြီးများကတော့ ချပေးထားတဲ့ ကျင်း မနက်လို့ ကိုယ်တိုင်ထရပ်ပြီး ချကျွေးတာစား၊ ချမကျွေးလဲ တောင်းစား၊ တောင်းစားမရ ငိုစား၊ ဒီလိုနဲ့ ငိုစား ရယ်စားနဲ့ သာယာနေလိုက်ကြတာ။

ကိုယ် ရထားတဲ့ ကျင်းကလေးထဲမှာ ကိုယ်တစ်ယောက်တည်း ကိုယ့်မိသားစုတစ်ခုထဲ သာယာရင်ပြီးရော ဆိုပြီး ကျင်းထဲမှာ ခေါင်းမော့နေသူကလဲ ဒုနဲ့ ဒေးပေါ့။

ကိုယ့်မိသားစုကြီး၊ ကိုယ့်တိုင်းပြည်ကြီး ကျင်းထဲရောက်နေတာတောင် ခေါင်းလေးမော့ပြီး "ကယ်ပါ ယူပါ" အော်ဟစ်ပြီး တောင်းသူတွေကလဲ တောင်းပေါ့။ အောင်မာ ကိုယ့်ကျင်းက ကိုယ်တိုင်တူးထားတာထင်တာထက် ပိုနက်နေလို့ အမြင့်က ကျခဲ့ရင် ဘာမှမမြင်ရတော့တာနဲ့ သူများကို ချနင်းပြီး "ကျွန်တော်သနားပါတယ်"ဆိုပြီး အော်တဲ့သူကလဲ အော်ပေါ့။ အော်သာအော်တာ အောင်မာ ခေါင်းပေါင်းတလူလူနဲ့။

ဘာလို့များ ကျင်းနံရံကို ကျော်မတတ်တာလဲ။

မတက်ချင်လို့ မတက်တာပေါ့။

ရှင်းရှင်းလေးပါပဲ။

အခု ကျွန်တော်ပြောနေတဲ့ ကလေးက ဦးနှောက်ရော

www.burmeseclassic.com

www.burmeseclassic.com



ခွန်အားပါ သိပ်မဖွံ့ဖြိုးတာပါ။ ဒါပေမယ့် ချထားပေးတဲ့ ဒီကျင်းနံ့ရဲ့ကို ကျော်တက်ရမယ်ဆိုတာကို သူသိပါတယ်။

ကျင်းနံ့ရဲ့ကို သူ့လက်သေးသေးကလေးနဲ့ ကုပ်တွယ်ထားတယ်။ သူ့ခြေတစ်ဖက်နဲ့ ကျင်းနံ့ရဲ့ကို ရအောင် ကျော်တယ်။ ပြုတ်ကျတယ်။ ပြန်ထတယ်။ ပြုတ်ကျတယ်။ ပြန်ထတယ်။

ဒီလိုနဲ့ပဲ တစ်နေ့မှာတော့ အဲဒီကလေးငယ်ဟာ ကျင်းနံ့ရဲ့ကို ကျော်တက်နိုင်သွားပါပြီ။

သူဟာ အများနည်းတူ ကမ္ဘာလောကကြီးကို ခြေချခွင့် ရသွားပါပြီ။

ကမ္ဘာလောကကို ခြေချခွင့်ရတာနဲ့အတူ၊ သူ့မှာ ရွေးချယ်စရာအများကြီးရှိသွားပါပြီ။ ဥပမာ . . . သူ့အဖေလိုပဲ တောင်ယာခုတ်မလား၊ သူ့အမေလို အိမ်မှုကိစ္စ ထိန်းသိမ်းမလား၊ သူ့အစ်ကိုကြီးလို စာသင်ကျောင်းသွားမလား၊ သူ့အစ်ကိုလတ်လို အဆော့မက်မလား . . .

သူ့မှာ အနည်းငယ်ဖွံ့ဖြိုးတဲ့ ဦးနှောက်ရှိသလို၊ သူ့မှာ သန်မာတဲ့ ခြေနှစ်ဖက်လက်နှစ်ဖက်ရှိနေပါပြီ။

ဒါကြောင့် သူ့မှာ ရွေးချယ်စရာအများကြီး ရှိနေပါပြီ။

ဂုဏ်ယူစရာကောင်းတာက သူဟာ ကျင်းကလေးထဲက

www.burmeseclassic.com

www.burmeseclassic.com



ကျော်တက်နိုင်ခဲ့ပါပြီ။

ဒီလိုပါပဲ.....

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



ကလေးငယ်လေးတစ်ယောက်ကတောင် ကျင်းကလေးတစ်ကျင်းထဲကနေ သူ့ခွန်သူ့အား သူ့ဉာဏ်ရည်ဉာဏ်သွေးနဲ့ ကျော်တက်နိုင်ရင် ကျွန်တော်တို့ကရော ဘာလို့ ဒီကျင်းကလေးထဲကနေ မကျော်တက်နိုင်ရမှာလဲ။

ဆိုက်ကားသမားဆိုတဲ့ကျင်း၊ လမ်းဘေးဈေးသည် ဆိုတဲ့ကျင်း၊ လူယုတ်မာဆိုတဲ့ကျင်း၊ ပြည်သူ့ချဉ်ဖတ်ဆိုတဲ့ ကျင်း ဒီလိုကျင်းတွေကနေ ဘာလို့မတက်လှမ်းနိုင်ကြတာလဲ။

ငါဒီကျင်းထဲမှာဒီလိုနေမှ၊ ဒီလိုလုပ်မှ၊ ထမင်း နပ်မှန်မယ်၊ ငါချမ်းသာမယ်၊ ဘယ်သူ့ကိုမှ ဂရုစိုက်စရာမလိုဘူးဆိုတဲ့ အတွေးမျိုး ခေါင်းထဲကထုတ်ကြပါ။

ကျင်းနံရံကို ကျော်လိုက်ပါ။ ကမ္ဘာလောကမှာ ရွေးချယ်စရာ အများကြီးရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ခြေလက်ကို ခိုင်ခိုင်ထားပါ။ ခေါင်းကိုမော့ထားပါ။

ကဲ. . . ကျွန်တော်တို့ ကျင်းပေါ်တက်လာတဲ့ ကလေး တစ်ယောက်နဲ့အတူ လမ်းလျှောက်ကြည့်ရအောင်လားဗျာ. . . .

× × × × ×

[redacted]

www.burmeseclassic.com

www.burmeseclassic.com



နယ်မြို့လေးတွေသွားတဲ့အခါတိုင်း ဆိုင်ကယ်တွေ တဝီဝီ တွေ့ရင် ကျွန်တော်အစ်မ မချောကိုပြေးပြေးမြင်မိတယ်၊ ကျောက်သင်ပုန်းတွေမိုးထားတဲ့ အိမ်ထဲက မချောလေ။

အမှန်တော့ မချောက ဆိုင်ကယ်မောင်း သိပ်ကျွမ်းကျင်တာ၊ အဖြောင့်သာမောင်းလို့ကတော့ သူ့လောက်မြန်မြန်မောင်းနိုင်တဲ့သူ ခပ်ရှားရှားရယ်။ ဒါပေမဲ့ ခက်တာက သူက ဆိုင်ကယ်ကို မကွေ့တတ်ဘူး။

ကွေ့တာနဲ့ တိုက်တာပဲ။

တစ်ခါကလည်း သူ့အိမ်ကနေ ဆိုင်ကယ်စီးပြီး ထွက်သွားတယ်။ ပြန်လာတော့ သူ့ဆိုင်ကယ် မှန်ထောင်မှာ ကရင် လုံချည်တစ်ထည် လွင့်လွင့်လွင့်လွင့်နဲ့ ပါလာတယ်။ ဒါနဲ့ မေးကြည့်တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



"အစ်မ၊ ဒီလုံချည်ကြီး ဆိုင်ကယ်မှန်ထောင်မှာ ဘယ်လို ပါလာလဲ" ဆိုတော့ မချော မျက်မှောင်ကျုံ့ပြီး. . . .

"အေး၊ ငါလည်းမသိဘူး။ ဟိုဈေးဒေါင့်မှာ ငါ ဆိုင်ကယ် ကွေ့လိုက်တော့ အရှေ့ကစက်ဘီးသမားကို တိုက်မိမလို ဖြစ်ပြီး ဒီလုံချည်ကြီးပါလာတာပဲ"

"ဟင်၊ ဒါဆိုစက်ဘီးရော လဲသွားသေးလား"

ဆိုတော့ မချောက ခေါင်းခါတယ်။

"ဟင့်အင်း၊ စက်ဘီးတော့မလဲဘူး၊ ဒီလုံချည်ပဲ ပါလာ တာ"

ကဲ. . . စက်ဘီးပေါ်ကလူ၊ စက်ဘီးမလဲဘဲ လုံချည်ကြီးပဲ ကျွတ်ပါအောင်တိုက်ဖို့ဆိုတာ တော်ရုံစကေးနဲ့ဆိုမရဘူး၊ အတော် တိကျမှုကို ဖြစ်မှာ။

စဉ်းစားကြည့်တယ် ဟိုကလည်း မချောရဲ့ ဆိုင်ကယ်ကွေ့ လို့ လှမ်းအခုန်၊ ဖင်ထိုင်ခုံကနေဖင်အကြွမှာ အမိအရတိုက်မှ ကျွတ်ပါလာတာမျိုး။ ဒါကြောင့်ပြောတာ တော်ရုံ စကေးနဲ့တော့ မရဘူး။

ဒါနဲ့ ဆက်မေးတာပေါ့။

"မချော၊ ဒါဆို အဲဒီစက်ဘီးသမား ဘယ်လိုဖြစ်သွားသေး

www.burmeseclassic.com

www.burmeseclassic.com


လဲ”

မချော မျက်မှောင်ကျုံ့တယ်။ ခပ်တည်တည်ပဲ၊ မရယ်ဘူး။

“ငါလည်းမသိပါဘူး၊ လှည့်လည်း မကြည့်ပါဘူး၊ စက်ဘီး ပစ်ချပြီး ခြံတံခါးတိုင်ပြေးဖက်နေတာ မြင်တာပဲ”

ဩော်. . သူ့ခမျာလည်း လုံချည်မှမရှိတော့တာ၊ ခြံတံခါး တိုင် ပြေးဖက်မနေရင် ဘယ့်နှယ့်နေရမှာလဲ။

မချောက ဆိုင်ကယ်ကွေ့တဲ့အခါ အဲဒီလို စကေးကိုက်ကို ကျွမ်းကျင်တာ။

ရွာမှာ မချောနဲ့ဆိုင်ကယ်ကို မြင်လို့ကတော့ ရွာထဲ သူပုန် ဝင်တာကျနေတာပဲ။ တစ်ယောက်မှ တုတ်တုတ်မလှုပ်ရဲဘူး။

တံခါးကိုပိတ်နေရတာ။

တစ်ခါတစ်ခါ အခန့်မသင့်ရင် သူ့ဆိုင်ကယ်က အိမ်ပေါ် တက်တက်သွားတတ်တာကိုး. . . . .။

အဲဒီလိုပဲ ဆိုင်ကယ်နဲ့အဖြစ်အပျက် ကျွန်တော့် ဘကြီး ကတုန်ကရင်ကြီးမှာလည်း ရှိခဲ့ဖူးတယ်။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



သူတို့ခေတ်ကတော့ ဆိုင်ကယ်ဆိုတာ ဘီအက်စ်အေတို့ ဘန်လီတို့လောက်သာ ရှိတာပေါ့။

ဖြစ်ချင်တော့ ရွာမှာအဲဒီဘန်လီလို့ခေါ်တဲ့ (မြန်မာအခေါ် ဖောင့်ပြား)ဆိုင်ကယ်တစ်စီးရောက်လာတယ်။

ဆိုင်ကယ်ကအစကတည်းကအစုတ်၊ အစုတ်ဘဝနဲ့စုတေနေတာ အတော်ကြာပြီးမှ ရွာက ဆွေမျိုးနီးစပ် တစ်ယောက်က မီးရှို့အသက်သွင်းလိုက်ရာက ဖုတ်သွင်းဆိုင်ကယ်ဘဝနဲ့ ဖုတ်လှိုက်ဖုတ်လှိုက်ဘဝ ရောက်ခဲ့ရရှာပြီ။ ဆိုင်ကယ်ရဲ့ ထူးခြားချက်တွေပြောရမယ်ဆိုရင် ဆိုင်ကယ်ရဲ့ မြန်နှုန်းက စရမှာပဲ။ အဲဒီဆိုင်ကယ်ကို အနောက်ကသာလိုက်စီးသွား။ သေးပေါက်ချင်တယ်ဆို ဆိုင်ကယ်ပေါ်က ခုန်ချ။ တစ်ဝပေါက်။ ပြီးရင် လမ်းဖြည်းဖြည်းပြန်လျှောက်လိုက်။ အေးဆေး မှီတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဆိုင်ကယ်ရဲ့အသံကတော့ ဆိုင်ကယ် စက်နိုးပြီဆိုယာနဲ့ အနည်းဆုံးတစ်မိုင်ပတ်ချာလည်က နားပိတ်ထားရတော့တာပါပဲ။

ဒီလိုဆို ဒီလိုဆိုင်ကယ်မျိုးကို ဘယ်လိုလူမျိုးတွေက ငှားစီးလဲ။

ရှင်းပါတယ်။ ကျွန်တော့်ဘကြီးပျောင်း ကတုန်ကရင်ပဲ ငှားစီးတာပေါ့။

ပြောရဦးမယ်။ ကျွန်တော့်ဘကြီးက လူသာငပျင်း။ အပြေးကျသိပ်မြန်တာပဲ။ ရွာနီးချုပ်စပ် ကျွန်တော့်ဘကြီးလို ပြေးနိုင်တဲ့သူ တစ်ယောက်မှမရှိဘူး။ အခုဒီဆိုင်ကယ်ပိုင်ရှင်တောင် ဘကြီးပျောင်းဆိုပြီး အထင်သေးပြီး အပြေးပြိုင်တာ။

လောင်းကြေးက ဘကြီးရှုံးရင် ဘကြီးရဲ့နွားတစ်ရှဉ်း လယ်ထွန်ဖို့ အလကားငှားပေးရမယ်။ သူရှုံးရင် ဘကြီး သွားချင်သမျှနေရာ ဆိုင်ကယ်နဲ့ တစ်လတိတိအလကား လိုက်ပို့ပေးရမယ်။

ဘယ်. . . ပြိုင်တော့ ဝါးတစ်ကိုက်လောက်ကွာတယ်။ ဒါတောင် ဘကြီးချိုပြေးထားလို့။ ဒါကို ဆိုင်ကယ်သမားက စိတ်မှတ်မရှိဘူး။ လတိုင်းပြိုင်တယ်။ လတိုင်း ဝါးတစ်ရိုက်အကွာ ရှုံးတယ်။ ဒီတော့ ဘကြီး လတိုင်း ဆိုင်ကယ်အလကားစီးရတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ဘကြီးလဲ လတိုင်း မြို့ကိုဆိုင်ကယ်နဲ့ တက်တော့တာပေါ့။

ရွာနဲ့မြို့ လေးငါးမိုင်ခရီးကို ဆိုင်ကယ်နဲ့သွားရင် မနက်သွား ညနေရောက်ပဲ အေးဆေးပဲ။ တစ်ညနေ သောက်စားမူးယစ်။ လုပ်စရာရှိတာလုပ်။ နောက်တစ်နေ့မနက် ရွာပြန်ရောက်။ ဒါပဲ။ သာသာယာယာပဲ။

လမ်းဆိုးတာလဲ ပါတာပေါ့။

သူတို့မြို့ကိုတက်ရင် ဥပုသ်နေ့ကိုမှ ရွေးတက်ကြတယ်။ ဘာလို့ဥပုသ်နေ့ရွေးတက်လဲဆိုရင် အဲဒီတုန်းက ကျွန်တော်တို့နေတဲ့နေရာလေးက အနက်ရောင်နယ်မြေကိုး။ (အခုတော့ အညိုရင့်လောက်ဖြစ်ပြီပေါ့) ကျန်တဲ့နေ့တွေဆို လမ်းမှာ ခားပြထွက်တိုက်တတ်တယ်။ ဒါပေမယ့် ဥပုသ်နေ့ဆို မတိုက်ဘူး။ ဘာလို့လဲဆိုတော့ ဥပုသ်နေ့ဆိုရွာသားတွေက ဘုန်းကြီးကျောင်း ဘုရားအပြင်ဘယ်မှမသွားဘူးလေ။ ဒါကြောင့် ခားပြတွေလဲ တိုက်စရာလူမရှိတော့ အဲဒီနေ့ဆို နားဒေးပေါ့။

အဲဒါကိုအခွင့်ကောင်းယူပြီး ဘကြီးကဥပုသ်နေ့ဆို ဆိုင်ကယ်နဲ့ မြို့တက်ပြီ။

မြို့တက်တာတောင် ရိုးရိုးတက်တာမဟုတ်ဘူး။ ဆိုင်ကယ်

www.burmeseclassic.com

www.burmeseclassic.com



တို့ရွာထိပ်ထိ တွန်းရသေးတာ။ ဘာလို့လဲဆိုတော့ မနက် ဝေလီဝေလင်းဆို ရွာသားတွေ တရားနာကြတာကိုး။ တစ်ခါက အဲဒီအချိန် အဲဒီနေ့မှာ ဆိုင်ကယ်စက်နှိုးမိတာ ဘုန်းကြီးလိုက်ရိုက်လို့ ခွေးပြေးဝက်ပြေးပြေးရပြီးပြီ။ ဒါကြောင့် တရားပွဲလဲ အနှောင့်အယှက်မဖြစ်အောင် ရွာထိပ်ကို နှစ်ယောက်သား ဆိုင်ကယ်တွန်းပြီး ရွာကမကြားနိုင်တဲ့နေရာရောက်မှ ဆိုင်ကယ်စက်ကိုနှိုးပြီး ဒိုးရတာ။

သိတဲ့အတိုင်း ဆိုင်ကယ်ကတဖုတ်ဖုတ်နဲ့ လှုပ်တုပ်ကုပ်ပေါ့။ ဘကြီးက ထိုင်ရပျင်းရင် သေးဆင်းပေါက်လိုက် ပြန်တက်လိုက်။ ရွာစမ်းချောင်းမှာမြူးတောင် ဆင်းထောင်သေးတာ။ အပြန်ကျ ပြန်ဖော်ဖို့လေ။ ဒီလိုနဲ့ တောတွင်း တစ်နေရာ ရောက်တော့. . .

"ဟိတ်ကောင်တွေ ရပ်စမ်း"

ကြည့်လိုက်တော့ ဓားပြတွေ။ တူမီးတွေနဲ့. . .

ဘကြီးလဲအံ့အားသင့်သွားပြီး. . .

"ဟင်. . . ဓားပြတွေပါလား"

ဓားပြတွေ စိတ်ဆိုးပြီး. . .

"အေး. . . ဓားပြတွေကွ၊ ဓားပြတွေ၊ ခုချက်ချင်း ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



ကယ်ပေါ်က ဆင်းစမ်း”

သူတို့ကခပ်လှမ်းလှမ်းကအော်တာ။ ဘကြီးလဲ မျက်လုံးကလေးပြူးပြီး. . .

“ဟင် ဥပုသ်နေ့ကြီး ဓားပြမတိုက်ကောင်းဘူးလေ”

ဆိုတော့ ဟိုကဒေါသထွက်ပြီး

“အေး. . . ငါတို့လဲဥပုသ်နေ့မှာ ဓားပြမတိုက်ဘူးလို့နေတာ. . . မင်းတို့ဆိုင်ကယ် သောက်စက်သံကြားပြီး တရားမရ ဒေါသပုန်ထပြီး ဓားပြထွက်တိုက်တာရှင်းပလား”

“ဩော်. . . ဒီလိုလား”

ဘကြီးရှင်းသွားတယ်။ ဟုတ်တယ်။ ဓားပြတွေလဲ ပုထုဇဉ်တွေပဲ ဥပုသ်နေ့မှာမကောင်းမှုလုပ်ခဲ့သမျှ တရားမွေ့နဲ့ ချေဖျက်ချင်တာပေါ့။ အခုတော့ ဒီဆိုင်ကယ်စုတ် စက်သံနဲ့ အာရုံငါးပါးထွေပြားပြီး တရားမရနိုင်တော့ဘဲ ချထားတဲ့ဓားဆွဲပြီး “ငါဟဲ့ ဓားပြ”ဆိုတဲ့ဂိုဏ်ကြွရစ်တော့တာပေါ့။

ဘကြီးက ခပ်တည်တည်ပဲ။ မရယ်ဘူး။ ဆိုင်ကယ်ပေါ်က အသာဆင်းပြီး. .

“ဒီမှာ၊ မင်းတို့ ငါ့ကိုဓားပြတိုက်ရင် နောင်တရမှာနော်”

“အောင်မာ နောင်တရ ရအောင် မင်းက ဘာကောင်မို့

www.burmeseclassic.com

www.burmeseclassic.com



လို့လဲ”

“ငါက ဘာကောင်လဲဟုတ်လား”

ဆိုပြီး ခါးတောင်းကျိုက်လိုက်သေးတာ။ ခားပြတွေလဲ သေနတ်တွေမောင်းတင် ဓားတွေပြင်ပေါ့။ အဲဒီတော့မှ ဘကြီးက

“ငါဘာကောင်လဲသိချင်ရင် လိုက်ခဲ့ကြဟေး၊ လိုက်ခဲ့ကြ”

ဆိုပြီး လှစ်ခနဲ လှည့်ပြေးတာ။ အဲဒီတော့မှ ဓားပြတွေ သဘောပေါက်ပြီး

“ဟာ၊ ပြေးပြီဟ လိုက်လိုက်”

“ဟေးလိုက်ဟ မလွတ်စေနဲ့”

“ဒိုင်း ၊ ဒိုင်း”

ဘယ်ရမလဲ ရွာမှာအပြေးအမြန်ဆုံးသူပဲ။ တော်ရုံ ဘယ်မှီမလဲ. . .

ဒီလိုနဲ့ပြေးနေရင်းမသင်္ကာလို့ ကြည့်လိုက်တော့

“ဟင်”

သူ့ဘေးမှာ ကပ်ပါလာတဲ့သူတစ်ယောက်။ ကြည့်လိုက်တော့ သူမျက်လုံးပြူးသွားတယ်။

“ဟင်. . မင်း၊ မင်း”

ဟုတ်တယ်။ သူနဲ့ကပ်လျက်ပါလာတာက သူနဲ့ပြိုင်ဖက်

www.burmeseclassic.com

www.burmeseclassic.com


ဆိုင်ကယ်သမား။

ဆိုင်ကယ်သမား သူ့ခြေရည်မီလာတော့ အံ့အားသင့်သွား တယ်။ နိုင်နေကျလူဆိုတော့ ခြေလှမ်းကို ထပ်တင်လိုက်တယ်။

"ဟင်"

သူဘယ်လောင်တင်တင် ဟိုလူကပ်ပါနေတုန်း။ ထပ် တင် ကြည့်တယ်။ မရဘူး ကပ်ပါနေတုန်း။ ဒါနဲ့လန့်ပြီး

"ဟင်၊ ဟေ့ကောင် မင်းဘယ်လို ငါနဲ့ကပ်ပါနေတာလဲ"

ဒီတော့မှ ဟစိဟစိဖြစ်နေတဲ့ ဆိုင်ကယ်သမား ပြေးရင်း လွှားရင်းပဲ

"ကပ်မပါလို့ ဖြစ်မလားဗျ"

"ဘာလို့"

"ခင်ဗျားနဲ့ကျုပ်နဲ့က လုံချည်တစ်ကွင်းထဲ အတူ ပြေးနေ တာကိုးဗျ"

"ဟင်"

ပြေးရင်းငုံ့ကြည့်လိုက်တော့ ဟုတ်တယ်။ ပြေးရင်း လွှား ရင်း ကျွန်တော့်ဘကြီးလုံချည် ဘယ်နား ကျွတ်ကျန်ခဲ့မှန်း မသိဘူး။ ဒါနဲ့ကြောက်ကြောက်လန့်လန့်နဲ့ ဘယ်အချိန် ဟိုလူ့ လုံချည်ထဲ ခုန်ဝင်ပြီး ပြေးနေမိမှန်းမသိဘူး။

www.burmeseclassic.com

www.burmeseclassic.com



လုံချည်တစ်ကွင်းထဲဆိုတော့ ဟိုလူလဲ ကပ်မပါလို့ မဖြစ်ဘူးလေ။

"အား"

ဒီတော့မှ လန့်ပြီးအော်မိတယ်။ ဟုတ်တယ်လေ။ လုံချည်တစ်ကွင်းထဲ နှစ်ယောက်ပြေးနေရတော့ ဘယ်ခရီး တွင်ပါ့မလဲ။ ဒါနဲ့ပဲ လုံချည်တရားစီရင်ခန်း စရတော့တာပေါ့။

"ဟော့ကောင်၊ မင်းလုံချည်ချွတ်ပေး"

"အောင်မာ ဘာလို့ပေးရမှာလဲ ခင်ဗျားကပဲ ကျုပ်လုံချည်ထဲ ဝင်ပြေးသေးတယ်"

"ဒီတိုင်းဆို နှစ်ယောက်လုံး မိကုန်မှာဟ"

ဟုတ်တယ်။ ခွေးပြတွေကလဲနီးလာပြီလေ။

"မိလဲ ကျုပ်လုံချည်နဲ့ပဲ အမိခံမယ်။ လုံချည်ချွတ်နဲ့တော့ အသေမခံနိုင်ဘူး"

"မင်းလုံချည် မချွတ်ဖူးလား"

"ချွတ်ဘူး"

ဘယ်လိုမှ ပြောမှပြောမရတဲ့အဆုံး အရှက် အကြောက်ကြီးတဲ့ ကျွန်တော့်ဘကြီးကပဲ

"အင်းဟာ"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး လုံချည်ချွတ်ပြေးတာ။

ဖြစ်ချင်တော့ သူတို့လှည့်ပြေးတဲ့ဘက်မှာ ကုက္ကိုလ်ပင်ကြီး တစ်ပင်ရှိနေတာပါပဲ။ ဒီလိုနဲ့ လွတ်လိုလွတ်ငြား အဲ့ဒီ ကုက္ကိုလ်ပင်ကြီးပေါ် တက်ပြေးတာ မားပြတွေ လိုက်လာတော့ ဘာမြင်လဲ သိလား။

"ဟာ ဟိုမှာလုံချည်နဲ့ကောင် လုံချည်နဲ့ကောင် အဲ့ဒီကောင်ကိုပစ်ချ"

ဆိုပြီး ဆိုင်ကယ်သမားပဲ မြင်တာပေါ့။ ဘာမှမပါတဲ့ ကျွန်တော့်ဘကြီးကိုတော့ သစ်ကိုင်းခြောက်မှတ်ပြီး ဘယ်သူမှ မမြင်ဘူး။

"မလွတ်စေနဲ့ဟေ့"

"ဒိုင်း. . ဒိုင်း"

တူမီးတွေနဲ့ ပစ်တော့ ဆိုင်ကယ်သမားခမျာ မနေသာတော့ဘူး။

"အောင်မလေးဗျ"

အော်ပြီး ဆင်းပြေးရတော့တာပေါ့။

ကျွန်တော့်ဘကြီးကတော့ အေးဆေးပဲ သစ်ပင်ပေါ် ကပ်နေတာ။

www.burmeseclassic.com

www.burmeseclassic.com


ခားပြခေါင်းဆောင်က မြင်ပါရဲ့။

"ဟိုကောင် အေးဆေးပြန်ဆင်းခဲ့တော့။ လခွမ်းထဲမှပဲ ဘာမှမပါဘဲ မင်းကိုခားပြတိုက်နေလို့ ငါတို့က ဘာရမှာတုန်း။ ခွီးတဲ့မှ မောလိုက်တာ "

ဟုတ်တယ်လေ။ အကျီလုံချည်တောင်မပါတဲ့ဟာ ရှိသမျှ အမွေးနုတ်ပြီး ဆံပင်တု လုပ်ယူရမှာ။

ကျွန်တော် ဘကြီးကလည်း မခံဘူး ပက်ခနဲ ပြန်ပြောပစ်တာ။

"မင်းတို့ကို ငါပြောသားပဲ၊ ငါ့ကို ခားပြမတိုက်နဲ့ တိုက်ရင် နောင်တရလိမ့်မယ်လို့"

ခားပြတွေလည်း ချွေးတွေသုတ်ပြီး

"အေးပါကွာ နောင်တရပါပြီ။ လာလာ ပြန်ကြရအောင်"

ဆိုပြီး ဘကြီးက ကုက္ကိုလ်ပင်ပေါ်ကဆင်း၊ တစ်ယောက်ပခုံး တစ်ယောက်ဖက်ပြီး ပြန်လာကြတာ။

အဲ. . တစ်ခုတော့ရှိတာပေါ့လေ။ ဘာမှမရှိတဲ့သူကို ဘာမှမလုပ်ပေမဲ့ သူတို့ သောက်မြင်ကပ်တဲ့ ဆိုင်ကယ်ကိုကြ မီးရှို့လိုက်ကြတယ်။

တစ်ရွာလုံး သူတို့ကိုဒုက္ခပေးနေတဲ့ ခားပြတွေကို ကျေးဇူး


www.burmeseclassic.com

www.burmeseclassic.com


တင်တာ ဒီတစ်ခါပဲရှိတယ်။ တစ်ရွာလုံးကိုနှိပ်စက်နေတဲ့ အဲဒီဆိုင်ကယ်ကြီးကို မီးရှို့လိုက်လို့လေ ဆရာတော်တောင် မေတ္တာပို့ယူရတယ်။

× × × × ×

[redacted]

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုပဲ သူများတွေ ဆိုင်ကယ်တွေနဲ့ ကမြင်းနေကြချိန်မှာ ကျွန်တော်အဖေက ကျွန်တော့်ကိုမေးတယ်။

"သား၊ စက်ဘီးစီး သင်မလား"

ကျွန်တော်သုံးတန်းနှစ်လောက်မှာပါ။ အရမ်းကို ပျော်နေမိပါတယ်။ သူများတွေ အသီးသီး ဆိုင်ကယ်နဲ့ ကမြင်းနေချိန်မှာ တို့ယ့်မှာ စက်ဘီးလေးတောင် မစီးတတ်သေးဘူးဆိုတော့ စဉ်းစားသာကြည့် ။ ဒါနဲ့ ခပ်သွက်သွက်ပဲ

"ဟုတ် သင်မယ်ဖေဖေ"

အဖေက ကျွန်တော်ကိုအသေချာ ပြန်ကြည့်တယ်။

"သေချာရဲ့လား သေချာမှပြောနော်"

ကျွန်တော်ကလည်း စက်ဘီးစီးချင်နေတဲ့သူဆိုတော့

"ဟုတ်ကဲ့ သေချာတယ် ဖေဖေ"

www.burmeseclassic.com

www.burmeseclassic.com



"စက်ဘီးစီးသင်တဲ့အခါ လဲကျရင် ဒဏ်ရာတွေ ရမှာနော်။ ဒဏ်ရာရရင် မင်းခံနိုင်ပါ့မလား"

သူ့အမေးကို ကျွန်တော် အားတက်သရောပါပဲ. .

"ခံနိုင်ပါတယ် ဖေဖေ"

"သေချာရဲ့လား စက်ဘီးလဲရင် ဒူးတွေပြဲ တံတောင်တွေကွဲ အခန့်မသင့်ရင် ခေါင်းပါ ကွဲတတ်တယ်နော်"

"ရပါတယ် ဖေဖေ၊ ကျွန်တော်ခံနိုင်ပါတယ်"

"ဒါဆိုပြီးရော"

ဒါနဲ့ပဲ အဖေက အိမ်အောက်က စက်ဘီးကြီး ဆွဲထုတ်လာတယ်။ စက်ဘီးဆိုတာ ကျွန်တော်တို့ ရွယ်တူလူတွေ သိပါလိမ့်မယ်။ အခုခေတ် စက်ဘီးတွေလိုမဟုတ်ဘူး ထူထူ မြင့်မြင့်ကြီး လေးလေးကြီးတွေပါ။ မောင်ဗမာစက်ဘီးခေတ်ပေါ့။

အဲ့ဒီ စက်ဘီးကြီးက ကျွန်တော့် ပခုံးကျော်ပါတယ်။ အဖေက စက်ဘီးကို ဒေါက်ထောက်ပြီး ကျွန်တော့်ကို စက်ဘီးပေါ် တင်ပေးပါတယ်။

စက်ဘီးပေါ်ရောက်တာနဲ့ အဖေက စက်ဘီး ဒေါက်ကို ဖြုတ်၊ ကယ်ရီယာခုံပေါ် လက်တင်ပြီး

"သား ခြေနင်းကို တစ်ပတ်ချင်းနင်း။ ခါးကို လိမ့်မထားနဲ့



www.burmeseclassic.com

www.burmeseclassic.com



မတ်မတ်ထား လက်ကိုင်ကို ဖြောင့်အောင်ကိုင်ထား မျက်လုံးက အရှေ့တည့်တည့်ကိုကြည့် အရှေ့ကိုကြည့်ပါ သားရယ်”

အဖေက စက်ဘီးကယ်ရီယာခုံကိုကိုင် ကျွန်တော် နင်းသမျှ ပြေးလိုက်ပြီး တတွတ်တွတ် ပြောဆိုသတိပေးတယ်။

“ခြေနင်းကို မှန်အောင်နင်းလေသား။ ခါးကို မတ်ထား လက်ကိုင်ကို ဖြောင့်ဖြောင့်ထား အရှေ့တည့်တည့် အရှေ့ တည့်တည့်ကြည့် ”

ကိုယ်တိုင်က စက်ဘီးကို အခုမှ စနင်းဖူးတာ ဆိုတော့ အဖေပြောသလို ဘယ်နေတတ်ပါ့မလဲ။ ခြေနင်းလည်း မှန်အောင် မနင်းတတ်၊ ခါးလဲ ဖြောင့်အောင် မထားတတ်၊ လက်ကိုင်ကိုလည်း မတည့်နိုင်၊ အရှေ့ကြည့်ဖို့ မပြောနဲ့ ကိုယ့်ခြေထောက်ကို ပြန်ကြည့်နေတာနဲ့တင် မအားပါဘူး။

ဒီလိုနဲ့ စက်ဘီးပေါ်က တဘိုင်းဘိုင်းလဲ။ ချုံတိုးလို တိုး။ မြောင်းထဲကျလိုကျနဲ့ ဒဏ်ရာဗလပွသာ အဖတ်တင်တာပေါ့။

စက်ဘီးလဲလို့ နာတာကတစ်မျိုး ညနေ အဖေက ဒဏ်ရာတွေ ဆေးထည့်တဲ့အခါ ဘာဆေးတွေ ဘာတွေ ထည့်မှန်းမသိတော့ ဒဏ်ရာကစပ်ပြီး တစ်ခါထပ်နာ မျက်ရည်ကျ ရတော့တာပေါ့။ ဒါနဲ့ အဖေ့ကို ပြောမိတယ်။

www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ အဖေ။ ကျွန်တော် ပါရမီမပါလို့လား မသိဘူး။ စက်ဘီးက ကျွန်တော်နင်းတိုင်း လဲနေတော့တာ။ ဒါကြောင့် ဒီစက်ဘီးဆက်စီးနေလဲ ဒဏ်ရာတွေသာထပ်ပွားလာမှာ။ ဒါကြောင့် ဒီစက်ဘီးစီးတာကို ကျွန်တော် ဆက်မသင်ချင်တော့ဘူး ဖေဖေ"

ဆိုတော့ အဖေက ပြုံးတယ်။

"တစ်ခုခုကို တတ်မြောက်ချင်ရင် အနာမခံလို့ မရဘူး ငါ့သား။ ဒီစက်ဘီးလဲလို့ နာတာလောက် မပြောနဲ့။ ဘဝမှာ နာစရာတွေအများကြီး ထပ်ကြုံရဦးမယ်။ မကြောက်စမ်းပါနဲ့"

အဲဒီတုန်းက အဖေကကျွန်တော့်ကို ဘာအဓိပ္ပာယ်နဲ့ပြောမှန်းမသိပါဘူး။ ကျွန်တော့်ရဲ့ စိတ်ထဲမှာတော့ နာတာပဲ သိနေတော့တာပေါ့။

× × × × ×

[redacted]

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မနက် အဖေ စက်ဘီးတွန်းထုတ်လာသံကြားတာနဲ့ ကျွန်တော် မျက်ရည် အလိုလိုကျနေမိတယ်။

"ဩော် ငါ့မှာ ဒီစက်ဘီးပေါ် တက်ရဦးမယ်။ စက်ဘီးပေါ်တက်ပြီးရင် မြောင်းထဲကျရဦးမယ်။ ခြံထဲ တိုးရဦးမယ်။ သစ်ပင်နဲ့ ဝင်ဆောင့်ရဦးမယ်။ အဲဒီအခါ ငါ ဒဏ်ရာတွေ ပိုရဦးမယ်"

ဆိုတဲ့ အတွေးနဲ့ မျက်ရည်ကျရတာပေါ့။

"သားရေ"

အဖေ့ခေါ်သံကြားတော့ မသွားလို့မှ မဖြစ်တာ။

ဒီလိုနဲ့ပဲ ကြောက်ကြောက်လန့်လန့်နဲ့ စက်ဘီးပေါ် တက်ရတော့တာပေါ့။ စိတ်ထဲမှာတော့ "ဟိုဗားပြတွေ ဘကြီး ဆိုင်ကယ် မီးရှို့တုန်း ဒီစက်ဘီးပါ ပါသွားရမှာ"ဆိုပြီး တွေးမိပါရဲ့။

ဒါပေမယ့်လဲ အဖေ့ကိုကလဲ ရှိသေရတာမို့ သူတွန်းတင်

www.burmeseclassic.com

www.burmeseclassic.com



ပေးတဲ့ စက်ဘီးပေါ်တက်ရရှာတယ်။ ထုံးစံအတိုင်း အဖေက စက်ဘီးကယ်ရီယာခုံက ကိုင်ပေးရင်း ပါးစပ်ကလဲ

"သား ခြေနင်းကို တစ်ပတ်ချင်းမှန်အောင်နင်း၊ ခါးကို မတ်ထား၊ လက်ကိုင်ကို ဖြောင့်ထား၊ အရှေ့တည့်တည့် ကြည့်ပါ သားရယ်"

သူကသာ ပြောနေတာပါ။ သူလွှတ်လိုက်တာနဲ့ ဇီးပင် အောင်းရတာနဲ့ ရေမြောင်းထဲ ကျရတာနဲ့ပေါ့။

နဖူးတွေလဲကွဲ၊ ဒူးတွေလဲပြဲ။ ညနေကျ အဖေဆေးထည့် ရင် စပ်လို့ ငိုရမှာကလဲ ရှိသေး။ ဒါပေမယ့်လဲ အဖေ့ရဲ့ စေတနာနဲ့ ကိုယ်တိုင်ရဲ့ တတ်လိုမှုပေါင်းပြီး လဲကျမယ်မှန်းသိတဲ့ ဒီစက်ဘီး ကိုပဲ ကြိုးနင်းရတာပေါ့။

ကျွန်တော် နင်းသမျှ အဖေက အနောက်ကလိုက်ပြီး

"ဟုတ်ပြီ။ သား ခြေထောက်ကို တစ်ပတ်ချင်း မှန်အောင် နင်း၊ ခါးကို မတ်အောင်ထား၊ လက်ကိုင်ကို ဖြောင့်ထား၊ အရှေ့ တည့်တည့်သာကြည့်ပါ သားရယ်"

ကျွန်တော်ကတော့ စက်ဘီးပေါ်ရှိနေပေမယ့် စက်ဘီး အလေးကြီးကိုလဲ ထိန်း၊ ပြေးလိုက်နေရတဲ့ အဖေလဲ မောပြီပေါ့။

ကျွန်တော်ကလဲ စက်ဘီးကို နင်းတတ်ပြီဆိုတော့ အဖေ

www.burmeseclassic.com

www.burmeseclassic.com



တာ အရင်လို မထိန်းတော့ဘဲနဲ့ ကျွန်တော့်ကို စက်ဘီးနဲ့ လွှတ်လွှတ်ပေးတယ်။

အဲဒီမှာ ကျွန်တော် ကြောက်စိတ်တွေ ဝင်မိတော့တယ်။ စဉ်းစားကြည့်လေ။ အဖေက အနောက်ကနေ ထိန်းပေးနေတာတောင် တဘိုင်းဘိုင်းလဲပြီး နဖူးကွဲ၊ ဒူးပြဲဖြစ်နေရတာ။ အဖေသာ ကျွန်တော့်ကို စက်ဘီးနဲ့ ဒီအတိုင်း လွှတ်ပေးလိုက်လို့ကတော့ ရေမြောင်းထဲ ခေါင်းစိုက်နေမှာသေချာတယ်။ ဒါနဲ့ ကျွန်တော်က လန့်ပြီး

"အဖေ ကျွန်တော့်ကို မလွှတ်လိုက်နဲ့နော်။ မလွှတ်လိုက်နဲ့နော်"

တတွတ်တွတ်ပြောရရှာတယ်။ ကျွန်တော့်အဖေကလဲ ကျွန်တော့်နောက် ပြေးလိုက်ရင်း မောဟိုက်နေတဲ့ အသံကြီးနဲ့

"အေးပါ သားရယ် အရှေ့တည့်တည့်သာကြည့်ပါ။ ကိုယ်သွားချင်ရာကို လက်ကိုင်ဖြောင့်ထားပါ။ ခါးကို မတ်ထားပါ သားရယ်။ ခြေထောက်ကို တစ်ပတ်ချင်းမှန်အောင် နင်းကွယ့်"

ကျွန်တော်က စက်ဘီးပေါ်ကနေ သူပြောတဲ့အတိုင်း ဟန်ချက်လဲ ထိန်းပါရဲ့။ ထိန်းလဲ ထိန်းနိုင်ပါရဲ့။ ဒါပေမယ့် ဒီစက်ဘီးတစ်စီးနဲ့ အထိန်းအကွပ်မပါဘဲ လွှတ်ထုတ်လိုက်မှာ ကြောက်နေ

www.burmeseclassic.com

www.burmeseclassic.com


တုန်းပါပဲ။ ဒါကြောင့်ပဲ. . .

"အဖေ ကျွန်တော့်ကို မလွှတ်လိုက်နဲ့နော်။ မလွှတ်လိုက်နဲ့နော်။ အဖေလွှတ်လိုက်ရင် ကျွန်တော် လဲကျသွားမှာနော်"

ကျွန်တော်ကသာ အလန့်တကြား အော်နေတာ အဖေ့ရဲ့ အသံကို မကြားရတော့ဘူး။

ဒါနဲ့ ပိုလန့်ပြီး

"အဖေ၊ အဖေဘယ်မှာလဲ အဖေ။ ကျွန်တော့်ကို လွှတ်ထုတ်လိုက်ပြီလား၊ လွှတ်လိုက်ပြီလား"

ဆိုတော့ ခပ်ဝေးဝေးမှာ မောကြီးပန်းကြီး ကျန်ရစ်ခဲ့တဲ့ အဖေက

"အရှေ့ကို တည့်တည့်ကြည့်ပါ သားရယ်။ လက်ကိုင်ကို ဖြောင့်အောင်ထား၊ ခါးကို မတ်ထား၊ ခြေလှမ်းတစ်လှမ်းချင်း မှန်အောင်နင်းပါ သားရယ်"

x x x x x

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ပဲ . . .

ဘဝဆိုတာ ငယ်စဉ်က မိခင် ဖခင်များ စက်ဘီးနင်း သင်ပေးတဲ့အတိုင်းပါပဲ။ မိဘများ၊ ဆရာ ဆရာမများ၊ အုပ်ထိန်းသူများ၊ အကြီးအကဲများဆိုတာ ကိုယ့်ဘဝတစ်လျှောက်လုံး၊ ကိုယ့်နောက်ကနေ ကယ်ရီယာခုံကိုင်ပြီး ထိန်းညှိပေးနိုင်၊ စောင့်ကြည့်ပေးနိုင်မှာမှ မဟုတ်ပါဘူး။

သူတို့က ကိုယ့်စက်ဘီး မနင်းတတ်ခင် (ဘဝတစ်ခုထဲ လျှောက်မဝင်ခင်)သာ အနောက်ကနေ ထိန်းညှိပဲ့ပြင် ပေးနိုင်မှာပါ။ တကယ်တမ်း ကိုယ်ကိုယ်တိုင်လျှောက်လှမ်းရမှာ ချည်းပါပဲ။

ဆိုကြပါစို့။

ကလေးတစ်ယောက် စာမေးပွဲ အောင်မြင်စေဖို့ ဆရာဆရာများက အားတက်သရော သင်ပေးကြပါလိမ့်မယ်။ တကယ်

www.burmeseclassic.com

www.burmeseclassic.com



တမ်းကျတော့ သင်ပေးတဲ့သူတွေက စာမေးပွဲကို ဝင်ဖြေပေးလို့ မရပါဘူး။ တကယ်တမ်း စာမေးပွဲဖြေရတာ ကိုယ်တိုင်ပဲ ဖြေရတာ ဖြစ်ပါတယ်။

မိဘများ၊ ဆရာ ဆရာမများက ဘဝထဲမဝင်ခင်မှာ အနောက်ကနေ ခါးကိုင်ပြီး ထိန်းညှိပေးကြတာ ဖြစ်ပါတယ်။

တကယ်တမ်း ဘဝလမ်းကို လျှောက်လှမ်းရတာ ကိုယ်တိုင်ပဲ လျှောက်လှမ်းရတာဖြစ်ပါတယ်။

ဒါကြောင့် ဘဝထဲ ဝင်တဲ့အခါ ကျွန်တော့်အဖေ ပြောခဲ့တဲ့ စကားအတိုင်းပါပဲ။

"အရှေ့ကို တည့်တည့်ကြည့်ပါ။ ကိုယ့်လမ်းကြောင်းကို ခိုင်မြဲအောင် ဆုပ်ကိုင်ထားပါ။ ခါးကို တည့်မတ်စွာထားပါ။ ခြေလှမ်းကို တစ်လှမ်းချင်း မှန်အောင်လှမ်းပါ"

ဒါမှ ဘဝတစ်ခုထဲဝင်တဲ့အခါ ရဲဝံ့စွာ နေထိုင်နိုင်ကြမှာ ဖြစ်ပါတယ်။

ကျေးဇူးပါ။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း ပြောရင်းနဲ့ ငယ်စဉ်က ကိုယ်နေခဲ့တဲ့ ရွာကလေးကို ပြန်မှတ်မိတယ်။ ခလည်တံခွန်တိုင်တဲ့။

မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ်မှာ တံခွန်တိုင် နှစ်ခုရှိပါတယ်။ မွန်တံခွန်တိုင်နဲ့ ကရင် တံခွန်တိုင်ပါ။ တံခွန်တိုင် နှစ်ခုလုံးက မွန်ပြည်နယ် မုဒုံမြို့က သွားရတာချည်းပါပဲ။ ဒါကြောင့် တံခွန်တိုင်ချင်း မှားမှာစိုးတာကြောင့် ကရင်ပြည်နယ်ကတံခွန်တိုင်ကို ခလည်ရွာကြီးနားကပ်နေလို့ ခလည်တံခွန်တိုင်လို့ ခေါ်လိုက်ကြတယ်။

အဲဒီရွာကို အဖေပြောင်းတော့ ကျွန်တော်က မူလတန်းအရွယ်။ ညီလေးမောင်မောင် (မီရာမိုရ်)က သုံးနှစ်။

မှတ်မိသေးတယ်။ ကျွန်တော့်ကို မူလတန်းသွားအပ်တော့ သူကပါခဲ့တာကိုး။ လူကောင်က ထွားထွားဆိုတော့ ကျောင်းအုပ်ကြီးက သူ့ကို မေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



"သား သားအသက်က ဘယ်လောက်ရှိပြီလဲ"

ဆိုတော့ မောင်မောင်က မျက်မှောင်ကျုံ့စဉ်းစားပြီး

"သုံးပေခွဲလား၊ လေးပေလား မသိဘူး"

ကိုယ့်ကို အသက်မေးလား၊ အရပ်မေးလား မသိတဲ့ အရွယ်ပေါ့။

ပြောရမယ်ဆို ကျွန်တော့်အဖေက လူစွန့်စားတစ်ဦးပါ။ စွန့်စွန့်စားစား သွားလာရတာကို သဘောကျသူပါ။ ဒါကြောင့်လဲ ကျွန်တော်တို့ အကောင်သေးသေးလေးတွေကို သူသွားလေရာ ခေါ်သွားတတ်တာပေါ့။

ဒီလောက် နယ်မြေမအေးချမ်းတဲ့နေရာမျိုးကို ဒီလောက် ကလေးသေးသေးလေးတွေ ခေါ်သွားဖို့ဆိုတာ တော်ရုံစကေး တော့ မဟုတ်ပါဘူး။

နယ်မြေမအေးချမ်းဆို အဲဒီတုန်းက အဲဒီဒေသကို အနက် ရောင်နယ်မြေအဖြစ် သတ်မှတ်ထားပါတယ်။ (အခုတော့အညိုရင့် လေးတော့ ဖြစ်လောက်ရောပေါ့)

ကျွန်တော်တို့ဆိုတာကလဲ လူက သေးသေးလေး။ ဒီကြား ထဲ ဘယ်လောက် မြို့ပါးမဝလဲဆို . . .

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက ကျွန်တော့်အဖေက ကျွန်တော်နဲ့ ကျွန်တော့်ညီ မောင်မောင်ကို မြို့ခေါ်သွားတယ်။ ထုံးစံအတိုင်း ကားစုတ်ကြီး ခရီးသည်တင်ကားနဲ့ပေါ့။

ကားကြီးက သူ့သာ ဖုတ်ဖက်ခါသွားနေတာ။ နားရမယ့် နေရာကျ နားသဗျ။

"ကဲ ထမင်းစား ခဏနားကြမယ်"

ဆိုတော့ ဗိုက်ဆာနေတဲ့ ကျွန်တော်တို့တွေ ကားစုတ် ကြီးပေါ်က ခုန်ချပေါ့။

ကျွန်တော့်အဖေကလဲ သိတယ် သူ့သားတွေအကြောင်း။

"ကဲ သားတို့ ဗိုက်ဆာနေပြီလား"

ဆိုတော့ ဖြေစရာက

"ဆာပြီပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ အဖေက. . .

"ကဲ ဆာရင် ဒီစားပွဲမှာထိုင်၊ လာချတာမှန်သမျှ အကုန်စားပစ်"

"တကယ်လား အဖေ"

"တကယ်ပေါ့"

ကျွန်တော့်အဖေက လူကြီးဆိုတော့ Toilet အရင်သွားတာပေါ့။ ကျွန်တော်လဲ အပေါ့သွားချင်တော့ အဖေနဲ့ အတူလိုက်သွားတယ်။

ကျွန်တော့်ညီက အစားသရဲဆိုတော့ ကျွန်တော်တို့နောက်လိုက်မလာဘဲ ဘာလာချချ စားပစ်မယ်ဆိုတဲ့ရုပ်နဲ့ ထိုင်နေတယ်။ ခိုင်ပြီပေါ့။

အပေါ့အပါးသွားပြီး ကျွန်တော် ပြန်ထွက်လာတော့ ကျွန်တော့်ညီထိုင်နေတဲ့စားပွဲကို ကြည့်မိတယ်။

"ဟင်"

စားပွဲပေါ် ပန်းကန်ပြားအလွတ်တစ်ချပ် တွေ့တယ်။ ကျွပ်ကျွပ်အိတ်လေးတစ်အိတ် ဖောက်ထားတယ်။ ကျွန်တော်လဲ အံ့အားသင့်သွားပြီး

"မောင်မောင် မင်းဘာဝါးနေလဲ"

www.burmeseclassic.com

www.burmeseclassic.com



ငတိက အဝါးမပျက်ဘူး။ ခပ်တည်တည်ခေါင်းခါပြီး

"မသိဘူး"

"ငှ"

ရုတ်တရက် ဘာပြောရမှန်းမသိ ဖြစ်သွားတယ်။ ကိုယ်

ဘာဝါးမှန်းတောင် မသိဘူးဆိုတာကိုး။ ဒါနဲ့ ဆက် မေးတာပေ့

"အရသာက ဘယ်လိုနေလဲ"

"အေးတေးတေးနဲ့ မွှေးတေးတေးကြီး"

"ငမ်"

သူပြောတဲ့ အေးတေးတေးနဲ့ မွှေးတေးတေးကြီးက ကျွန်

တော် တစ်ခါမှ မဝါးဖူးဘူး။ ကျွန်တော်သိတာက စားစရာဆိုတာ

ချိုချင်ချိုမယ်၊ ငံချင်ငံမှာပေါ့။ သူပြောတဲ့ အေးတေးတေးနဲ့ မွှေး

တေးတေးကြီး တစ်ခါမှကို မဝါးဖူးဘူး။ ချက်ချင်း ကိုယ်လဲ အဲဒီ

အေးတေးတေးနဲ့ မွှေးတေးတေးကြီး ဝါးချင်စိတ်ဖြစ်သွားတာပေါ့။

ဒါပေမယ့် ဘာမှန်းမသိလေတော့ အားကျစိတ်နဲ့သာ ဒီအတိုင်း

ထိုင်ကြည့်နေရတာ။

သိပ်မကြာဘူး။ ကျွန်တော့်အဖေလဲ ပြန်ထွက်လာတယ်။

သူလဲ အံ့ဩမှာပေါ့။ စားပွဲပေါ် ဘာမှမရှိတော့ဘဲ မြိန်မြိန်ကြီး ဝါး

နေတဲ့ သူ့သားကို အံ့ဩရှာမှာပေါ့။ ဒါနဲ့ပဲ

www.burmeseclassic.com

www.burmeseclassic.com


"မောင်မောင် သား ဘာဝါးနေလဲ"

"မသိဘူး"

"ငင်"

ငတိကခပ်တည်တည်ပဲ ဘယ်သူ့မှမကြည့်ဘူး။ ကျွန်တော့် အဖေလဲ ကြောင်နေတယ်။ ဟုတ်တယ်လေ အဲဒီ အေးတေးတေး နဲ့ မွှေးတေးတေးကြီးက အဖေကိုယ်တိုင်လဲ စားဖူးပုံ မပေါ်ဘူး။ ဒါနဲ့ မသကာ်တာနဲ့ပဲ

"ပြစမ်း ပြစမ်း မင်းဝါးနေတာ"

ဆိုပြီး ဆွဲထုတ်လိုက်တော့

"စနိုးတာဝါ"

"စနိုးတာဝါကြီး"

အဖေက လာချတာ အကုန်ဝါးပစ်ဆိုတော့ ကျွန်တော့် ညီက စနိုးတာဝါကအစ ဝါးပစ်တာ။

အဲလောက်ကို မြို့စာဆိုတာ မသိခဲ့တာပါ။

× × × × × ×

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပဲ တောထဲတောင်ထဲမှာ နေခဲ့တာဆိုတော့ ဘာ ဗဟုသုတမှမရှိဘူးပေါ့။ ရုပ်ရှင်ဆိုတာလဲ ရွာဘုရားပွဲဖြစ်မှ တစ်နှစ်တစ်ခါ ကြည့်ရတာမျိုး။

လာပြတဲ့ရုပ်ရှင်ကလဲ အခုပြန်တွေးကြည့်ရင်ရယ်ရတယ်။ ဇာတ်ကားတစ်ကားထဲမှာ ဘရုစလီလဲ ပါတယ်။ ဘီလူးတွေလဲ ပါတယ်။ မြွေမင်းသမီးလဲ ပါတယ်။ တာဇံလဲ ပါတယ်။ ပါတယ်။ ပါတယ်။ အတော်ပါတယ်။

ဇာတ်ကားထဲမှာ ဘရုစလီက ကီသွင်းပြီးထိုးလိုက်ရင် ဘီလူးကြီးပက်လက်လန်လဲသွားတာကို မြွေမင်းသမီးက ထရယ်တာ တာဇံက နွယ်ကြိုးခိုပြီး အော်သွားတာ အို စုံပလုံစီနေတာ။

ရုပ်ရှင်တစ်ညကြည့်ပြီး ကျွန်တော်တို့မှာတစ်နှစ် ပြောလို့မဆုံးတော့ဘူး။ ဘရုစလီနဲ့ ကင်းကောင်ချတာဘယ်လို။ မြွေမင်း

www.burmeseclassic.com

www.burmeseclassic.com



သမီးက ဂါလီဗာကိုကလဲ့စားခြေချင်တာ တာဇံက ဝင်ရှုပ်နေတာ။ စသည်ဖြင့်. . .

အမှန်တော့ ရုပ်ရှင်ပြတဲ့သူက ပြစရာမရှိလို့ ရှိသမျှ ရုပ်ရှင်ဖလင်အပိုင်းအစတွေ ကောက်ပြီးဖြစ်သလိုဆက်ထားတာ။ အဲဒါကြောင့် ဘရုစလီရော ဂါလီဗာရော မြွေမင်းသမီးရော တာဇံရော အကုန်ပါနေတာပေါ့။ အဲဒါကိုကျွန်တော်တို့အတွက် ရတနာသိုက်။

တစ်ခါကလဲ မှတ်မိသေးတယ်။ ထူးထူးခြားခြား မြန်မာကား ပြတာပါပဲ။ မင်းသားကဦးညွန့်ဝင်းပါ။ ဇာတ်ကားနာမည်က"ဝရမ်းပြေးဖိုးသိန်း"ထင်ပါတယ်။

အဲဒီကားမှာ ဦးညွန့်ဝင်းထမင်းစားတဲ့အခန်း တစ်ခန်းပါတယ်။ အဲဒီအခန်းကိုကြည့်ပြီး

"ဦးညွန့်ဝင်းဟာ ဘယ်သန်။။ ဘယ်နဲ့ထမင်းစား သွားတာ"

"မဟုတ်ပါဘူး။ ညာသန် ညာနဲ့ပဲစားသွားတာ"

ရုပ်ရှင်အတူကြည့်သူအားလုံး ဦးညွန့်ဝင်းကို ထမင်းစားတာ ရွာတစ်ဝက်က ညာလို့မြင်ပြီး ရွာတစ်ဝက်က ဘယ်လို့ မြင်ကြတယ်။ အထူးအဆန်းပါပဲ။ အတူကြည့်ကြသူ အချင်းချင်း ဒီလိုမြင်တယ်ဆိုတာ အံ့သြစရာကြီး။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီကားကိုကြည့်ပြီး ဦးညွန့်ဝင်းက ဘယ်သန်၊ ညာသန်တို နှစ်ပေါက်အောင် ငြင်းကြတာ။ တချို့ကလဲ

"သေချာတယ်။ ညွန့်ဝင်းထမင်းကို ဘယ်လက်နဲ့ စားသွားတာ"

တချို့ကလဲ

"အာ ငါတို့အတူထိုင်ကြည့်နေတာ။ ညာဘက်နဲ့ပါပဲကွာ" သေည်ဖြင့် ငြင်းကြတာ။ ငြင်းကြတာ။

အတူတူရုပ်ရှင်တစ်ခုထဲကြည့်ရပါလျက် ဘာလို့ ဒီလိုမြင်ကြပါလိမ့်။ နောက်မှသိတယ်။ ဘယ်ဟုတ်ပါ့မလဲ. . .

ရွာမှာပြတဲ့ရုပ်ရှင်ကားဆိုတာ လယ်ကွင်းကြီးထဲ ပိတ်ကားကြီးထောင်ပြီး နှစ်ဖက်လုံးကြည့်ကြရတာကိုး။

ဒါကြောင့်ရုပ်ရှင်ပြစက်ရှိတဲ့ အခြမ်းကကြည့်ရင် အမှန်မြင်ရပြီး၊ ပိတ်ကား အနောက်ဖက်အခြမ်းကကြည့်ရင် ပြောင်းပြန်ဖြစ်နေတာပေါ့။

ဒါကြောင့် ပိတ်ကားအမှန်ဘက်က ကြည့်ရသူတွေက ညာလို့ အမှန်မြင်ပြီး ပိတ်ကားအနောက်ဖက်က ထိုင်ကြည့်တဲ့ ရွာတစ်ဝက်ကပြောင်းပြန် အဲလိုမြင်ရတာပေါ့။ အခု ပြန်တွေးကြည့်တော့လည်း ရယ်စရာကောင်းသား။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ပြန်စဉ်းစားမိတယ်။ အခုရောဘာထူးလို့လဲ အတူတူမြင်ကွင်းတစ်ခုကို ထိုင်ကြည့်နေကြရင်းနဲ့ အမြင်မတူတာတွေ အများကြီး ဖြစ်နေကြသေးတာပဲမဟုတ်လား။ မြင်ကွင်းကို တစ်ခုတည်း၊ တစ်နေရာတည်း ထိုင်ကြည့်နေရင်းက. . .

"မင်းကလက်ယာ ငါကလက်ဝဲ"

စသည်ဖြင့် ကွဲပြားနေကြတာပဲမဟုတ်လား။

ကျွန်တော်ကတော့ ရိုးရိုးလေးပဲစဉ်းစားတယ်။

"ဩော် သူတို့ပိတ်ကားပြောင်းပြန်ကြီး ကြည့်နေရပါ သလားလို့"

× × × × × × ×

www.burmeseclassic.com

www.burmeseclassic.com



အဲဒီ ခလည်တံခွန်တိုင်ရွာကလေးမှာ အဲဒီအချိန်က တိုက်ပွဲတွေလည်း မကြာခဏဖြစ်ပွားလေ့ရှိတယ်။ အိမ်မှာနေရင်း လူကြီးတွေကတော့ ‘ဘယ်အချိန်သေနတ်သံကြားရမလဲ’ဆိုပြီး တထိတ်ထိတ်ရှိတတ်ပါတယ်။

ကျွန်တော်တို့ ကလေးတွေကတော့ သိပ်မသိပါဘူး။ သေနတ်သံကြားလို့ အဖေက ဗုံးခိုကျင်းထဲဆင်းနေခိုင်းရင် ဆင်းနေလိုက်ပါတယ်။ “အိမ်ပေါ်ပြန်တက်လို့ရပြီ” ဆို အိမ်ပေါ် ပြန်တက်နေပါတယ်။

ပြီးတာနဲ့တောထဲပြေးဝင် စမ်းချောင်းသွား ရေသွားကူးပေါ့။ ကျွန်တော်တို့အကြိုက်ဆုံးကတော့ ကျွန်တော်တို့ အိမ်နောက်ဖေးက မာလကာပင်ပါပဲ။

သိတဲ့အတိုင်း မာလကာပင်ဆိုတာ အကိုင်းအခက် သိပ်

www.burmeseclassic.com

www.burmeseclassic.com



ခိုင်ပါတယ်။ ကလေးတစ်ယောက်က သူ့လက်သေးသေးလေးနဲ့ ကိုင်းသေးသေးလေးကို ခိုထားရုံလောက်နဲ့ ဘယ်တော့မှ မကျိုးကျ ပါဘူး။

ဒါကြောင့် မိုးအလွန် ဆောင်းအကူး၊ မာလကာသီး သီးချိန်ဆို ကျွန်တော်တို့တတွေ အဲဒီမာလကာပင်ပေါ်က မဆင်းတော့ပါဘူး။

ကျွန်တော်တို့ရဲ့ ခေါင်းဆောင်ကတော့ မချောပါ။ မနက် မိုးလင်းတာနဲ့သူကစပြီး အဲဒီမာလကာပင်ပေါ် ပြေးတက်ပါတော့ တယ်။ အပင်ရဲ့အမြင့်ဆုံးနေရာမှာ နေရာယူနိုင်ဖို့ပါ။ ဘာကြောင့် လဲဆိုတော့ အပင်အမြင့်မှာမှ အသီးက ပိုကောင်းလို့ပါပဲ။

အနိမ့်ပိုင်းကစပြီး စားသွားလိုက်တာ အပင်အမြင့်မှာမှ အသီးကောင်းတွေ ကျန်ရစ်တော့လို့ပါပဲ။

သူနဲ့အပြိုင် အမြင့်လုနေတာက ကိုဆန်းပါ။

ကိုဆန်းကလဲ တကယ့်မျောက်မို့ ပင်ဖျားကိုင်းနားက အသီးကိုမှ ရအောင်ခူးစားလေ့ရှိပါတယ်။

ကျွန်တော်တို့က ငယ်သေးတော့ တက်နိုင်သမျှလောက် တက်ပြီး သူတို့ချန်ထားတဲ့ သီးကင်းတွေပဲ စားရပါတယ်။

ဒီလိုနဲ့တစ်နေ့ မာလကာပင်ပေါ်လုတက် အငြင်းကြီးတာ

www.burmeseclassic.com

www.burmeseclassic.com



တွေ လုယူခူးစားနေတုန်း ဒိုင်းခနဲ အသံတစ်ချက် ကြားပါတယ်။

သတိရှိတဲ့လူကြီးတွေက

"ဟေ့ ဟေ့၊ ရွာထဲကိုသူပုန်ဝင်ပြီ ကလေးတွေဖုံးခိုကျင်းထဲ ဆင်းကြ၊ လူကြီးတွေ အကုန်ထွက်ဟေ့"

ဆိုပြီး ဝရုန်းသုံးကား ဖြစ်ကုန်ပါတယ်။

အဲဒီမှာ ကျွန်တော်တို့လဲ ကြောက်ကြောက်လန့်လန့်နဲ့ ဘက်နေတဲ့ မာလကာကိုင်းပေါ်က ခုန်ချ ဖုံးခိုကျင်းထဲ ပြေးကြတာပေါ့။

မဆင်းတာက မချောနဲ့ ကိုဆန်း။ သေနတ်သံကြားမှ ကိုင်းများထိတိုးပြီး တက်သွားကြတယ်။ မချောကတော့ စပ်စုချင်တာပေါ့။ ကိုဆန်းကျ ရည်ရွယ်ချက်တစ်မျိုး။

"ဟဲ့ မိချော၊ ဆင်းခဲ့လေ၊ ဆင်းလာတော့ သေနတ်တွေပစ်နေပြီ"

ဟုတ်တယ် သေနတ်သံကတဒိုင်းဒိုင်းနဲ့ ဆူညံနေပြီ။ တိုက်ပွဲကပြင်းထန်နေပြီ ဆိုတဲ့သဘော. . .

"အမေ၊ အမေ ဟိုဘက်က ရွာထဲဝင်လာကြပြီ။ ရွာထဲဝင်လာကြပြီ"

ဆိုပြီး မာလကာပင်ပေါ်က ခုန်ချပြီး ဖုံးခိုကျင်းထဲ ပြေးဝင်

www.burmeseclassic.com

www.burmeseclassic.com



လာတယ်။

ဆင်းမလာတာက ကိုဆန်း။ ဆင်းမလာတဲ့ အပြင်. . .

"ဟား ဟား ခုတော့ဘာတတ်နိုင်သေးလဲ၊ ဟောဒီ မာလကာပင်တစ်ပင်လုံး မောင်ဆန်းပိုင်ပြီ။ မောင်ဆန်း စားချင်တာ စားလို့ရပြီ ဟား ဟား"

ဆိုပြီး သေနတ်သံတွေကြားမှာ မာလကာပင် ကိုင်းဖျားတက်ပြီး မှီသမျှမာလကာသီးကြီးတွေ ခူးစားနေတော့တာပဲ။

သိပ်မကြာဘူး။ ဒိုင်းခနဲဆိုတဲ့အသံနဲ့အတူ မာလကာပင်ကြီး ခါရမ်းသွားတယ်။ အဲဒီအချိန်မှာပဲ. . .

"ဟား လုပ်ကြပါဦး"

ဆိုတဲ့ ကိုဆန်းအော်သံနဲ့အတူ အောက်ကိုဖုတ်ခနဲ ပြုတ်ကျလာသံ ကြားရတယ်။

"အား"

ကိုဆန်းရဲ့အော်သံ။ အားလုံးကစိုးရိမ်ပြီး

"ကိုဆန်း၊ ကိုဆန်း ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"

အားလုံးရဲ့အမေးကို ကိုဆန်းဖြေကြားနိုင်ခြင်း မရှိပါဘူး။ တဖုတ်ဖုတ်ပြေးလာတဲ့ ခြေသံကြားရတယ်။ အနားရောက်တော့ ဗုံးခိုကျင်းထဲ ခုန်ချပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"ဆန်းလက်ကျိုးသွားပြီ"

"ဘာ"

ကြည့်လိုက်တော့၊ ဟုတ်တယ်။ လက်ဖျံရိုးကငေါ်ထွက်နေပြီ။

"ဟာ၊ ဒုက္ခပဲ၊ တိုက်ပွဲကလည်းဖြစ်နေတော့ ဆေးရုံဘယ်လိုသွားလို့ဖြစ်မလဲ"

"အဲဒါမှဒုက္ခပဲ၊ ဆေးရုံမသွားနဲ့၊ ရွာပြင်မှာ မြန်မာဆရာတစ်ယောက်ရှိတယ် သူ့ကိုသွားခေါ်၊ လက်ကျိုးခြေကျိုး သူလုပ်တတ်တယ်တဲ့"

ချက်ချင်းပဲ သေနတ်သံတဒိုင်းဒိုင်းကြားထဲ ကုတတ်တဲ့မြန်မာဆရာကို သွားပြေးခေါ်ခဲ့ကြရပါတယ်။ သူ့ တစ်ယောက်တည်းအတွက် အားလုံးရုတ်ရုတ်သဲသဲဖြစ်ခဲ့ရတယ်။

အမှန်တော့ သေနတ်ကျည်ဆံ သူ့ကိုမှန်တာ မဟုတ်သေးပါဘူး။ ကျည်ဆံက မာလကာပင် ကိုင်းဖျားမှန်တာကို သူလန့်ပြီး ခုန်ချ၊ ပြုတ်ကျခဲ့တာပါ။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပါပဲ။ ကျွန်တော်တို့ပတ်ဝန်းကျင်မှာလဲ အမြင့်ရောက်ပြီးပြန်မဆင်းချင်သူ အများကြီးပါပဲ။ သေနတ်သံ တဒိုင်းဒိုင်း လူတွေပြေးလွှားရှုန်းကန်နေရချိန် ကိုယ့်နံဘေးက လက်လှမ်းမီသမျှ အသီးချိုချိုတွေကို မက်မောပြီး လောကကြီးကို မေ့နေသူတွေ အများကြီးပါ။ တကယ့်ကို အများကြီးပါ။

သူတပါးခေတ်ပျက်ပြီး ပြေးလွှားရှုန်းကန်နေရချိန် လက်လှမ်းမီရာ ချိုသောအသီးကိုစားသုံးပြီး မသိကျိုးကျွံ ပြုသူတွေလဲ အများကြီးပါပဲ။ တကယ့်ကိုအများကြီးပါ။

သူတို့ရဲ့စိတ်ထဲမှာ မာလကာပင်ပေါ်က ကိုဆန်းလိုပါပဲ။ အရာရာငါ့ဆီလာမရိုက်ခတ်နိုင်ပါဘူးဆိုတဲ့ ကလေးစိတ်နဲ့ ရသမျှ ဖက်တွယ်နေကြတာမျိုးပါ။ အစားကောင်း အသောက်ကောင်းစား ရင်း ဘယ်အရာမှ ငါ့ကိုလာမထိခိုက်နိုင်ဘူးဆိုတဲ့ ကလေးစိတ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



မာလကာပင်ကို ဖက်တွယ်ထားကြတာမျိုးပါ။

ဒါပေမယ့် ပတ်ဝန်းကျင်ကို မတော်တဆလေးထိတာနဲ့ သစ်ပင်ပေါ်ကခြေချော်ကျပြီး ခြေလက်တွေကျိုး ဖြစ်ရတတ်တာမျိုးပါ။

တစ်ခါတစ်ခါမှာလဲ သာတူညီမျှခံစားခြင်းဆိုတာ ရှိရမှာပါ။ ကွန်မြူနစ်ဆန်တဲ့ စကားမျိုးပြောတာမဟုတ်ပါဘူး။ ပုတ်ခတ်ပြီး ပြောခြင်းမျိုး လုံးဝလုံးဝ မရှိပါဘူး။

ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ တွေ့ရမှာပါ။ ကျွန်တော်တို့ ဆွေမျိုးအသိုင်းအဝိုင်းမှာလဲ မလိုအပ်တဲ့ကိစ္စကို တက်မက်နေတာမျိုးလဲ ရှိပါတယ်။

ဆိုကြပါစို့။ ဘယ်မှာတော့ ဘယ်လောက်လှူခဲ့တာ၊ ဘယ်နေရာမှာ ဘယ်လိုသွားကူညီခဲ့တာ စသည်ဖြင့်ပေါ့။

စကားစပ်ရင် ပြောဖြစ်ပါတယ်။ "ကိုယ့်ဆွေမျိုး၊ ကိုယ့်ပတ်ဝန်းကျင်မှာ ဒုက္ခရောက်နေသူတွေအများကြီးပဲ သူတို့ကိုကျ မကူညီဘဲ ဟိုမှာဘာလို့ သွားကူညီကြတာလဲ"

အဖြေကရှင်းရှင်းလေးပါ။

"ဆွေမျိုးတွေ ကူညီတော့လက်မှတ်မရ။ ဘယ်သူကမှ အသိအမှတ်မပြုတာ"

www.burmeseclassic.com

www.burmeseclassic.com



အချို့တွေကလဲသစ်ပင်ပေါ်ရောက်လို့ အချိုဆုံး သစ်သီး ရထားရင်တောင်မှ အနားမှာလက်လှမ်းမီပြီး မစားရသေးတဲ့ ကလေးတွေကိုကမ်းပေးဖို့ ဝန်လေးတတ်ကြပါတယ်။ လူအများ မြင်ရလောက်အောင် ခပ်ဝေးဝေးကို ပစ်ချလိုက်လေ့ရှိပါတယ်။

ခပ်ရိုင်းရိုင်းပြောရရင်၊ ကိုယ့်မိသားစုတောင် နိုင်အောင် မထိန်းနိုင်ဘဲ နိုင်ငံရေးအကြောင်းပြောနေသလိုမျိုးပေါ့။

ကျွန်တော်နားလည်သလောက်ပြောရရင် ကိုယ်တိုင်လဲ ကောင်းနေရမယ်။ ကိုယ်ကောင်းမှ ပတ်ဝန်းကျင် ကောင်းရမယ်။ ပတ်ဝန်းကျင်ကောင်းမှ ကောင်းမွန်သော လူ့အဖွဲ့အစည်းမှာ နေရမှာ ဖြစ်ပါတယ်။

ဆိုကြပါစို့ မာလကာပင်ပေါ်က ကိုဆန်းလိုပေါ့။ ပတ်ဝန်းကျင်ကောင်း၊ အခြေနေကောင်းမဟုတ်ပါဘူး။ ဒါပေမယ့် ကလေးတစ်ယောက်ရဲ့ အတွေးပါပဲ။

ဘယ်သူမှမရှိတဲ့အခါ မာလကာပင်ပေါ် မှည့်ရွှမ်းနေတဲ့ အသီးတွေနဲ့ ပျော်မွေ့နေနိုင်ပါတယ်။ ဒါပေမယ့် ဘယ်အကြောင်းကမှ ကိုယ့်ကိုလာ မထိခိုက်ဖူးမထင်ပါနဲ့။ ခပ်ဝေးဝေးမှာ ကြားနေရတဲ့ သေနတ်သံဟာ ကိုယ်နဲ့မဆိုင်ဘူးလို့မထင်ပါနဲ့။ တမင်ရည်ရွယ်ပြီး မဟုတ်ရင်တောင် မတော်တဆ လွင့်စင်လာရင်နဲ့ ကိုယ်လဲ



www.burmeseclassic.com

www.burmeseclassic.com


ထိခိုက်နိုင်တယ်ဆိုတာ သတိပြုသင့်ပါတယ်။ ဒီလောက်ပါပဲ။

× × × × ×


www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ငယ်စဉ်က နေခဲ့ရတဲ့ရွာလေးတွေမှာ လူတွေကပဲနွမ်းပါးလို့လား အသိဉာဏ်ပဲ မကြွယ်တာလားတော့မသိဘူး။ နေ့စဉ်ရန်ပွဲတွေ တိုက်ပွဲတွေနဲ့ တစ်ခုမဟုတ်တစ်ခု ကြုံနေရတာချည်းပါပဲ။

များသောအားဖြင့် လင်မယားရန်ပွဲတိုက်ပွဲတွေပါ။

လင်မယားဆိုတာ ချစ်လို့ယူထားကြတာမှန်ပေမယ့် မပြေလည်မှုတွေများလာတဲ့အခါ စိတ်အခန့်မသင့် ဖြစ်ကြတာချည်းပါပဲ။ အဲဒီလိုစိတ်အခန့်မသင့်ရာကနေ စကားများကြပြီး မကြာခင်ရန်ပွဲဆိုတာ ဖြစ်လာတတ်ကြပါတယ်။

လင်မယားဆိုတာ"ဇု"နတ်မင်းကြီးက စိတ်ဆိုးလို့ နှစ်ခြမ်းခွဲပစ်လွှတ်လိုက်တဲ့ တစ်ယောက်ခန္ဓာကိုယ်တစ်ခြမ်းလို့ဆိုကြပါတယ်။ ဟုတ်ပါလိမ့်မယ်။ ဒီခန္ဓာကိုယ်နှစ်ခြမ်းဟာ တိုသို့ခန္ဓာကိုယ်

www.burmeseclassic.com

www.burmeseclassic.com


တစ်ခြမ်းကို ပြန်ရှာလေ့ရှိကြပါတယ်။ ရှာတွေ့တဲ့အခါ ဟိုးအရင်ဘဝထဲကရင်းနှီးပြီးသားမို့ ပြန်လည် ချစ်ခင်နှစ်သက်တတ်ကြပါတယ်။ အရင်ဘဝက ခန္ဓာကိုယ်တစ်ခုထဲက နှစ်ခြမ်းခွဲခံထားရတဲ့အတွက် အဲဒီနှစ်ဦးပြန်တွေ့တဲ့အခါ စိတ်ဓာတ်ရောရုပ်ရော တူနေတတ်ကြပါ တယ်။

တချို့ကလဲ"ဒါဟာ ငါ့ရဲ့ခန္ဓာကိုယ်တစ်ခြမ်းပဲဖြစ်မယ်" သူဆပြီး အိမ်ထောင်ပြုပြီးကာမှ ကိုယ့်ခန္ဓာကိုယ် မဟုတ်တဲ့အတွက် သဘောထားချင်းမတိုက်ဆိုင်တာများပြီး ရန်ပွဲတွေလဲ တစ်သက်လုံး ဆင်နွှဲသွားရတတ်ပါတယ်။

တချို့ကလဲ လင်မယားဆိုတာ အရင်ဘဝက ကြိုးဝိုင်းတစ်ခုထဲ ဆုံခဲ့ဖူးတဲ့ရန်သူတွေလို့လဲဆိုကြပါတယ်။ သူတို့ဟာ ဒီဘဝမှာပြန်ဆုံပြီး အရင်ဘဝက မကြေပွဲကို ဒီဘဝမှာပါ လာရောက်ဆင်နွှဲနေကြတယ်လို့လဲ ပြောကြပါရဲ့။

ဘာပဲပြောပြောပါ လူမှန်ရင်တော့ ရန်ပွဲအနည်းငယ်တော့ ရင်ဆိုင်ရလေ့ရှိကြမှာပါ။

ဒီမှာ ကျွန်တော်ပြောချင်တဲ့ လင်မယားအကြောင်းပါ။ ငယ်စဉ်က ရွာမှာကြုံခဲ့တဲ့ အာဂလင်မယားပါ။

ယောကျ်ားနာမည်က ဂျီတင်အောင်လို့ခေါ်ပြီး မိန်းမ

www.burmeseclassic.com

www.burmeseclassic.com



နာမည်က ဒေါ်အေးနွယ်လို့ခေါ်ပါတယ်။

ဂျီတင်အောင်ဆိုတာ ဂျီ၊ ဆက်၊ ပြောင်စသည်ဖြင့် ဖမ်းရာမှာသူမတူအောင်တော်လို့ပေးထားတဲ့ နာမည်မဟုတ်ပါဘူး။ အင်မတန်ဂျီကျလွန်းတဲ့သူမို့ နာမည်ရှေ့ ဂျီတပ်ထားပေးထားတာပါ။

သူ့မိန်းမအေးနွယ်ကလဲ နာမည်ရင်းဟုတ်ပုံမရပါဘူး။ ဂျီတင်အောင်ကြီးမူးလာတိုင်း တွံတေးသိန်းတန်သီချင်းကို သူ့စာသားသူသွပ်ပြီးဆိုရာကနေ တွင်လာတဲ့နာမည် ဖြစ်ပုံရပါတယ်။

"အေးနွယ်ကလေးရယ်၊ အကြွေးဆိုတာ မေ့ပစ်တတ်ရတယ်"

သူတို့လင်မယားရန်ဖြစ်ရင် ကျွန်တော်တို့သိပ်ပျော်ပါတယ်။

ဒီမှာ သူများလင်မယားရန်ဖြစ်တာ ဘာပျော်စရာရှိလို့တုန်းလို့ ဆိုချင်ဆိုကြပါလိမ့်မယ်။ ဟုတ်ပါတယ်။ ပျော်ပါတယ်။ သူတို့ လင်မယားရန်ဖြစ်တာက သူများလင်မယားလို ဝုန်းဒိုင်းကျဲ ရန်ဖြစ်ကြတာမဟုတ်ပါဘူး။ အဲဒီခေတ်က ခေတ်စားတဲ့ကက်ဆက်ဇာတ်လမ်းတွေလို တစ်ယောက်ကို တစ်ယောက် ကာရံတွေ နဘေတွေ လေယူလေသိမ်းတွေ သီချင်းတွေနဲ့ ရန်ဖြစ်လေ့ရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ကက်ဆက်တောင် ကောင်းကောင်းမရှိတဲ့ရွာမှာ သူတို့လင်မယားရန်ဖြစ်ပြီဆို ဗဟုသုတရတဲ့အနေနဲ့ လာပြီး နားထောင်ကြလေ့ရှိပါတယ်။

"ဂျီတင်အောင်တို့လင်မယား ဒီနေ့ဘာဇာတ်ထုပ်ခင်းမလဲပေါ့"

သူတို့ရန်ဖြစ်ရင် ကျွန်တော်တို့ ကလေးတွေသာမက ရွာထဲကလူကြီးတွေပါ တခုတ်တရ လာရောက်နားထောင်ရလေ့ရှိပါတယ်။

တစ်နေ့တစ်နေ့ ရန်ဖြစ်တဲ့အချိန် ရန်ဖြစ်တဲ့အကြောင်းမတူပေမယ့် သူတို့လင်မယားရန်ဖြစ်ချိန်ကို စောင့်ရတာလဲ တစ်မျိုးပါပဲ။ တစ်ခါတစ်ခါ ဇာတ်လမ်းကို ယဉ်ယဉ်လေး ခင်းတတ်ပါသေးတယ်။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



“ဟယ်. . ကိုတင်အောင်ပြန်လာပြီလား။ မောလာပြီလား ရေအရင်ချိုးမလား ထမင်းအရင်စားမလား”

“ဩော် အေးနွယ်ရယ် နင်ချစ်တာလဲချစ်တာပေါ့။ နေပူကြီးထဲပြန်လာသူကို ရေအရင်ချိုးမလားဆိုတော့ ငါသေမှာပေါ့ အေးနွယ်ရယ်။ စကားဆိုတာ လောကပါလတရားကို အခြေခံ ပြောရတယ်ဟ”

“ဩော် ကိုတင်အောင်ရယ် ကျွန်မက လောကပါလတရားကိုသိတာပေါ့။ ဒါပေသိ ကိုယ့်ရဲ့လင်သား အလုပ်သွား ပင်ပန်းပြီးပြန်လာလေတော့ ရှိရင်းစွဲမေတ္တာလေးပိုပြီး မယားဝတ္တရားငါးပါး ရှေ့ထားမေးမိတာပါ။ ဒါဖြင့် မောရင် ရေအရင် သောက်နော်”

“အေးအေး အဲလိုလုပ်ပါဟ”

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်တော် ကိုတင်အောင် ရှင်မောပန်းလာလို့ ရေခပ်တိုက်မယ်ဆိုမှ သောက်ရေအိုးထဲ ရေမရှိတော့ဘူးတော့"

အဲဒီမှာ ပြဿနာကစပြီ။ ကိုတင်အောင်ကြီး စိတ်ပျက်ဟန်နဲ့သက်ပြင်းချပြီး. . .

"အင်း. . ခက်တော့တာပဲ အေးနွယ်ရယ်. . . မယားဝတ္တရားငါးပါးမှာ လင်ယောက်ျားရဲ့ လိုအပ်ချက်ကို အလိုက်သိရမယ်ဆိုတာ မေ့များနေသလားကွယ်"

အဲသည်လို စလိုက်တာကို ဒေါ်အေးနွယ်ကလဲ

"မယားဝတ္တရားငါးပါးကို သိပ့်ါကိုတင်အောင်ရယ်။ ဒါပေမယ့် ကျုပ်မှာ ကလေးကတစ်ဖက် အိမ်မှုကိစ္စက တစ်ဖက်ဆို"

အမှန်တော့ ဘာအိမ်မှုကိစ္စမှလုပ်တာမဟုတ်ဘူး။ ကလေးခါးခွင်တင်ပြီး အိမ်ပေါက်စေ့ပတ် အတင်းတုတ်နေတာ။

"အိမ်မှုကိစ္စမှာ သိမ်းထုပ်သေချာဆိုတာ ပါတယ်မဟုတ်လား အေးနွယ်ရဲ့။ အိမ်မှာရှိတဲ့ လိုအပ်ချက်တွေကိုတော့ ဖြည့်ဆည်းပေးရမှာပေါ့"

ဒီမှာစပြီး အခြေအနေတင်းမာလာပြီ။

"ဒီမှာကိုတင်အောင်။ အိမ်မှာ ရေလေးမရှိရုံနဲ့ ရှင်ကအျွန်မကို မယားဝတ္တရားငါးပါး မညီဘူးဆိုပြီး ပြဿနာ ရှာတယ်

www.burmeseclassic.com

www.burmeseclassic.com


ဟုတ်လား။ ဒါဆိုရှင်ကရော လင့်ဝတ္တရားငါးပါးနဲ့ညီလို့လား။ ကျွန်မ တို့မိသားစုမှာ နေ့စဉ်နဲ့အမျှ မဝရေစာ စားနေရတာ ရှင်မမြင်ဘူး လား"

"ဟ ဒါတော့ ငါလဲ ရသလောက်ရှာနေတာပဲ"

"ဘာ. . . ရသလောက်ရှာလဲ။ ရသလောက်ရှာ၊ ရှာ သလောက်သုံးနေတာ ကျွန်မမသိဘူးမှတ်လား။ ဟင် ရှင်ရှာနေ တဲ့ ပိုက်ဆံတွေနဲ့ အနီကောင်တွေထိုး၊ အရက်ဆိုင်မှာ အရက် သောက်ပြီး သုံးဖြုန်းနေတာ ကျွန်မသိတယ်။ ဒါပေမယ့် မျိုသိပ်နေ ရတာ ကြာပြီ"

အမှန်တော့ ဒီကိစ္စကို မနေ့ည ရန်ဖြစ်တုန်းက အကုန် ပြောပြီးသား။ ဒါကြောင့် သူမျိုသိပ်ထားတာ တစ်ညနဲ့ လေးနာရီ လောက်ပဲ ရှိလိမ့်မယ်။ ဒါကိုတောင် မျိုသိပ်ထားတာ ကြာပြီဆိုပဲ။ ဒါကို ကျိုတင်အောင်ကလဲ မခံဘူး။

"အေး ငါရှာပေးတဲ့ ပိုက်ဆံတွေနဲ့ နင်ဖဲလည်ရိုက်နေတာ လဲ ထည့်ပြောဦးလေ မိအေးနွယ်။ နင့်ကောင်းမှုနဲ့ ကြွေးကြီး ကြွေး ငယ် လှည့်ဆပ်နေရတဲ့ ငါ့ဘဝကိုလဲ သနားပါဦး"

"ဘာပြောတယ် ကိုတင်အောင် ဟား ဟား ဟား။ သည်လိုလေးပဲ ဖြစ်သလိုရယ်လိုက်ချင်သေး။ ကျွန်မမှာတော့ ရှင်း


www.burmeseclassic.com

www.burmeseclassic.com



တို သူတော်ကောင်းကြီးဆိုပြီး တစ်အိမ်တက် တစ်အိမ်ဆင်းချီးမွမ်းနေတာ။ ခုတော့ ဖွတ်ထွက်မှ တောင်ပို့မှန်း သိရပြီပေါ့"

အမှန်တော့ တစ်အိမ်တက် တစ်အိမ်ဆင်း အတင်းချည်းလည်တုတ်နေတာ။ သူ့ယောကျ်ားကိုလဲ ပြောထားတာ ရစရာကိုမရှိတော့ဘူး။

"တော်စမ်းပါ အေးနွယ်ရာ။ ဂါထာကို လူတိုင်းလိုက်ပေးနေရင် တေးဖြစ်သွားမှာပေါ့။ အခုမှ နငယ်ကို အမြီးတပ်ပြီး နုမနေပါနဲ့ အေးနွယ်။ တင်အောင်တို့က ဒါမျိုး ရိုးနေပြီ"

"ဟင်း ဟင်း ဟင်း။ ရိုးနေပြီတဲ့လား ကိုတင်အောင်။ အရင်ကတော့ ချစ်လှပါချည်ရဲ့ဆိုတဲ့ ပေဘာဒီ မိအေးနွယ်ကို ရိုးနေပြီလို့ ရှင်မို့ ပြောထွက်တယ်။ ရှင်တို့ ယောကျ်ားတွေက ရေနိမ့်ရာစီး မီးမြင့်ရာလောင်တဲ့ အမျိုးတွေပဲ။ အစကတော့ အေးနွယ်ကိုမမြင်ရရင် မနေနိုင်ပါဘူးဆိုပြီး။ အခုကျတော့ ရွှေရိုးလို့ မိုးကြိုးပန်ချင်ပြီပေါ့"

"ဒီမယ် အေးနွယ်။ သမားဆို အိုစေ၊ မယားဆို ပျိုစေဆိုတဲ့အတိုင်း မင်းကရော ဘယ်တုန်းက နုပျိုအောင် နေနေလို့လဲ အေးနွယ်"

"ဘာ သမားအိုစေ၊ မယားပျိုစေ ဟုတ်လား။ ဒီမယ် မှတ်

www.burmeseclassic.com

www.burmeseclassic.com



ထား ကိုတင်အောင် ကျွန်မက ရှင်နဲ့ညားကတည်းက အပျိုမဟုတ်ဘူးရှင့် သိရဲ့လား"

"ဘာ အေးနွယ်။ ဒါ ဒါဆို ငါက လှည်းကျိုးထမ်းခဲ့ရတဲ့ မျက်ကန်းနွားပေါ့ ဟုတ်လား"

"ဟုတ်တယ်။ ဟင်း ဟင်း ဟင်း ကျွန်မက ရှင့်ကို ဂုဏ်နဲ့ ဖြိုးပ်နဲ့ရှိစေချင်လို့ ဒါတွေမပြောဘဲနေခဲ့တာ။ ခုတော့ နောက်လာတဲ့မောင်ပုလဲ ဒိုင်းဝန်ထက်ကဲလို့ ပြောရတာ သိပလား ဟား ဟား ဟား"

ဒီမှာ ကိုတင်အောင် မျက်ရည်ဝဲပြီး

"ဩော် အေးနွယ်ရယ်။ ငါကတော့ ချစ်လှချည့် ကြိုက်လှချည့်ဆိုပြီး သုံးနှစ်သုံးမိုး ရအောင်ပိုးခဲ့ပြီး အတူတကွ နေတော့ ပျဉ်ထောင်၊ စားတော့ချဉ်ပေါင် အတူတကွ ဒိုးတူဘောင်ဘက် ရည်မှန်းချက်ထားခဲ့တာ။ အခုတော့ အခုတော့"

အဲဒီအချိန်မှာပဲတွံတေးသိန်တန် "ပန်းနွယ်ကဗ်ာ်း" တွေဘာတွေ ကောက်ဖွင့်သေးတာ။ သူတို့ရန်ဖြစ်နေတာ နာထောင်သူတွေ မျက်ရည်ဖြိုင်ပြီး သီချင်းတစ်ဝက်လောက်ကျမှ ဒေါ်အေးနွယ်က. .

"ဟယ်. . ကိုကိုတင်အောင်၊ ကိုကိုတင်အောင် ရှင်ငိုနေ

www.burmeseclassic.com

www.burmeseclassic.com



တယ်ဟုတ်လား မငိုပါနဲ့ ကိုတင်အောင်ရယ် ကိုတင်အောင်ငိုရင် အေးနွယ်ရင်ထဲ မချိလို့ပါ။ မငိုနဲ့နော် တိတ် တိတ်"

ဦးတင်အောင်က မျက်ရည်ပင့်သုတ်ပြီး

"မငိုပါဘူး အေးနွယ်ရယ်. . အေးလေ မစွမ်းရင်းကရှိ ကန်စွန်းခင်းက ငြိခဲ့ပြီပဲ . . မင်းသားကြီးမလုပ်ရလို့ ပတ်မကြီးထိုး ဖောက်တဲ့အထဲ ဟောဒီ ကိုတင်အောင် မပါ ပါဘူး။ မင်းဘယ်လို ပဲဖြစ်ခဲ့ဖြစ်ခဲ့ ဟောဒီ ကိုတင်အောင် မေတ္တာမပျက် သစ္စာဖက်ပြီး အဖန်ငါးရာ ငါးကမ္ဘာထိ သက်ဆုံးတိုင် ပေါင်းဖက်ပါ့မယ်"

"အိုး ကိုတင်အောင်ရယ်။ အဟင့်"

ဆို ဘေးနားက ရန်ဖြစ်လို့ ဝိုင်းကြည့်နေတဲ့ သူတွေ တောင် ပီတိမျက်ရည်နဲ့ လက်ခုပ်ထတီးပြီး အားပေးရမလိုတွေကို ဖြစ်ကုန်ရော။ ရန်ပွဲက အဲဒီလောက်စွမ်းတာ. . .

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကြုံဖူးသမျှ လင်မယားတွေထဲမှာ ရန်ဖြစ် စပယ်ရှယ်လစ်လို့ပဲ တင်စားပါရစေ။ ရန်ဖြစ်တာကို တစ်နေ့ တစ်မျိုး မရိုးအောင် ဇာတ်လမ်းဆင်ပြီး ဖြစ်ပြနိုင်တယ်။ သူတို့ ရန်ဖြစ်ရင် စကားပုံတွေရော ပုံတိုပတ်စတွေရော အကုန်ပါနေ တော့ ရန်ဖြစ်တာ နားထောင်ရင်းနဲ့ကို ဗဟုသုတရနေတော့တာ။ ကျွန်တော့်ဘဝမှာတော့ အထူးဆန်းဆုံး ရန်ဖြစ်နိုင်တဲ့၊ ရန်ဖြစ် တတ်တဲ့ လင်မယားလို့ပဲ တင်စားပါရစေ။

ဘာလို့လဲဆိုတော့ အဲလောက်ဆွဲဆောင်မှုရှိအောင် ဘယ် သူမှ ရန်မဖြစ်တတ်ကြလို့ပဲ။

ဒီလိုရန်ဖြစ်တာ ဒီတစ်ခါပဲလားဆိုတော့ တစ်နေ့ နှစ်ခါ။ ဘယ်အချိန် ရန်ဖြစ်ဖြစ် ဇာတ်လမ်းမထပ်ဘူး။ လာပြန်ပြီ ညနေ ပိုင်း . . .

www.burmeseclassic.com

www.burmeseclassic.com



"ကိုတင်အောင်၊ ကိုတင်အောင်"

"ဟေ ဘာတုန်း အေးနွယ်ရ အလန့်တကြား"

"အို အလန့်တကြား လုပ်မနေနဲ့ ရှင့်သား မြေကြီးတွေ စားလို့"

"အာ အေးနွယ်ရာ။ မင်းမြင်ရဲ့သားနဲ့ မင်း တားပေါ့"

"ဘာပြောတယ်ရှင့်။ ကျွန်မက တားရမယ် ဟုတ်လား။ ဒါ ရှင်နဲ့ကျွန်မရထားတဲ့သားလေ ရှင်နဲ့လဲ ဆိုင်တာပေါ့"

သူတို့စကားအသံ ကျယ်ကျယ်ကြားတာနဲ့ ဘေးအိမ်တွေ ခေါင်းပြူလာပြီ။ ကိုတင်အောင်နဲ့ ဒေါ်အေးနွယ် ဒီညနေ ဘာ စာတ်ထုပ်ခင်းမလဲပေါ့။

"ဟာ အေးနွယ်ရာ မင်းနဲ့နီး မင်းတား။ ငါနဲ့နီး ငါတားမှာ ပေါ့။ ထုံးမညီ မြေညို၊ မြေမညီ ထုံးနဲ့ညှိရမှာပဲ"

"ဘယ်လိုပြောလိုက်တယ် ကိုတင်အောင်။ ထုံးမညီ မြေနဲ့ ညှိ ဟုတ်လား။ ဩော် ကျွန်မမှာတော့ ဟောဒီရင်သွေးလေးရ အောင် ရှင့်ကို ကျွန်မက အပျိုစင်ဘဝကို ပေးဆပ်ခဲ့ရတာ"

မနက်က ရန်ဖြစ်တုန်းက သူပဲ တစ်ခုလပ်လိုလို၊ မုဆိုးမ လိုလိုပြောပြီး ညနေကျ အပျိုစင်ပြန်ဖြစ်နေပြန်ပြီ။ ဒါကြောင့် သူတို့ ပြောနေတာ ဘယ်ဟာအမှန်မှန်းကို မသိဘူး။ ဒါပေမဲ့ နား

www.burmeseclassic.com

www.burmeseclassic.com



ထောင်ကောင်းတယ်။

"အေးလေ အေးနွယ်ရာ။ အခုဟာက မင်းထွက်ရာ ရက်ရာဇာသဘောမျိုး ငါပြောနေတာမဟုတ်ပါဘူး။ မျက်နှာလွှဲ ခဲပစ်ဖြစ်မှာစိုးလို့ပါ"

"ဟင်း ဟင်း သိပါပြီ ကိုတင်အောင်။ မြင်ရပါများတော့ ငယ်နမ်းပါများတော့ပြယ်ပြီပေါ့။ ရှင်ဟာလေ ကျွန်စစ်သားမင်းကြီး လိုပဲ။ အစကတော့ ချစ်လှချည့် ကြိုက်လှချည့်ဆိုပြီး ရှင်မထီးရွှေ ရှောက်သီးကျွေးတာတောင် သမ္ဘူလမျက်နှာနဲ့ အရမ်းချိုတာပဲ ဆိုပြီး မြုံးမြုံးကြီးစားပြခဲ့ပြီး ဗိုက်တစ်လုံးရပါမှ လက်စွပ်တစ်ကွင်း ပေးချန်ခဲ့ပြီး နန်းတော်ရောက်တော့ ရုပ်မမှတ်မိဘဲ လက်စွပ်ပြခိုင်း လက်စွပ်ပြမှ မငြင်းသာလို့ ခေါင်းညိတ်ခဲ့တာ အခုတော့ ကလေး တစ်ယောက်ရမှ ရှောက်သီးက ချဉ်ပြီပေါ့"

"အဲလို မပြောပါနဲ့ အေးနွယ်ရာ။ ကိုတင်အောင် အချစ် က ဆဒ္ဒန်ဆင်မင်းလို အချစ်ပါ။ အေးနွယ်ကမှ အစွယ်လိုချင်၊ ကိုတင်အောင် လိုလိုချင်ချင် ဖြတ်ပေးပါ့မယ်"

"ဟွန့် ရှိတာမှ အစွယ်က တစ်ချောင်းလေး"

(ရယ်သံများ)

"ဘာပဲပြောပြော ကိုတင်အောင် ရှင်တို့က ရှုကုန်သည်

www.burmeseclassic.com

www.burmeseclassic.com



တွေလိုပဲ။ ရွှေခွက်မှန်းသိတဲ့ ကျွန်မက ကြေးခွက်ပါဆိုပြီး ရှင် အချောင်နှိုက်ခဲ့တာပဲ မဟုတ်လား"

"မဟုတ်ရပါဘူး အေးနွယ်ရယ်။ အနေစုတ်ပေမယ့် ရွှေ ထုပ်တဲ့ မြပဝါလေးမှန်းသိပါတယ်။ မိန်းကလေးဆိုတာ"

"ဘာပဲပြောပြော ရှင်ကျွန်မကို အိုင်တွေ့လို့ ခြေဆေးခဲ့ တာ မဟုတ်လား"

"မဟုတ်ရပါဘူး အေးနွယ်ရာ။ အိုင်တွေ့တိုင်း ခြေဆေး တာမဟုတ်ပါဘူး။ အိုင်တွေ့လို့မှ ရွံ့မလူး၊ ကျွဲရူးဖြစ်သွားမှာပေါ့။ မှန်းခြင်းပြောတော့ တိုက်၊ ချစ်ခြင်းပြောတော့ ငိုက် မလုပ်စမ်းပါနဲ့"

"ဒီမှာ ကိုတင်အောင်။ ရှင်က မရွှယ်ဘဲစော်ကဲမင်း ဖြစ်ခဲ့ တာပါ။ ကျွန်မအပျိုဘဝက ကျွန်မကို ဘယ်လောက် ကြိုက်ခဲ့တယ် ဆိုတာ ရှင်အသိ။ အခု ကလေးတွေရတဲ့အထိ ကျွန်မက လိုချင် တယ်ဆိုရင် ပြေးပြေးလာကြမယ့်သူတွေ အများကြီး ဟင်း ဟင်း"

"အဲဒါပဲ အေးနွယ်ရာ။ မလုံတဲ့အိုး၊ တုတ်မိုးရုံနဲ့ ဘာတဲ့။ နင့်မှာ စူဠသုဘဒ္ဒာလို အကြံရှိမှန်း ကိုတင်အောင် အခု သိရပြီပေါ့။ အေးလေ။ မြစ်ကြီးလို့ ရေစီးတာ မဆန်းပါဘူး။ တစ်ဝမ်း တစ်ခါး အတွက် ရှာဖွေကျွေးနေတဲ့ လင်ယောကျ်ားမျက်ရည်ကျမှ စားဝင့် မယ်ဆိုလဲ မင်းအတွက် ငါငိုပါ့မယ် အေးနွယ်ရာ"

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မျိုးမှာဆို တွံတေးသိန်းတန်ရဲ့ "အေးနွယ်လေး ရယ်၊ အတွေးဆိုတာ ဖျောက်ဖျက်ပစ်ရတယ်" သီချင်းလေးဖွင့်ချင် ဖွင့်တာ။ ပြီးမှ . . .

"ကိုတင်အောင်။ ကိုတင်အောင်ရယ်။ ကိုတင်အောင် မငို ရပါဘူး။ အေးနွယ်ကြောင့် ကိုတင်အောင် မငိုရပါဘူး။ အေးနွယ် က ကိုတင်အောင်ကို ချစ်လို့ ကျီစယ်တာပါ။ တိတ်တော့နော် ကိုတင်အောင်နော်"

"ဟင်း အင်းပေ့ါလေ။ ချစ်မယားက ကျီစားတာဆိုတော့ လဲ ဟောဒီကျိသမားတင်အောင် ဖင်ပြောင်အောင် ခွင့်လွှတ်ရမှာ ပေ့ါ။ ဇနီးမယား သားအရေးမို့ အသာပေးလို့ ပြောရရင်တော့ ဟောနယ်တစ်ခွင် လူတွင်မှတ်ရအောင် ရွာစားရေ. . . အမုန်း ဇာတ်လမ်းဖြတ်"

ဒီလိုနဲ့ ရန်ပွဲက ပြီးကြပြန်ရော။

တကယ်ပါ အဲဒီလင်မယား တစ်နေ့ကို ဇာတ်နှစ်ပုဒ်နှုန်း နဲ့ အပြောဇာတ်ကသွားတာ နှစ်ပေါက်တယ်။ နေ့တိုင်း သူတို့ရန်ပွဲ ကို နားထောင်ရတယ်။ နားထောင်တိုင်းလဲ ဇာတ်တွေက မရိုးသွား ဘူး။

× × × × ×

[redacted]

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ခါ ဂျီတင်အောင် မယားကြီးရှိတဲ့ဇာတ်၊ တစ်ခါတစ်ခါ ဒေါ်အေးနွယ် လင်ငယ်ယူတဲ့ဇာတ်၊ တစ်ခါ တစ်ခါ ဦးတင်အောင် မူးလဲတဲ့ဇာတ်၊ တစ်ခါတစ်ခါ ဒေါ်အေးနွယ် နှလုံးရောဂါရှိတဲ့ဇာတ်၊ ဇာတ်ပေါင်းများစွာ မရိုးနိုင်အောင် ပြောပြသွားနိုင်ပါတယ်။

ကျွန်တော် စဉ်းစားတယ်။ ဘာကြောင့်များ ဒီလောက်နေ့စဉ်ရန်ဖြစ်နေတဲ့လင်မယား ဘာကြောင့် ကွဲမသွားတာလဲ။

ပြောရရင်တော့ နှစ်ယောက်လုံးက ရုပ်ခပ်ချောချောတွေချည်းပါပဲ။ ဒီလင်မယားကွဲပြီး အဆင်ပြေတဲ့ တစ်ယောက်စီ ထပ်ယူလို့ ရနိုင်ပါသေးတယ်။ ဒါနဲ့များ အဆင်းရဲ၊ အငတ်ပြတ်ခံပြီး ဒီလင်မယား ပေါင်းနေသေးလဲပေါ့။

ငယ်တုန်းကတော့ စဉ်းစားမိတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဩော် တို့တွေက ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေပဲ။ မယူရင်နေ။ ယူပြီးရင်လဲ ဘာပဲဖြစ်ဖြစ်၊ ဘယ်လောက် ဆိုးဆိုး၊ ဘယ်လိုဒုက္ခရောက်ရောက် ထုံးစံအတိုင်း တစ်လင် တစ်မယားစနစ်နဲ့ပဲ နေထိုင်ရမယ်ပေါ့"

ကျွန်တော့်အဖေနဲ့ အမေလဲ ဒီလိုပါပဲ။ သူတို့လဲ သိပ်တည့်ကြတာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ရန်ဖြစ်လိုက်၊ ပြန်တည့်လိုက်နဲ့ နှစ်ပေါင်း (၆၀)နီးပါး မကွဲမကွာဘဲ နေခဲ့ကြတယ်လေ။

ယူပြီးမှ ပြန်ကွဲကြရင် "ရှက်စရာကြီး"လို့ လူတွေ မြင်မှာစိုးလို့ ကျွန်တော် ထင်ခဲ့မိပါတယ်။

မဟုတ်ဘူးဗျ။ ကျွန်တော် အသေအချာ စုံစမ်းကြည့်တော့. . .

ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက် တကယ်ချစ်ကြိုက်ချိန်ဟာ (၇)နှစ်ပဲ ကြာရှည်တတ်ပါတယ်။ (တချို့လဲ ဒီထက် ကြာနိုင်တာပေါ့)။ အဲလို (၇)နှစ်ကျော်သွားရင် လင်မယားစိတ်မရှိတော့ပါဘူး။ မေတ္တာနဲ့ ပေါင်းသင်းသော မောင်နှမစိတ်ပဲရှိပါတော့တယ်။

ဒါကြောင့် လင်မယားကိစ္စ မဆင်ခြင်တဲ့နိုင်ငံတချို့မှာ (၇)နှစ်မပြည့်ခင်မှာ ပြန်လည်ကွဲကွာပြီး နောက်အိမ်ထောင် ထူ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်တတ်ကြပါတယ်။

ကဲ ဆိုကြပါစို့။ ဒီလိုမျိုးပဲ နေ့စဉ်ရက်ဆက် မနက် တစ်ခါ ညတစ်ခါ အနည်းဆုံးရန်ဖြစ်နေတဲ့ လင်မယားဟာ (၇)နှစ်ကြာ သက်တွဲလို့ ဖြစ်ပါ့မလား။

ဂျီတင်အောင်နဲ့ ဒေါ်အေးနွယ် သေသည်အထိ မခွဲ မခွာ နေသွားကြပါတယ်။ ဘာလို့ပါလိမ့် . . .

"နှလုံးသားချင်း မဝေးလို့ပါ"

ဒီမှာ နှလုံးသားနဲ့ပတ်သက်ပြီး နီးခြင်း၊ ဝေးခြင်း ကျွန်တော်သိသလောက်ပြောပါရစေ။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



အနီးအနားမှာ ရန်ဖြစ်နေကြတဲ့ လူငယ်စုံတွဲ၊ ဒါမှ မဟုတ်
လင်မယား၊ ဒါမှမဟုတ် တစ်ခါမှ မဆုံဖူးသူတွေ တွေ့ဖူးကြမှာပါ။
ဆိုကြပါစို့။
လူငယ်လင်မယား စုံတွဲပဲ ဆိုကြပါစို့။
ရန်ဖြစ်သူတို့ရဲ့ ထုံးစံအတိုင်း မျက်နှာချင်းဆိုင် အနေ
အထားနဲ့ပဲ . . .
"နင်က ဘာဖြစ်တယ်။ အိမ်မှုကိစ္စဘယ်လို ချို့ယွင်းတယ်
ငွေသုံးတာ ဘယ်လို"
တစ်ယောက်ကလဲ
"နင်က ဘယ်လောက်ရှာနိုင်လဲ။ အိမ်မှုကိစ္စက ဘယ်လို
ဘယ်လိုတွေသုံးနေတာ နင်သိလား"
စသည်ဖြင့် လူချင်းနီးနေပါလျက် အော်ဟစ်ပြောဆို နေ

www.burmeseclassic.com

www.burmeseclassic.com



တာတွေ တွေ့ဖူးကြပါလိမ့်မယ်။ သူတို့ဟာ လူချင်းနီးပါလျက် ဘာဖြစ်လို့ အော်ပြောနေကြပါလိမ့်။

“နှလုံးသားချင်း ဝေးသွားလို့ပါ”

နှလုံးသားချင်း ဝေးသွားတဲ့အခါ တစ်ယောက်ကို တစ်ယောက် ဘယ်လောက်အော်ပြောပြော တစ်ယောက် စကားတစ်ယောက် မကြားတော့ပါဘူး။

အမှန်တော့ လူချင်းနီးပါလျက် တစ်ယောက်စကားတစ်ယောက် မကြားတော့တာ နှလုံးသားချင်း ခေတ္တဝေးသွားလို့ပါ။

နှလုံးသားချင်း ဝေးသွားတာနဲ့ အနီးစပ်ဆုံးဖြစ်တဲ့ အမုန်းစိတ်တွေ ဝင်လာပါတော့တယ်။ ဒါကြောင့် အမုန်းစိတ်နဲ့ ဘာပဲပြောပြော ဝေးကွာနေတဲ့ နှလုံးသား ဘယ်လိုမှ မကြားနိုင်တော့ပါဘူး။

ပြန်စဉ်းစားကြည့်ပါ။

ချစ်စ ခင်စမှာ ဒီလိုစကားကျယ်ကျယ်ပြောဖို့ မဆိုထားနဲ့။ “ချစ်တယ်”ဆိုတဲ့ စကားတိုးတိုးလေးပြောရင်တောင် နှလုံးသားက ကျယ်လောင်စွာကြားရပါတယ်။ တစ်ခါတလေ စကားနဲ့တောင် ပြောစရာမလိုဘဲ မျက်ဝန်း ဒါမှမဟုတ် အမူအယာလေးတချို့နဲ့

www.burmeseclassic.com

www.burmeseclassic.com



တင် နှလုံးသားက ကြားနိုင်ပါတယ်။

ဒါပေမယ့် အခုတော့

ချစ်လို့ ယူထားကြတဲ့ နှစ်ယောက်၊ မျက်နှာချင်းဆိုင် အော်ဟစ်ပြောနေတာတောင် မကြားနိုင်တော့ပါဘူး။

လောကမှာ အမှန်တရား တစ်ခုပဲရှိမှာပါ။ ဆန့်ကျင်ဘက် အမှန်တရားဆိုတာ တကယ်တော့ ဖြစ်တောင့်ဖြစ်ခဲ ကိစ္စတစ်ခုပါပဲ။

သူ့ဘက်ကကြည့်တော့လဲ သူ့အမှန်တရား။ ကိုယ့်ဘက်ကကြည့်တော့လဲ ကိုယ့်အမှန်တရားနဲ့ တိုက်ခိုက်နေကြတာ။

ဒါမျိုး အမှန်တရားချင်း တိုက်ခိုက်နေတာ အိမ်ထောင်ရှင်တွေ ချစ်သူရည်းစားတွေမှာပဲလား။ စစ်ပွဲတွေ၊ စစ်ပွဲတွေ။ မဆုံးနိုင်တဲ့ လူမျိုးရေး၊ ဘာသာရေးစစ်ပွဲတွေ အများကြီးပါ။

ဘာလို့ပါလိမ့်။

တစ်စုံတစ်ခုကြောင့် အမှန်တရားတွေ ကွာခြားနေလို့ပါ။ တစ်စုံတစ်ခုကြောင့် ဆန့်ကျင်ဘက် အမှန်တရားကို ယုံမှားမိကြလို့ပါ။

အဲဒီလို လူတွေကို စားပွဲဝိုင်း တစ်ဝိုင်းမှာ မျက်နှာချင်းဆိုင် ထိုင်ခိုင်းဦးတော့ နှလုံးသားမနီးရင် တစ်ယောက် အမှန်တရား

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် မကြားကြတော့ပါဘူး။

ဒါကြောင့်

နှလုံးသားနီးရင် လူချင်းဘယ်လောက်ဝေးစေ ဘာသာရေး ဘယ်လိုကွာကွာ တစ်ယောက်ကိုတစ်ယောက် မြင်နိုင်ကြပါတယ်။

အလွန်ဝေးကွာတဲ့ အနေအထားမှာ ဘာသာစကား မလိုဘဲလဲ အလိုလို ကြားနိုင်ပါတယ်။

နှလုံးသားချင်း ဝေးရင်တော့ မျက်နှာချင်းဆိုင် တွေ့ပါလျက် ဒေးငွဲနိုင်းကစ်ဂိုင်းထဲ အတူထိုင်နေပါလျက် တိုးကိုးလေး ပြောရင်တောင် ကြားနိုင်တဲ့အနေအထားမှာ အော်ဟစ် ပြောဆိုရင်တောင် မကြားနိုင်တော့ပါဘူး။

ဆိုကြပါစို့။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



အခုခေတ်ကလေးတွေ အိမ်ထောင်ဖက်ရှာတဲ့အခါ ထည့်သွင်းစဉ်းစားသင့်ဆုံးအရာပါ။

တချို့ကချစ်သူရည်းစားဘဝမှာတင် ဆဲဆိုနေတာ လက်ပါတတ်တာမျိုးတွေ ကြုံရမှာပါ။

အဲဒီလိုလူမျိုးတွေကို ရှောင်ရှားသင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူ့နှလုံးသားတောင်သူနဲ့ မနီးကပ်နေလို့ပါပဲ။

တချို့ကလဲ

"နောက်ဆိုပြင်ပါ့မယ်"

ဆိုတဲ့ခွင်းချက်နဲ့ လက်ခံတတ်ကြပါတယ်။

"မှားပါတယ်"

ဘာကြောင့်လဲဆိုတော့ လူ့ရဲ့စရိုက်ဆိုတာ ပြင်ရ အခက်ဆုံးကိစ္စတစ်ခုပါ။

www.burmeseclassic.com

www.burmeseclassic.com


ဆိုပါစို့။

လူတစ်ယောက်ရဲ့ဘဝဟာ စကားတစ်ခွန်းထဲနဲ့ စကြေပါသတဲ့။

စကားတစ်ခွန်းဟာ လူတစ်ယောက်ရဲ့အမူအကျင့် ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ သူပြောတဲ့စကားကို သူတာဝန်ယူ တည်ဆောက်ရမှာမို့လို့ပါ။ ဒါကြောင့် . . .

စကားတစ်ခွန်းဟာ အဲဒီလူရဲ့အမူအကျင့်ဆိုရင် အဲဒီအမူအကျင့်ဟာ အဲဒီလူရဲ့ စရိုက်ပါပဲ။

လူတစ်ယောက်မှာ ကောင်းတဲ့အမူအကျင့်စရိုက် ရှိချင်ရှိမယ်။ ဆိုးသွမ်းတဲ့ အမူအကျင့်လဲ ရှိနိုင်တယ်။

သူ့ရဲ့စရိုက်ဟာ သူ့ရဲ့ကံကြမ္မာဖြစ်ပါတယ်။

ကံကြမ္မာကတော့ သူ့ရဲ့ဘဝပါပဲ။

စကားတစ်ခုတည်းနဲ့တင် လူ့ဘဝဖြစ်နိုင်တယ် ဆိုခဲ့တဲ့အတွက် မကောင်းတဲ့စရိုက်ရှိတဲ့သူမှာစကားလုံးကောင်း ရှိနေနိုင်ပါ့မလား။ ကံကြမ္မာကောင်းကော ရှိနိုင်ပါ့မလား။ ကံကြမ္မာမှမကောင်းရင် ဘဝရောကောင်းနိုင်ပါ့မလား။

ဒါကြောင့်လူငယ်များ အချစ်ရေးနဲ့ အိမ်ထောင်ဖက် ရွေးချယ်တဲ့အခါ သတိထားစေလိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူမှာ ကောင်းတဲ့စရိုက်မရှိရင် ကောင်းတဲ့စကားလုံးလဲ ကြားရမှာမဟုတ်ပါဘူး။ ဒီတော့ကိုယ်တိုင်လဲ ကောင်းတဲ့ကံကြမ္မာကို ရရှိမှာမဟုတ်ပါဘူး။

သူ့ဟာသူတောင် သူ့စိတ်နဲ့သူ့ခန္ဓာတောင် နှလုံးသားနဲ့ မနီးရင် ကျန်တဲ့သူအပေါ်မှာရော နှလုံးသားနဲ့ နီးနိုင်ပါ့မလား။

"ဆိုးလွန်းလို့ သာသနာ့ဘောင်ထဲသွတ်သွင်းလိုက်တယ် ပြန်ထွက်လာတော့ဆိုးမြဲပဲ"

ဒီလိုလူတွေအများကြီးပါ။ ဘာကြောင့်လဲ စရိုက်ဆိုတာ အင်မတန်ပြင်ရခက်တဲ့အမျိုးပါ။

ချစ်သူဆီကအဖြေမရခင် ရိုးသားသွားတာ သန့်ပြန့်သွားတာတွေ အများကြီးကြုံတွေ့ရပါတယ်။ ဒါပေမယ့် သိပ်မကြာပါဘူး။ အဖြေရပြီးတာနဲ့ ဗီဇက ပြန်ပေါ်လာတော့တာပဲ။

အရိုးရှင်းဆုံး ဥပမာပြောပါရစေ။

ကျွန်တော်ဆိုရင် ဘောင်းဘီတိုဝတ်ရတာ နှစ်သက်ပါတယ်။ အိမ်မှာနေရင် ဘယ်အချိန်ဖြစ်ဖြစ် ဘောင်းဘီတိုပဲ ဝတ်ထားတတ်ပါတယ်။ ဒါပေမယ့် အပြင်ထွက်တဲ့အခါ ဘောင်းဘီတိုနဲ့အပြင်မသင့်လို့ ဘောင်းဘီရှည် ဝတ်ရပါတယ်။

ဒါကြောင့် ကျွန်တော့်ကိုမြင်တဲ့သူတိုင်း. . .

www.burmeseclassic.com

www.burmeseclassic.com



"ဟာ သူကတော့အမြဲတမ်းဘောင်းဘီရှည်နဲ့ပဲကွ"

လို့ထင်တတ်ကြပါတယ်။ မဟုတ်ပါဘူး။ တကယ် ကျွန်တော်နှစ်သက်တာ ဘောင်းဘီတိုပါ။

ဆိုပါတော့ အပြင်စိတ်က ဘောင်းဘီရှည်ဆိုရင် အတွင်းစိတ်ကျတော့ ဘောင်းဘီတိုပေါ့။

ဒီလိုပဲလူတွေမှာလဲ ခန့်မှန်းရခက်တာ အများကြီးရှိပါတယ်။

အပြင်ပန်းကြည့်ရင်စိတ်ရှည်သယောင်ရှိပေမယ့် အတွင်းစိတ်ကတော့ အင်မတန်စိတ်တိုတတ်တာမျိုး ရှိနေတတ်ကြပါတယ်။

ဆိုလိုတာကတော့. . .

ကိုယ်နဲ့နှလုံးသားမနီးသူကိုမှ ကြင်ဖော်အဖြစ်ရွေးမိရင် ဘာဖြစ်မလဲ. . .

အမြဲတမ်း မျက်နှာချင်းဆိုင်အော်ဟစ် ရန်ဖြစ်ပြောဆို နေရမှာပေါ့။

အစပြန်ကောက်ကြပါစို့။

ကျွန်တော်ပြောတဲ့ ဂျီတင်အောင်နဲ့ဒေါ်အေးနွယ်တစ်ယောက် နှစ်ကြိမ် လူသိရှင်ကြားရန်ဖြစ်ကြတယ်။ နှလုံးသားဝေးသွားလို့

www.burmeseclassic.com

www.burmeseclassic.com



လား။ ပြန်ကြည့်ပါ။

သူတို့ တစ်ယောက်ပြောတဲ့စကား တစ်ယောက် ကြား ကြပါတယ်။ ရန်သာဖြစ်နေတာ တစ်ယောက်နှလုံးသားက စကား တစ်ယောက်နှလုံးသားက ကြားနေကြပါတယ်။

ဒါကြောင့်လဲ သူတို့နှစ်ယောက်ဟာ သေတပန် သက် တဆုံး ရန်ဖြစ်ရင်း ပေါင်းသင်းသွားကြနိုင်ပါတယ်။

ဒါကြောင့် အခုကျွန်တော့်ရဲ့စကား နားကြားနေသူ မှန် သမျှလဲ အိမ်ထောင်ဖက် မိတ်ဖက်ရွေးချယ်နိုင်ကြပါစေ။ နှလုံးသား နီးသူများနဲ့ တွေ့ကြပါစေ။ တိုင်းရင်းသား အားလုံးလဲ နှလုံးသား နီးနီးနဲ့ ဆွေးနွေးညှိနှိုင်းနိုင်ကြပါစေ. . . ။ ပျော်ရွှင်စွာ ရန်ဖြစ်နိုင် ကြပါစေ. . . လို့. . . ဆုတောင်းမပေးပါဘူး။ ပျော်ရွှင်စွာ နေနိုင် ကြပါစေလို့ပဲ ဆုတောင်းပေး လိုက်ပါတယ်။

ကဲ. . . နောက်တစ်မျက်နှာကို ကြည့်ကြရအောင်ဗျာ။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကစာရေးဆရာသာဖြစ်လာတာ ကျွန်တော့်ရဲ့ငယ်ဘဝက အင်မတန်ရယ်စရာကောင်းတယ်။ ရယ်စရာကောင်းတယ်ဆိုတာ ရင်နာနာနဲ့ရယ်နေဖို့ပဲ ကောင်းတယ်ပြောတာပါ။

အဖေကလဲ ရဲဝန်ထမ်း အမေကလဲမှီခို သားသမီးကလဲ (၇)ယောက်တောင်ဆိုတော့ ချို့ချို့တဲ့တဲ့ပဲ ဖြတ်သန်းခဲ့ရပါတယ်။ သားသမီးကများတော့ မိဘများက သားသမီးအယောက်စေ့ကို လိုက်ကြည့်မနေနိုင်ဘူး။ အလုပ်ကလဲ လုပ်ရသေးတာကိုး။ တတ်နိုင်သလောက်တော့လဲ ဖြည့်ဆည်းပေးပါတယ်။

ဒါကြောင့်ညီအစ်ကိုမောင်နှမ(၇)ယောက်မှာ (၃)ယောက်ဟာ ဘွဲ့ရပြီး (၄)ယောက်ကတော့ ဆယ်တန်း မအောင်ပါဘူး။

အဲဒီ့ထဲမှာမှ ကျွန်တော်ကအဆိုးဆုံးပါ။

www.burmeseclassic.com

www.burmeseclassic.com



ရထားတဲ့နံပါတ်က နံပါတ်(၆)။

မိဘများထုံးစံအတိုင်း သားဦးဆို အရှုံးအမူးဖြစ်ကြတာပါပဲ။ နောက်တစ်ယောက်ထပ်မွေးတော့ ချစ်သေးတယ်။ တတိယတစ်ယောက်ကျပြန်လဲ ဂရုစိုက်သေးရဲ့။ နံပါတ်(၄) ကျမှ ထူးထူးခြားခြားမိန်းကလေး (ကျွန်တော်တို့အစ်မပေါ့) ဖြစ်နေတော့ ယောကျ်ားလေးသုံးယောက် မိန်းကလေးတစ်ယောက်ဆိုတော့ ချစ်ပြန်ရော။ နံပါတ်(၄)မိန်းကလေး ပြီးတော့ နံပါတ်(၅) ယောကျ်ားလေးပြန်ဖြစ်ပြန်တော့ ပြန်ချစ်ပြန်ရော။ အဲ. . . အဲဒီမှာ နံပါတ်(၆)ကျ ယောကျ်ားလေး (ကျွန်တော်)ဖြစ်နေတော့ ဒီကောင် နည်းနည်းများပြီပေါ့။ အဲဒီကမှ နံပါတ်(၇)ယောကျ်ားလေး (ကျွန်တော့်ညီ)ပြန်မွေးတော့ အမေက သားကြောဖြတ်လိုက်ပြီ။ ဒီတော့ကလေး ထပ်မမွေးတော့ဘူးဆိုတာသိတော့ အငယ်ဆုံးလေးမို့ချစ်ပြန်ရော။

ဒီတော့ မိသားစုမှာ နံပါတ်(၆)နေရာရခဲ့တဲ့ ကျွန်တော်အတော်ကြားကျပြီး နေရထိုင်ရခက်ခဲ့ရပါတယ်။

ဒီကြားထဲ မိဘနှစ်ပါးမွေးချလိုက်တာ အကုန် အချောလေးတွေ။ ကျွန်တော့်ကျမှ တစ်ယောက်တည်းကွက်ပြီး ရုပ်ဆိုးနေလေတော့ ပိုခံရတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လူမှန်းစသိကတည်းက ဂျစ်ကန်ကန်နဲ့ နေတတ်ခဲ့တယ်။

"သူတို့ဂရုမစိုက်တော့လဲ ဘာဖြစ်လဲ၊ ငါ့ဘာသာငါနေမယ်"

ဆိုတဲ့စိတ် အတော်ငယ်ငယ်ထဲက ပြင်းပြင်းပြပြရှိခဲ့ပါတယ်။ ဒါကြောင့်လဲအသက်(၁၃)နှစ်သားထဲက အိမ်ကနေ ထွက်ပြေးခဲ့ပါတယ်။

ဒီစာကိုရေးနေတုန်း အိမ်ရှေ့မှာကျောင်းကားဆိုက်လို့ ကျောင်းကားပေါ်က ကလေးတွေ အော်ဟစ်နေသံကြားတော့ ကျွန်တော့်ငယ်ဘဝပညာရေးကို ပြန်အမှတ်ရပါရဲ့ဗျာ။

ကျွန်တော့်ပညာရေးကို ပြောပြရရင် လူတိုင်းအံ့အားသင့်လိမ့်မယ်။ ဘာလို့လဲဆိုတော့. . .

ကျွန်တော်ဟာ မူလတန်းကနေ လေးတန်းထိကို နှစ်ချင်းပေါက် အောင်ဖူးပါတယ်။ ငါးတန်းကစပြီး ကျွန်တော် အအောင်မကြမ်းတော့ပါဘူး။

နှစ်နှစ်ကိုတစ်တန်း သုံးနှစ်ကိုတစ်တန်းနဲ့ ခပ်ဖြည်းဖြည်းပဲ အောင်ပါတော့တယ်။

ရှစ်တန်း တတိယနှစ်မှာ ကျောင်းပြီးသွားပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြောရတာ အားရှိလိုက်တာ ရှစ်တန်းတတိယနှစ်တဲ့။

ဟုတ်ပါတယ်။ ကျွန်တော် ရှစ်တန်းကို သုံးကြိမ်ဖြေဆိုပြီး သုံးကြိမ်လုံး ကျခဲ့ပါတယ်။

ဒါကြောင့်လဲ သူများတွေ ဘွဲ့ရပြီးမှစာရေးတဲ့သူ ဆရာဝန်ဖြစ်မှစာရေးတဲ့သူတွေကို ကျွန်တော် အင်မတန် လေးစားအားကျခဲ့ပါတယ်။

ကျွန်တော်လည်းအဲဒီကတည်းက တက္ကသိုလ်တက်ချင်ခဲ့ပါတယ်။ ဘာလို့လဲဆိုတော့ အဲဒီခေတ်က စာရေးဆရာတွေရဲ့ ဝတ္ထုတွေမှာ တက္ကသိုလ်ရောက်ရင် ရည်းစားရတတ်ကြောင်း အမြဲရေးကြတာကိုး။

ဒါကြောင့် ကျွန်တော်လဲဆယ်တန်းအောင်ပြီး တက္ကသိုလ်တက်ချင်ခဲ့ပါတယ်။ စာသင်ချင်လို့မဟုတ်ပါဘူး။ ရည်းစား ရချင်လို့ပါ။

ကျောင်းနေတဲ့တောက်လျှောက်မှာ ကျွန်တော့်ရဲ့ အားသာချက်တစ်ခုပဲ ရှိပါတယ်။ ကျွန်တော့်လက်ရေး ကျွန်တော် ဖတ်တတ်တာပါ။ ကျွန်တော့်လက်ရေးကို ကျန်တဲ့သူ တစ်ယောက်မှ မဖတ်တတ်ပါဘူး။ ဒါကြောင့်လဲ ကျွန်တော် စာမေးပွဲမအောင်တာ မထူးဆန်းလှပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ရှစ်တန်းတတိယနှစ်မှာ တစ်နေ့တော့ ကျွန်တော့်ကို ဆရာကြီး ခေါ်တွေ့ပါတယ်။ သူနဲ့ကျွန်တော် နှစ်ယောက်ထဲပါ။ ဒီစကား ဘယ်သူ့မှမကြားစေချင်တဲ့သဘောပါပဲ။

သူ့ရဲ့ ရုံးခန်းထဲမှာ ခုံတစ်လုံးနဲ့ထိုင်စေပါတယ်။ သူက တော့ ကျွန်တော့်ရှေ့ ခေါက်ပြန်လမ်းလျှောက်နေပါတယ်။ ဆုံးဖြတ်ချက်ချရခက်နေပုံပါ။

အတော်ကြာမှ ခုံတစ်လုံးနဲ့ ကျွန်တော့်ရှေ့လာထိုင်ပါတယ်။ သက်ပြင်းကိုချပြီး. . .

“စောကြည်ဖြူ”

“ဗျာ ဆရာ”

သူက ကျွန်တော့်ကိုစိုက်ကြည့်ပြီး

“မင်းကျောင်းထွက်ပလား ငါထွက်ရမလား”

ဆရာကြီးကိုကြည့်ပြီး ကျွန်တော်သနားသွားပါတယ်။ ဟုတ်တယ်လေ သူက ကျောင်းမှာပင်စင်တောင် ရတော့မှာကိုး။ ကျွန်တော်က ကလေးရှိသေးတာ။ ဒါနဲ့ပဲ. . .

“ဟုတ်ကဲ့၊ ကျွန်တော်ထွက်ပါ့မယ် ဆရာကြီး”

ဆိုပြီး ကျွန်တော်အိမ်ပြန်လာပါတယ်။ လွယ်အိတ်လေး ဒရွတ်ဆွဲပြီးတော့ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းက ကျွန်တော့်အဘွားလဲရှိနေပါသေးတယ်။

မျက်နှာမကောင်းဘဲ ပြန်လာတဲ့ ကျွန်တော့်ကို အဘွား ဖြစ်သူက ရိပ်မိတာပေါ့။ ဒါနဲ့ပဲ. . .

"ဟဲ့. . . မြေးလေးစောကြည်ဖြူ ဒီနေ့ကျောင်း အစော ကြီးပြန်လာပါလား။ မျက်နှာလည်းမကောင်းဘူး။ ကျောင်းမှာ ဘာဖြစ်လာလို့လဲ"

ကျွန်တော်ဘာမှပြန်မဖြေပါဘူး။ ဒါကိုအဘွားကလဲ မရ ဘူး။

"ပြောစမ်းငါ့မြေးလေး၊ မင်းအဘွားကို ဘာမှမပြောရင် ဘယ်သူ့ပြောမလဲ ပြောစမ်းပါမြေးလေးရယ် အဘွား ရင်ထိတ် လွန်းလို့ပါ"

အတင်းအကြပ်မေးလာ‌တော့ ကျွန်တော်လဲမပြောချင် ပြောချင်နဲ့ပဲ. . .

"မပြောချင်ပါဘူးအဘွားရယ် ကျောင်းအုပ်ကြီး ကိုယ်တိုင် က မင်းကျောင်းထွက်မလား ငါထွက်ရမလားဆိုပြီး မေးတော့ ကျွန်တော်ကျောင်းထွက်ခဲ့ပါတယ်"

အဘွားရုတ်တရက် ကြက်သေသေသွားတယ်။ အတော် ကြာမှမျက်မှောင်ကျုံ့ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး မြေးလေးကဘယ်နှတန်းနဲ့ ကျောင်းထွက် ခဲ့ရတာတုန်း"

ကျွန်တော်လဲပြောရမှာ ခပ်ရှက်ရှက်ပါပဲ. . .

"မေးမနေပါနဲ့အဘွားရယ် လူကြားလို့မကောင်းပါဘူး ရှစ်တန်းတတိယနှစ်နဲ့ ကျောင်းထွက်ခဲ့ပါတယ်"

ဆိုတော့မှ အဘွားက သူ့ကျိုးနေတဲ့သွားအားလုံး ပေါ်အောင်ထရယ်ပြီး. . .

"ဟားဟားနင်တောင်ရှစ်တန်းနေဖူးသေး။ ငါဆို နှစ်တန်းထဲကကျောင်းထွက်ခဲ့တာ ဟားဟား"

ဟုတ်ကဲ့ မြေးအဘွားနှစ်ယောက်ပေါင်းမှ ဆယ်တန်းပဲရှိပါတယ်။

ဒီမှာအလျဉ်းသင့်လို့ ဖတ်ခဲ့မှတ်ခဲ့တဲ့ ဘာသာပြန် ဝတ္ထုလေးတစ်ခု ပြောပါရစေ. . .

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါကအင်မတန်ချမ်းသာတဲ့ စတိုးဆိုင်ပိုင်ရှင် လုပ်ငန်းရှင်ကြီးတစ်ယောက်ကို ဘဏ်တစ်ခုက သူတို့ဘဏ်မှာ ရင်းနှီးမြှုပ်နှံဖို့ လာရောက်ကမ်းလှမ်းပါတယ်။ ဘဏ်မှာ ရင်းနှီးမြှုပ်နှံဖို့ဆိုတာ တော်ရုံချမ်းသာရုံနဲ့မရဘူးဆိုတာ သိကြပါလိမ့်မယ်။ ဘဏ်ကလဲ ရင်းနှီးမြှုပ်နှံမှုအကြောင်းတွေ ရှင်းပြတော့ သူဌေးကြီးက လက်ခံတယ်။ ဒါနဲ့ နှစ်ဦးသဘောတူ လက်မှတ်ထိုးဖို့ စာချုပ်ပေးတဲ့အခါ သူဌေးကြီးက သူလက်မှတ်ထိုးရမယ့်နေရာ ကြက်ခြေခတ်ပေးလိုက်တယ်။

ဒီတော့မှဘဏ်ကလူတွေက အံ့အားသင့်ပြီး. . .

"ဟာ သူဌေးကြီး စာမတတ်ဖူးလား"

သူဌေးကြီးကပြုံးပြီး

"အင်းလေ စာမတတ်လို့ လက်မှတ်နေရာကြက်ခြေခတ်

www.burmeseclassic.com

www.burmeseclassic.com


တာပေါ့ ဘာများဖြစ်လို့လဲ”

အားလုံး မှင်တက်သွားကြတယ်။ ဘဏ်လုပ်ငန်းတစ်ခုကို ရင်းနှီးမြှုပ်နှံမယ့် ကုမ္ပဏီပိုင်ရှင် လုပ်ငန်းရှင်ကြီးတစ်ဦးက စာတစ်လုံးမှမတတ်တဲ့အပြင် ကိုယ့်လက်မှတ်တောင် ကိုယ်မရေးတတ်သူဖြစ်နေတော့ အားလုံးအတွက် အံ့အားသင့်စရာပေါ့။ ဒါနဲ့ မနေနိုင်သူတစ်ယောက်က. . .

“စာမတတ်ဘဲ ဘယ်လိုသူဌေးကြီးဖြစ်လာတာလဲ”

ဆိုတော့ သူဌေးကပြုံးပြီး

“စာမတတ်လို့ သူဌေးဖြစ်လာတာပေါ့ စာများတတ်ရင် ခုချိန်ထိ ဘုရားကျောင်းတံခါးစောင့်ပဲ ဖြစ်နေမှာလေ”

ဟုတ်ပါတယ်။ ဒီသူဌေးကြီးဟာ ဘုရားကျောင်း တစ်ခုရဲ့ တံခါးစောင့်တစ်ဦးပါ။ ဖြစ်ချင်တော့ အသစ်ပြောင်းလာတဲ့ ဘုန်းတော်ကြီးတစ်ပါးက သူစာမတတ်မှန်းသိတဲ့အခါ သူ့ရဲ့နေရာကို စာတတ်သူပညာတတ်တစ်ယောက်နဲ့ အစားထိုးလိုက်ပါတယ်။ ဆိုပါတော့ နှင်လွှတ်လိုက်တာပေါ့။

ဒါနဲ့ တံခါးစောင့်ကြီးဟာ ဘုရားကျောင်းက စိတ်ပျက်လက်ပျက်နဲ့ ထွက်ခဲ့ပါတယ်။

အိမ်မှာကလဲ မိသားစုရှိတော့ သူအလုပ်မရှိရင် အဆင်

www.burmeseclassic.com

www.burmeseclassic.com



မပြေနိုင်ဘူးလေ။ ဒါနဲ့လမ်းတလျှောက် သူဘာဆက်လုပ်ရမလဲ တွေးလာခဲ့ပါတယ်။

တစ်နေရာရောက်မှသူသတိရပြီး ဘုရားကျောင်းဘက် ပြန်လှည့်ကြည့်ပါတယ်။

ဟုတ်ပါတယ်။ ဘုရားကျောင်းသွားရာ လမ်းတလျှောက် ဘာကုန်စုံဆိုင်မှမရှိတာ သတိထားမိသွားပါတယ်။

အရင်ဘုရားကျောင်းလာသူများက စီးကရက် ချော ကလက် စားချင်ရင်တောင် သူ့ကိုငွေပေးပြီး အဝေးကြီးမှာ သွား ဝယ်ခိုင်းခဲ့တာ သူသတိရမိပါတယ်။

သူချက်ချင်းပဲ အဲ့ဒီအကောင်အထည်ကို ဖော်လိုက် ပါတယ်။

သူတံခါးစောင့်လုပ်ခဲ့တဲ့ ဘုရားကျောင်းရဲ့မလှမ်းမကမ်း မှာ ကုန်စုံဆိုင်သေးသေးလေး စဖွင့်ခဲ့ပါတယ်။

အပြိုင်အဆိုင်မရှိလေတော့ သူ့ရဲ့ကုန်စုံဆိုင်လေး အောင် မြင်လာပါတယ်။ ဒါနဲ့ဆိုင်ကိုထပ်ချဲ့ လုပ်ငန်းတွေ ထပ်ချဲ့ခဲ့ပါတယ်။

ဒါ့အပြင်မြို့ထဲလှည့်ပတ်ကြည့်ပြီး အဲ့ဒီလိုကုန်စုံဆိုင် မရှိတဲ့ နေရာတိုင်း သူကတိုးချဲ့ပြီးကုန်စုံဆိုင်မြောက်မြားစွာ တိုးချဲ့ ဖွင့်လှစ် ခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



လိုအပ်ချက်နဲ့ ကိုက်ညီသွားတဲ့အခါ သူဟာဘဏ်တွေတစ်တောင် ရင်းနှီးမြှုပ်နှံဖို့ကမ်းလှမ်းခံရတဲ့ ရောမသူဌေးကြီးဖြစ်နေပါပြီ။ ဒါကြောင့် သူပြောတဲ့စကား ရိုးရှင်းပါတယ်။

"စာသာတတ်ခဲ့ရင် အခုချိန်မှာ ဘုရားကျောင်းရဲ့ တံခါးစောင့်ပဲ ဖြစ်နေမှာပေါ့"

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



ဒါကတော့ အကြောင်းကြောင်းကြောင့် ပညာ မသင်ကြားနိုင်သူတွေကို ကျွန်တော်ကဥပမာပေးတာပါ။

တကယ်တမ်းမှာတော့ ပညာမတတ်ရင် လူရာမဝင်တဲ့နေရာ အများကြီးပါပဲ။ ဒီတော့လူငယ်တွေကို ပညာတတ်တစ်ယောက်ဖြစ်အောင် တိုက်တွန်းပါရစေ။

ဆိုပါတော့ ကျွန်တော်လည်း ရှစ်တန်းတတိယနှစ်နဲ့ ကျောင်းထွက်ခဲ့ရပြီး ဘဝပေါင်းမြောက်မြားစွာ ကျင်လည်ခဲ့ရပါတယ်။ ပင်ပန်းဆင်းရဲတယ်ဆိုတာ ပြောပလောက်တဲ့ အရာမဟုတ်ဘူးလို့တောင် စိတ်ထဲမှာစွဲခဲ့သည်အထိ ဘဝက ကြမ်းပါတယ်။

ကလေးတွေ အဖြူအစိမ်းကလေးတွေနဲ့ ပျော်ရွှင်နေတဲ့အခါ ကိုယ့်ဘဝကိုယ် နာနာကြည်းကြည်းနဲ့ မဲ့ပြုံးပဲပြုံးချင်နေမိပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ကံကြမ္မာတစ်ပတ်ရစ်ပြီး ငယ်စဉ်ကမသင်ချင်ဆုံး စာပေတွေက ကျွန်တော်အလိုချင်အတောင့်တဆုံး ဘာသာရပ် တစ်ခု ပြန်ဖြစ်နေပြန်ပါတယ်။

ကျောင်းမှာကတည်းက ကျောင်းစာနဲ့စာရင် အပြင်စာ တွေ ပိုနှစ်ခြိုက်လာတဲ့ကျွန်တော်က အပြင်မှာလွတ်လပ်သွားတဲ့ အခါ စာပေတွေက ကျွန်တော့်ရဲ့အဖော်ပေါ့။ ဒီတော့ စာပေတွေ ဖတ်ရှုရင်း ပြန်ဖန်တီးချင်စိတ်ဖြစ်ပေါ်လာပြီး ကျွန်တော် စာရေး ဆရာဖြစ်လာတာဟာ သိပ်တော့လဲ မထူးဆန်းဘူးပေါ့။

လောကကြီးကို ခပ်ရွဲ့ရွဲ့စောင်းစောင်း ကြည့်ပြီး အမြင် မတော်တာတွေကို ထေ့ရင်းငေါ့ရင်း ကျွန်တော်စာရေးဆရာဘဝ ကို ဖြတ်သန်းရပြန်ပါတယ်။

စာရေးဆရာဖြစ်လာတော့ စာပေဟောပြောပွဲတွေလဲ ကြုံရတော့တာပေါ့။

တစ်ခါက စာပေဟောပြောပွဲသွားရင်း နယ်တစ်ခုမှာ ကျွန် တော့်ရဲ့အတန်းကျောင်းဆရာမနဲ့ ပြန်ကြုံရပြန်ပါတယ်။ (ဒါကို ကျွန်တော်ဝတ္ထုတစ်ပုဒ် ရေးဖူးပါတယ်။ ဒါပေမယ့် သိသင့်သိထိုက် တယ်ထင်လို့ ထပ်ပြီးတင်ပြပါရစေ။)

× × × × ×

www.burmeseclassic.com



ဟောပြောပွဲကိုဝင်လိုက်တာနဲ့ ဟောပြောပွဲရဲ့ ထိပ်ဆုံးတန်း ကော်ခုံလေးပေါ်မှာ ကျွန်တော့်ရဲ့ဆရာမကို ရပ်မိ ရပ်ဖအနေနဲ့ တွေ့လိုက်ရပါတယ်။

မတွေ့တာကြာပြီဖြစ်တဲ့ ကျွန်တော့်ဆရာမ အနည်းငယ်အိုမင်းရင့်ရော်သွားရုံမှအပ ဘာမှမပြောင်းလဲပါဘူး။ ဒါပေမယ့် ကျွန်တော်ဆရာမကို ကောင်းကောင်းမှတ်မိနေပါတယ်။ ဒါကြောင့်ပဲသူ့ဆီ ဝမ်းသာအားရပြေးသွားပြီး သူထိုင်နေတဲ့ကော်ခုံအောက်ဒူးထောက်ထိုင်လိုက်ပါတယ်။ ပြီးတော့ သူ့လက်ကိုဆွဲပြီး

"ဆရာမ ဟောပြောပွဲလာနားထောင်တာလား"

ဆရာမကကြောင်ပြီး ကျွန်တော့်ကိုကြည့်ပါတယ်။ မှတ်မိပုံတော့မပေါ်ပါဘူး။ နောက် သူ့မျက်မှန်ပေါ်က ကျော်ကြည့်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"အင်း ဟောပြောပွဲလာနားထောင်တာပေါ့။ ဒါနဲ့ မင်းက ဘယ်သူတုန်း"

ကျွန်တော့်ပုံကလဲ ဟောပြောပွဲသာလာတာ ဂျင်းဘောင်းဘီနဲ့ ဆံပင်ရှည်ကြီးနဲ့ဆိုတော့ ဆရာမဇဝေဇဝါ ဖြစ်နေပုံရတယ်။ ဒါကိုကျွန်တော်ကပဲ. . .

"ဆရာမ ကျွန်တော် ဆရာမတပည့်ပဲလေ"

ဆရာမကပြုံးပါတယ်။ ပြီးမှ. . .

"တပည့်မှန်းတော့သိပါတယ်။ ဒါပေမယ့် ဆရာမလဲ ဝင်စင်မသွားခင်အထိ ကျောင်းတွေအများကြီးပြောင်းလာရတာဆိုတော့ တပည့်အားလုံးတော့မမှတ်မိနိုင်ဘူးပေါ့။ ဒါပေမယ့် မင်းကိုတော့ ရင်းရင်းနှီးနှီးသိသလိုပဲ။ ကဲ. . . ပြောပါဦး သားက ဘယ်သူတုန်း"

ကျွန်တော်လဲပြုံးလိုက်ပြီး

"ဆရာမ ကျွန်တော်စောကြည်ဖြူလေ"

"ဩော်"

ဆရာမ အံ့အားသင့်သွားပုံရတယ်။ ခဏတော့ငြိမ်သွားတယ်။ ကျွန်တော်ကပဲ. . .

"ဆရာမ ကျွန်တော့်ကိုမှတ်မိလား"

www.burmeseclassic.com

www.burmeseclassic.com



ဆိုမှ ဆရာမကပြုံးပြီး . . .

"ဒါကြောင့် မင်းကိုရင်းရင်းနှီးနှီး မြင်ဖူးတယ်လို့ ဖြစ်နေတာ။ မင်းကိုတော့မှတ်မိတာပေါ့ စောကြည်ဖြူရယ်။ မင်းက ဆရာမအတန်းထဲမှာ နှစ်နှစ်တိတိနေသွားတာပဲ။ မင်းလောက်ဆိုးတဲ့ကျောင်းသားလဲ ဆရာမထပ်မတွေ့ဖူးတော့ပါဘူးသားရယ်"

ဆရာမစကားကြောင့် ကျွန်တော်နည်းနည်းတော့ ရှက်သွားမိတယ်။ ဟုတ်ပါလိမ့်မယ်။ ကျွန်တော်က ဆရာမတွေအတွက် အတော်ဆိုးတဲ့ကျောင်းသားလဲ ဖြစ်ခဲ့နိုင်တာပေါ့။ ဆရာမက ပြုံးကြည့်ပြီး . . .

"မင်းကတော့ ခုထိ သိပ်လိမ္မာပုံမပေါ်ပါဘူး။ ကြည့်ပါဦး ဆံပင်ရှည်ကြီးနဲ့ ဂျင်းဘောင်းဘီနဲ့"

ဆရာမကပြုံးပြီးပြောနေပေမယ့် ကျွန်တော် ဘာပြန်ပြောရမှန်းမသိတော့ဘူး။ သူ့စိတ်ထဲမှာ ကျွန်တော်ဆိုးခဲ့တာတွေ မှတ်မိနေသေးပုံပါပဲ။

"ကဲ . . . ပြောပါဦး။ ငယ်စဉ်က စာမသင်ချင်ဘဲ ကျောင်းချည်းပြေးနေတဲ့ကလေးက အခုစာပေဟောပြောပွဲတွေ လာနားထောင်တတ်နေပြီပေါ့"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဘာပြောရမှန်းမသိ ဖြစ်သွားတယ်။ အမှန်တော့ သူက ကျွန်တော့်ရဲ့ဟောပြောပွဲကို လာပြီး နားထောင်တာပါ။ ကျွန်တော် ဘယ်လိုရှင်းပြရမှန်းမသိဘူး။ အဲဒီအချိန်မှာပဲ

"ယခု ဟောပြောပေးမယ့်သူကတော့ စာရေးဆရာ အကြည်တော် ဖြစ်ပါတယ်"

အဲဒီအသံကိုကြားတာနဲ့ ဆရာမက ခေါင်းထောင်ပြီး စင်ပေါ်ကို ကြည့်ပါတယ်။ သူ့ခမျာ စာရေးဆရာအကြည်တော် ဆိုသူကို ရှာနေပုံရပါတယ်။ သူ့စိတ်ထဲမှာလဲ တစ်နိုင်ငံလုံး အသည်းကျော်ဖြစ်နေတဲ့ စာရေးဆရာကို အလောတကြီး တွေ့ချင်နေပုံရပါတယ်။ သူ့ရှေ့မှာ သူ့ရဲ့ခုံဘေးမှာ ဒူးထောက်ပြီး သူ့လက်ကို ကိုင်ထားတဲ့ စောကြည်ဖြူဆိုတဲ့ လူဆိုး လူမိုက်ကလေးကို မြင်ချင်ပုံ မရပါဘူး။

အမှန်တော့ သူမမြင်ချင်တဲ့ လူဆိုးကလေးစောကြည်ဖြူကလဲ ကျွန်တော်ပါပဲ။ သူမြင်ချင်နေတဲ့စာရေးဆရာ အကြည်တော်ဆိုတာလဲ ကျွန်တော်ပါပဲ။

အဲဒီမှာတင် လူတစ်ယောက်ထဲကနေနာမည်နှစ်ခု ကွာဟမှုကို ကျွန်တော်သဘောပေါက်မိပါတယ်။ ငယ်စဉ်ကတည်းက ကောင်းကောင်းမွန်မွန် မနေခဲ့မိတာကိုလဲ နောင်တရမိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ ကျွန်တော့်စိတ်ထဲ ငိုချင်စိတ်ပဲ ဖြစ်နေမိပါတော့တယ်။ အဲဒီအချိန်မှာပဲ ဆရာမက သူ့လက်ကိုဆွဲထားတဲ့ ကျွန်တော့်လက်ကိုခါချပြီး

"အေးအေး စောကြည်ဖြူသွားတော့နော်။ မင်းနဲ့ ဆရာမ နောက်မှတွေ့ပြီး စကားပြောကြတာပေါ့။ အခုတော့ ဆရာတွေရဲ့ စကား နားထောင်လိုက်ဦးမယ်နော်. . သား"

ပညာရှိနည်းနဲ့ နှင်ထုတ်ခြင်းတစ်မျိုးပါပဲ။

"စောကြည်ဖြူရယ် မင်းလိုလူဆိုးလူမိုက်ကလေးနဲ့ ဆရာမ စကားမပြောချင်သေးပါဘူး။ ဆရာတွေရဲ့ တန်ဖိုးရှိတဲ့ စကား နားထောင်ရဦးမှာ"

လို့ ဆိုလိုက်တဲ့သဘောပါပဲ။

ကျွန်တော်ဟောပြောရမှာမို့ စင်ပေါ်တက်လိုက်ပါတယ်။ လက်ခုပ်သံတွေ ကြားရပါတယ်။ ဆရာမက ပါးစပ်အဟောင်းသားနဲ့ ကျွန်တော့်ကိုကြည့်ပါတယ်။

ဟာသစာရေးဆရာဖြစ်တဲ့အတွက် ကျွန်တော့် ပရိသတ်က ရယ်စရာစကားကြားချင်ပါတယ်. . ကျွန်တော် . . . ရယ်စရာတွေပြောပါတယ်။

ပရိသတ်က အားရပါးရ ရယ်ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာမက ကျွန်တော့်ကို ကြောင်ကြည့်နေဆဲပါပဲ။

ဟောပြောပွဲအရှိန်မြင့်လာတာနဲ့ အမျှ ရယ်သံတွေ ပိုပြီး ကျယ်လောင်ပါတယ်။ ကျွန်တော်သတိထားမိတဲ့အချိန်မှာ ဆရာမ မျက်ရည်ကျနေတာ မြင်လိုက်ရပါတယ်။

ထပ်ဆင့်သောရယ်မောပျော်ရွှင်သံတွေ ကြားရပါတယ်။ ဒါပေမယ့် ကျွန်တော့်ဆရာမရဲ့ မျက်ရည်ပင့်သုတ်နေတာပဲ ကျွန်တော်မြင်လိုက်ရပါတယ်။

စင်ပေါ်မှာစကားပြောနေရင်းနဲ့ ကျွန်တော်စဉ်းစားနေမိပါတယ်။

"ဆရာမကျွန်တော့်ကိုကြည့်ပြီး ဘာလို့မျက်ရည်ကျလဲပေါ့"

ဆရာမမျက်ရည်ကျရခြင်း အကြောင်းရင်းနှစ်ခုပဲ ကျွန်တော်တွေးမိတယ်။

"အင်မတန် သောက်သုံးမကျတဲ့ကောင် တစ်ယောက် စင်ပေါ်ရောက်နေတဲ့အတွက် တိုင်းပြည်ကို နစ်နာစေတယ်ထင်ပြီး မျက်ရည်ကျတာလဲဖြစ်နိုင်တယ်"

နောက်တစ်ခုက. . .

"သူတို့ရဲ့ သွန်သင်ဆုံးမမှုကို နောက်ကျမှသိပြီး နောင်တ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ပြန်ကြိုးစားခဲ့တဲ့ စောကြည်ဖြူကနေ အကြည်တော်ဖြစ်လာတဲ့ အတွက် ပီတိဖြစ်ပြီး မျက်ရည်ကျတာလဲ ဖြစ်နိုင်ပါတယ်"

ဘယ်လိုပဲ မျက်ရည်ကျတာပဲဖြစ်ပါစေ။ ကျွန်တော် သိမှတ်ထားတာက ကိုယ့်ကြောင့် တစ်ပါးသူ မျက်ရည်ကျရတယ်ဆိုတာ လူကောင်းတစ်ယောက်ရဲ့အလုပ် မဟုတ်ပါဘူး။

ကိုယ့်ကြောင့် ကိုယ့်မိဘသားချင်း မျက်ရည်ကျရတာ လူကောင်းအလုပ် မဟုတ်ပါဘူး။ ကိုယ့်ကြောင့် ကိုယ့်ပတ်ဝန်းကျင် မျက်ရည်ကျရတာ လူကောင်းအလုပ် မဟုတ်ပါဘူး။ ကိုယ့်ကြောင့် ကိုယ့်တိုင်းပြည်ကြီးတစ်ခုလုံး မျက်ရည်ကျနေရတာ လူကောင်းအလုပ်လား။ မဟုတ်ဘူး။ အဲဒါ လူယုတ်မာတွေရဲ့အလုပ်ပါ။ လူကောင်းဆိုတာ ကိုယ့်ကြောင့် ဘယ်သူ့ကိုမှ မျက်ရည်မကျစေချင်ပါဘူး။

ဆိုပါစို့။ အခု ကျွန်တော့်ကြောင့် ကျွန်တော့်ဆရာမ မျက်ရည်ကျနေရပြီ။ ဒါဟာ ကောင်းမွန်တဲ့ရလဒ်တော့ မဟုတ်ပါဘူး။ ကျွန်တော့်စိတ်ထဲမှာလဲ ဆရာမ ဘာကြောင့် မျက်ရည်ကျရလဲဆိုတာ သိချင်နေမိတယ်။ ဒါပေမယ့် ဆရာမက ကျွန်တော့် ဟောပြောပွဲ မပြီးခင်မှာပဲ ဟောပြောပွဲက ပြန်သွားခဲ့ပါတယ်။

ကျွန်တော့်ရဲ့ စိတ်ထဲမှာလဲ အင်မတန်မှကို သိချင်နေမိ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဆရာမ ဘာကြောင့် မျက်ရည်ကျရလဲပေါ့။

ဒီလိုနဲ့ နောက်တစ်နေ့မှာ ကျွန်တော် နယ်တစ်နယ်ကို ကူးရမှာပါ။ ဒါပေမယ့် ကျန်တဲ့သူတွေကို အရင်သွားခိုင်းပြီး

"ကျွန်တော်နောက်က လိုက်ခဲ့မယ်"

ဆိုပြီး ကျန်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဆရာမ မျက်ရည်ကျရခြင်းအကြောင်းရင်းကို သိချင်လို့ပါပဲ။

ဒါနဲ့ပဲ ဆရာမအိမ်ကို စုံစမ်းပြီး သွားခဲ့ပါတယ်။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



ဆရာမရဲ့ အိမ်ကလေးကတော့ သိပ်မသားနားလှပါဘူး။ ပျဉ်ထောင် ခပ်သေးသေးလေးတစ်လုံးပဲပေါ့။ အငြိမ်းစား ကျောင်းဆရာမပဲ ဒီလောက်ပဲ နေနိုင်မှာပေါ့။ ဆရာမဟာ သူ့တူမလေးတစ်ယောက်နဲ့အတူ အထီးကျန်စွာ နေထိုင်နေပါတယ်။

ကျွန်တော် ဆရာမရဲ့အိမ်ကိုရောက်တော့ ဆရာမရဲ့တူမလေးကို အရင်တွေ့ရပါတယ်။

"ဘာကိစ္စလဲရှင့်"

"ဆရာမနဲ့ တွေ့ချင်လို့ပါ"

"ဘယ်သူလို့ ပြောလိုက်ရမလဲရှင့်"

ကျွန်တော်က ကျွန်တော့်ရဲ့အမည်ကို ပြောပြလိုက်ပါတယ်။

"ဟုတ်ကဲ့ရှင့် ဧည့်ခန်းမှာ ခဏစောင့်ပါနော်"

www.burmeseclassic.com

www.burmeseclassic.com



ဆရာမရဲ့ တူမလေးက ကျွန်တော့်ကို ဧည့်ခန်းမှာ နေရာပေးပါတယ်။ ဆရာမရဲ့အိမ် ဧည့်ခန်းက ကြီးကြီးမားမား မဟုတ်ပါဘူး။ ဒါပေမယ့် သပ်သပ်ရပ်ရပ်ကလေးပါပဲ။

ကျွန်းဆက်တီခုံနှစ်ယောက်ထိုင်ခုံတစ်ခုနဲ့ တစ်ယောက်ထိုင် ထိုင်ခုံနှစ်လုံး ချထားပါတယ်။ ဒါကို ကြည့်ခြင်းအားဖြင့် ဧည့်သည်လဲ သိပ်မလာဖြစ်တာ သေချာနေပါတယ်။

ကျွန်တော် ခုံတစ်ခုမှာ ရွေးထိုင်လိုက်ပါတယ်။

ဖြစ်ချင်တော့ ကျွန်တော်ထိုင်လိုက်တဲ့ခုံက ဆရာမ အနားယူတဲ့အိပ်ခန်းနဲ့ ကပ်လျက်ဖြစ်နေတာပါပဲ။ ဒါကြောင့်လဲ သူတို့ပြောတဲ့စကား အတိုင်းသားကြားနေရတော့ တာပေါ့။

"ဆရာမ၊ ဆရာမ"

"ဟေ ဘာတုန်း သမီးလေးရဲ့"

"ဆရာမကို တပည့်တစ်ယောက်က တွေ့ချင်လို့တဲ့"

"ဟုတ်လား ချိန်းမထားပါဘူး။ နာမည်က ဘယ်သူတဲ့လဲ"

"စောကြည်ဖြူတဲ့ ဆရာမ"

"စောကြည်ဖြူ"

ကျွန်တော့်နာမည် ရေရွတ်ပြီးတာနဲ့ ဆရာမရဲ့ငိုသံကို ခပ်တိုးတိုး ကြားရပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော့်နာမည်ကြားရုံနဲ့ ဆရာမ ဘာကြောင့် ငိုရသလဲ။ ကျွန်တော် ပိုပြီးသိချင်နေမိတယ်။

အမှန်ဆိုရင်ကျွန်တော် ထပြန်ရင်လဲ ပြန်သင့်တာပေါ့။ ဆိုပါတော့ ကိုယ့်နာမည်ကြားရုံနဲ့ တစ်ဖက်သားက ငိုနေရတာကိုး။

ဒါပေမယ့် ကျွန်တော် ထမပြန်ဖြစ်ပါဘူး။ "ဘာလို့များ ဆရာမက ကျွန်တော့်နာမည်ကြားတာနဲ့ ငိုနေရပါလိမ့်" ဆိုတဲ့စိတ်နဲ့ ကျွန်တော် ဧည့်ခန်းမှာပဲ ဆက်ထိုင်နေပါတယ်။

သိပ်မကြာပါဘူး။ ဆရာမက တဘက်ကလေး တစ်ထည် မျက်ရည်လေးစမ်းစမ်းနဲ့ ထွက်လာပါတော့တယ်။

ကျွန်တော့်ရှေ့ကခုံမှာ လာထိုင်ပါတယ်။ ကျွန်တော့်လက် ကလေးကို သူကပဲ လှမ်းကိုင်လိုက်ပါတော့တယ်။ သူ့လက်ကလေး က တကယ့်နွေးနွေးကလေးပါပဲ။

ကျွန်တော့်ရဲ့ လက်ကလေးကို အသာအယာကိုင်ပြီး လှုပ် ယမ်းနေပါတယ်။

သဘောကတော့ မနေ့ညက "အကြည်တော်ဖြစ်ပါတယ်" ကြေညာသံကြားတုန်းက စင်ပေါ်မော့ကြည့်ပြီး ကျွန်တော့်လက်ကို ခါချသလို မဟုတ်ဖူးပေါ့။

သဘောကတော့ ကျွန်တော့်ကို မြင်ရလို့ ကြည်နူးပြီး လှုပ်

www.burmeseclassic.com

www.burmeseclassic.com



ယမ်းနေသလိုမျိုးပေါ့။

ဒါနဲ့ပဲ ကျွန်တော်က

"ဆရာမ ကျွန်တော့်နာမည်ကြားတာနဲ့ ဘာလို့ ငိုနေရတာလဲဟင်"

ဆရာမက မျက်ရည်ကြားက ပြုံးသွားပါတယ်။ မျက်ရည်စတို တဘက်နဲ့ ပင့်သုတ်ရင်း ပြန်မေးပါတယ်။

"ငါ့သားက ဘာလို့မေးတာတုန်း"

ဆရာမရဲ့အမေးကို ကျွန်တော်ကလဲ ခန့်မှန်းရသလောက် ပြောပါတယ်။

"ဆရာမရယ် ဖြစ်နိုင်တာ နှစ်ခုပဲရှိတာပေါ့"

"ပြောပါဦးသားရဲ့"

"အင်မတန်အသုံးမကျတဲ့သူ စင်ပေါ်ရောက်နေလို့ တိုင်းပြည်အတွက် နစ်နာတယ်ထင်ပြီး မျက်ရည်ကျတာပေါ့။ နောက်တစ်ခုက လူဆိုးကနေ လူကောင်းဖြစ်လာတဲ့ ကျွန်တော့်အတွက် ပီတိဖြစ်ပြီး မျက်ရည်ကျတာပေါ့"

ဆိုတော့ ဆရာမက တစ်ချက်နှစ်ချက် ရှိုက်ရင်း ပြုံးတယ်။ ပြီးမှ

"မဟုတ်ပါဘူး ငါ့သားရယ်။ ဆရာမ ကိုယ့်ကိုကိုယ်

www.burmeseclassic.com

www.burmeseclassic.com



နောင်တရလို့ ငိုမိတာပါ”

“ဗျာ”

ဆရာမရဲ့စကားက ကျွန်တော့်ကို အံ့အားသင့်စေပါတယ်။ ကျွန်တော်ထင်သလိုမဟုတ်ဘဲ ဆရာမက ကျွန်တော့်ကိုကြည့်ပြီး သူ့ကိုယ်သူ နောင်တရသတဲ့။ ကျွန်တော်ကပဲ

“ဆရာမ ကျွန်တော့်ကိုကြည့်ပြီး ဘာလို့ နောင်တရတာ လဲဟင်”

ဆိုတော့ ဆရာမက မျက်ရည်ကြားက ပြုံးပြီး

“သားရယ် ဆရာမ စာသင်ခဲ့တဲ့ ဟောက်လျှောက် ဆရာမ တို့ရဲ့ ထုံးစံအတိုင်း စေတနာ၊ ကရုဏာ၊ အနစ်နာ စသည်ဖြင့် နာသုံးနာနဲ့ပဲ သင်ခဲ့မိတာပါ။ ဒါပေမယ့် ဆရာမဟာ ဆန္ဒနဲ့မာနကို မခွဲခြားနိုင်ခဲ့ဘူး။ အခု ငါ့သားကိုမြင်မှ မိဘတွေ ဆရာဆရာမ တွေဟာ သားသမီး တပည့်တွေအပေါ် ဆန္ဒနဲ့ မာနကို မခွဲခြားနိုင် တော့တာ သတိထားမိလို့ ငိုမိတာပါ သားရယ်”

“ဗျာ”

ကျွန်တော် ပိုပြီး အံ့အားသင့်မိပါတယ်။

× × × × ×

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"ဆန္ဒနဲ့ မာန"

တဲ့။ ဘာမှမဆိုင်တဲ့ စကားနှစ်ခုပါ။ ဒီစကားဟာ မိဘနဲ့ သားသမီး၊ ဆရာ ဆရာမနဲ့ ကျောင်းသူ ကျောင်းသား ဘယ်လိုများ ဆက်စပ်နေပါလိမ့်။

ဆရာမက ဆက်ရှင်းပြပါတယ်။

"သားရယ် မိဘတွေ၊ ဆရာ ဆရာမတွေဆိုတာ ကိုယ့်ရဲ့ သားသမီး ကျောင်းသားတွေကို ကောင်းစေချင်တဲ့ စိတ်ထားပဲ ရှိကြတာပေါ့"

"ဆိုပါစို့။ ကလေးတစ်ယောက် မွေးဖွားလာတဲ့ စကား တတ်ချိန်မှာ မိဘက သားသမီးကို သင်ပေးလေ့ရှိတဲ့ စကားတစ်ခု ရှိတယ်"

"သားသား ကြီးလာရင် ဘာလုပ်မလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကိုပဲ မိဘက ပြန်သင်ပေးတယ်"

"ဆရာဝန်ကြီး လုပ်မယ်"

"အင်ဂျင်နီယာကြီး လုပ်မယ်"

"စစ်ဗိုလ်ချုပ်ကြီး လုပ်မယ်ပေါ့"

"ဘယ်မိဘကမှ ကိုယ့်သားသမီးကို သားကြီးလာရင် ဆိုက္ကားနင်းစားမယ်။ စပယ်ယာလုပ်မယ်။ တောင်းစားမယ်ဆိုပြီး မသင်ပေးပါဘူး။

ဥပမာ ကလေးက ဆရာဝန်ဆိုတာ ဘာမှန်း၊ အင်ဂျင်နီယာဆိုတာ ဘာမှန်း၊ စစ်ဗိုလ်ချုပ်ဆိုတာ ဘာလုပ်ရမှန်းမသိတဲ့ အရွယ်မှာတောင် အဲဒီစကား သင်ပေးလေ့ရှိကြတယ် သားရဲ့"

"ဒါဟာ ဘာလဲဆိုရင် မိဘက သားသမီးတွေအပေါ်မှာ ထားရှိတဲ့ ကောင်းမွန်တဲ့ ဆန္ဒတစ်ခုပေါ့"

"ဆရာ ဆရာမတွေလဲ ဒီလိုပါပဲ။ ကိုယ့်ရဲ့ ကျောင်းသူ ကျောင်းသားကို ဆရာဝန်ဖြစ်စေချင် အင်ဂျင်နီယာ ဖြစ်စေချင်၊ ဘာသာစုံဂုဏ်ထူးထွက်စေချင်တာ ဆရာ ဆရာမတွေရဲ့ ဆန္ဒပါပဲ၊ ဂုဏ်ထူးများလေ ဆရာ ဆရာမ ဂုဏ်တက်လေကိုး"

ဒါပေမယ့် အဲဒီဆန္ဒ ကြီးထွားလာတဲ့အခါ

"မင်းဆရာဝန် ဖြစ်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့စကား အစား

"မင်းဆရာဝန် ဖြစ်ကိုဖြစ်ရမယ်"

ဆိုတာမျိုး ဖြစ်လာပါတယ်။

"ဖြစ်ရမယ် ဆိုတာ ဆန္ဒပါ"

"ဖြစ်ကို ဖြစ်ရမယ်ဆိုတာ ခိုင်းစေတာဖြစ်သွားပါပြီ။ ဒီတော့ ဖြစ်ကိုဖြစ်ရမယ်ဆိုတာ မာနစကားအဖြစ် ပြောင်းလဲသွားပါပြီ"

"ဒါဟာ ဖြစ်စေချင်တဲ့ဆန္ဒ မဟုတ်တော့ပါဘူး။ ဖြစ်ကိုဖြစ်ရမယ်ဆိုတဲ့ မာနစကား ဖြစ်သွားပါပြီ"

"ဒီတော့ မိဘများ၊ ဆရာ ဆရာမများက ဆန္ဒအစား မာနကို ပြောင်းသုံးမိတာ ဖြစ်သွားပြီ"

ကဲ ဆိုပါစို့။ သားသမီးတွေကျတော့ရော ဘယ်လိုခံစားရလဲ။

"ဟာ ဘာလဲ အဖေတို့ အမေတို့ကလဲ သားက ဆရာဝန်မှ ဝါသနာမပါတာ။ ဘောလုံးပဲ ကန်မယ်လေ"

ဆိုတာမျိုးပြန်ဖြစ်လာပါတယ်။

ဟုတ်ပါတယ်။ သားသမီးတွေမှာလဲ မိဘအကြိုက် လိုက်လျောချင်စိတ်တော့ ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အတင်းအကြပ် တိုက်တွန်းလာတဲ့အခါ သူတို့ မကြိုက်တာကို အတင်းဖွတ်ကြီး ဖိနှိပ်ခိုင်းစေနေတဲ့အခါ သူတို့ရဲ့ မာနကလဲ ပြန်လည်ထောင်ထလာပါပြီ။

"မိဘပြောတာ မလုပ်နိုင်ဘူး"

"ဆရာ ဆရာမပြောတာ မလုပ်နိုင်ဘူး"

ဆိုတာလေးတွေ အစလေးတစ်စက အခြေခံပြီး မိဘနဲ့ သားသမီး ဆရာ ဆရာမနဲ့ ကျောင်းသူ ကျောင်းသား မာနချင်း တိုက်မိကြတော့တာပါပဲ။

နှစ်ဦးနှစ်ဖက်လုံးက မာနတွေမလျှော့နိုင်တဲ့အခါ အလွင့် အစင်တွေများလာတာ ဆန်းသလားပေါ့။

ဆရာမပြောတာ ရိုးရှင်းပါတယ်။

"ငါ့သားရယ်။ ငါ့သားကိုလည်း ဆရာမက အတန်းနေ သွားတဲ့တောက်လျှောက် သူများတွေလို ဂုဏ်ထူးအများကြီးနဲ့ စာမေးပွဲအောင်စေချင်ခဲ့တာ အမှန်ပါပဲ။ ဒါပေမယ့် ငါ့သား ဘာ ဝါသနာပါလဲ ဆရာမ တစ်ခွန်းမှ မမေးခဲ့မိဘူး။ အမှန်ဆို ငါ့သားက စာရေးတာ ဝါသနာပါတယ်ဆိုတာ ဆရာမသိခဲ့ရင် ငါ့သားလို ဉာဏ်ရည်မျိုးနဲ့ ဆရာဝန်စာရေးဆရာလဲ ဖြစ်နေနိုင်တာပေါ့။ အဲဒီ အတွက် ဆရာမ နောင်တရမိတာပါ"

www.burmeseclassic.com

www.burmeseclassic.com



အင်မတန်မှကို ရိုးရှင်းလွန်းပါတယ်။

အခုရှိနေတဲ့ မိဘတွေ ကိုယ့်သားသမီး ဘာလိုအပ်နေတယ်။ ဘာလုပ်ချင်သလဲ မေးရော မေးဖူးကြရဲ့လား။ ဆရာဝန်ဖြစ်မှ အင်ဂျင်နီယာဖြစ်မှ ဘဝတစ်ခုလုံး အဆင်ပြေနိုင်မယ်လို့ ထင်နေသလား။

ဆယ်တန်းကို အမှတ်ကောင်းကောင်းနဲ့အောင်ပြီး ဆေးတက္ကသိုလ်တက်မှ တဘိုင်းဘိုင်းကျနေတဲ့ ကလေးတွေ အများကြီးပါပဲ။

ဝါသနာပါရာ လုပ်ခွင့်မရတဲ့ ကလေးတွေဘဝ စာနာသင့်ပါတယ်။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားပြန် သူဌေးတစ်ယောက်နဲ့ ခင်မင်ခဲ့မိပါတယ်။ ဒီမှာ ဘာလုပ်သလဲဆိုရင် တက္ကစီမောင်းပါတယ်။ ကျွန်တော် မေးကြည့်ပါတယ်။

"ခင်ဗျား ဒီလောက်ချမ်းသာနေပါလျက် ဘာလို့ ကား မောင်းနေတာလဲဗျာ"

ဆိုတော့ သူ ပြုံးတယ်။ ပြီးမှ ပြန်ပြောတယ်။

"ကျွန်တော်က ဝါသနာပါတာဗျ။ ခရီးသည်တွေကို လိုတဲ့ နေရာအရောက်ပို့ပေးလိုက်ရရင် ကျွန်တော့်စိတ်က အလိုလိုပျော် နေတာ"

တဲ့ ကြည့်ဦး။ ကိုကိုတက်ချမ်းသာတဲ့သူဌေးက သူများ ခရီးသည်တွေ ပို့ပေးနေရတာ ပျော်နေသတဲ့။

"နိုင်ငံခြားမှာ ငွေရှာတယ်။ ပိုက်ဆံတွေတော့ရှာရဲ့။ ဒါ



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် တစ်ရက်မှ မပျော်ဘူးဗျာ။ ဘယ်လောက်ထိလဲဆို ကိုယ့်ကိုကိုယ်တောင် သတ်သေဖို့ အကြိမ်ကြိမ်စဉ်းစားခဲ့မိတယ်။ အခု ဒီကားလေးမောင်းရမှ စိတ်ချမ်းသာ သွားတော့တယ်"

အဖြေက ရိုးရှင်းလွန်းပါတယ်။

လူဆိုတာ ကိုယ်လုပ်ချင်တဲ့အလုပ်လေး လုပ်နေရရင်လဲ ပျော်နေကြတာပါပဲ။

ဆိုပါစို့ဗျာ။

ဆရာဝန်ဖြစ်မှ အဆင်ပြေတာ လူရာဝင်တာ မဟုတ်ပါဘူး။ စစ်ဗိုလ်ချုပ်ကြီးဖြစ်မှ အဆင်ပြေတာ လူရာဝင်တာ မဟုတ်ပါဘူး။ မိဘခိုင်းစေခဲ့လို့ ဆရာဝန်လုပ်နေရပြီး မပျော်ရွှင်နေတဲ့သူ အများကြီးပါပဲ။ မိဘအတင်းသွတ်သွင်းလို့ စစ်တပ်ထဲရောက်ပြီး ပြန်ထွက်လဲမရ၊ ဆက်လဲမလုပ်ချင်နဲ့ ဘဝကို ဒီအတိုင်းကြီး စိတ်ညစ်ညစ်နဲ့ ဖြတ်သန်းနေရတဲ့ စစ်ဗိုလ်ချုပ်တွေလဲ မနည်းပါဘူး။

ဘောလုံးကန်တော့ရော လူရာမဝင်ဘူးလား။ တစ်နိုင်ငံလုံး အသည်းကျော်ဖြစ်နေကြတာ လူနည်းလို့လား။ တစ်ချိန်လုံး ကွန်ပျူတာရှေ့မှာ ခေါင်းငိုက်စိုက်ကျနေပြီး Facebook ကို တီထွင်ပြီး တစ်ကမ္ဘာလုံးကငွေ သိမ်းကြုံးနေတဲ့ ဇူကာဘတ်က ဆရာဝန်မို့လား။ မဟုတ်ပါဘူး။ ငယ်စဉ်က သင်္ချာအင်မတန်ညံ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



အိုင်းစတိုင်းက စကြာဝဠာကြီးတစ်ခုလုံးကို တွက်ပြသွားတာ သာကေပါပဲ။

ဘဝကို ပျော်ရွှင်စွာ နေထိုင်နေသူတွေကို ကြည့်ပါ။ ငွေ ချမ်းသာသူတွေထက် ကိုယ်လုပ်ချင်တဲ့အလုပ်ကို လုပ်နေရလို့ ပျော်ရွှင်နေသူ ပိုများပါတယ်။

အခု ကျွန်တော့်ဆရာမပြောသလိုပေါ့။

“ငါ့သားရယ်။ ငယ်စဉ်က မင်း ဘာဝါသနာပါခဲ့လဲ ဆရာမ တစ်ခွန်းမှ မမေးခဲ့မိပါဘူး”

ဒီအတိုင်းပါပဲ။ သားသမီးနဲ့ မိဘကြားက “ဆန္ဒနဲ့ မာန” ကွဲကြပြီလား။ သားသမီးဖြစ်ချင်တဲ့ ဆန္ဒ မိဘက သိကြရဲ့လား။ မိဘလိုချင်တဲ့ဆန္ဒ သားသမီးက လိုက်နာနိုင်ပြီလား။

ဆန္ဒချင်း ကိုက်ညီမှ အောင်မြင်တဲ့ဘဝကို ရမှာပါ။ မာန ချင်းတိုက်နေရင်တော့ အလွှင့်အစင်က များနေဦးမှာပါပဲ။

မိဘများ မာနကြောင့် ခိုင်းစေရာကိုလုပ်ရပြီး ဘဝမှာ မပျော်ရွှင်နေတဲ့ ကလေးအများကြီးပါပဲ။

ဒီတော့ ကျွန်တော့်ဆရာမပြောခဲ့တဲ့

“ဆန္ဒ နဲ့ မာန”

ကို ကွဲပြားအောင် မြင်နိုင်ကြပါစေလို့ ဆုတောင်းပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါတယ်။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရဲ့အဘွား (အမေ့ရဲ့အမေ)ဟာ ပုံပြောကောင်းသူတစ်ယောက်ပါ။ သူ့ရဲ့ အဓိကအလုပ်ကတော့ ကလေးတွေကို ဘုရားစာသင်ပေးတာပါ။ ဒါကလဲ သူ့ရဲ့ ဝါသနာပါပဲ။

ဒီအတိုင်း ဘုရားစာသင်ပေးရင် ကလေးတွေက စိတ်မဝင်စားနိုင်ကြတာမို့ ပုံပြင်ပြောပြီး ဘုရားစာ သင်တာပါ။

တစ်ခါတစ်ခါဆို သူ့ရဲ့ပုံပြင်တွေက အခုခေတ် ကိုရီးယားဇာတ်လမ်းတွဲလိုပါပဲ။ လချီကြာပြီးမှ အဆုံးသတ်တတ်ပါတယ်။ သူပြောတဲ့ပုံပြင်တွေက ရိုးရာပုံပြင်တွေအပြင် ကျွန်တော်တို့ မကြားဖူးတဲ့ ပုံပြင်တွေလဲ အများကြီး ပါနေတတ်ပါတယ်။

ဒီပုံပြင်တွေကို သူကပဲ တီထွင်ပြောတာလား ဒါမှမဟုတ် သူကိုယ်တိုင်ကြားဖူးခဲ့တဲ့ ပုံပြင်တွေလားဆိုတာတော့ ကျွန်တော်တို့ မသိခဲ့ပါဘူး။ ဒါပေမယ့် သေချာတာကတော့ ညရှစ်နာရီလောက်

www.burmeseclassic.com

www.burmeseclassic.com



အဘွားပုံပြင်ပြောချိန်၊ ဘုရားစာ ရွတ်ရမယ့်အချိန်ဆိုရင် ကလေးတွေအားလုံးနီးပါး အဘွားနားမှာ ဝိုင်းနေလေ့ရှိပါတယ်။

မှတ်မှတ်ရရပြောရမယ်ဆိုရင် အဘွားဟာ စကားပြောအလွန်ကောင်းသူတစ်ယောက်ပါ။ ပုံပြင်တွေကို ဘယ်လို ဖြတ်တောက်ရမယ်။ ဘယ်လို ဆွဲဆန့်ရမယ်ဆိုတာ ကောင်းကောင်းသိသူတစ်ယောက်ဖြစ်ပါတယ်။ ဥပမာ ကြားဖူးနေကျ မောင်ပေါက်ကျိုင်းပုံပြင်၊ မထွေးလေးပုံပြင်၊ ရွှေယုန်နဲ့ ရွှေကျားပုံပြင် စတဲ့ပုံပြင်တွေကအစ အဘွားပြောတာ လူတိုင်းထက် ပိုကောင်းတယ်လို့ ထင်ရပါတယ်။

အဘွားပြောတဲ့ ပုံပြင်တွေနားထောင်ပြီး အခြားသူပြောရင် တချို့နေရာတွေမှာ လိုအပ်နေသလိုခံစားရပါတယ်။ ဒါကြောင့်လဲ တစ်နယ်လုံးက ကလေးတွေ အဘွားနားမှာ ဝိုင်းနေကြတာပေါ့။ ညမှောင်ပြီဆိုတာနဲ့ အဘွားက ပုံပြင်ကို စပြောပါတယ်။ ပုံပြင်ပြီးဆုံးသွားရင်တော့ ကလေးတွေကို ဘုရားစာ သင်ပေးပါတော့တယ်။

ဒါကြောင့် တစ်နယ်လုံးမှာရှိတဲ့ ကလေးတွေရော ကလေးမိဘတွေအပေါ်မှာပါ ဩဇာလွှမ်းမိုးမှု ရှိခဲ့ပါတယ်။ ခပ်ရှင်းရှင်းပြောရရင်တော့ နယ်တစ်ခုလုံးရဲ့ ဩဇာအလွှမ်းမိုးဆုံး နေမိရပ်ဖ



www.burmeseclassic.com

www.burmeseclassic.com



ဆိုလဲ မမှားပါဘူး။

အဘွားရဲ့ ပုံပြင်တွေကို တခုတ်တရ နားထောင်ခဲ့ရလို့လားတော့ မသိပါဘူး။ ကျွန်တော်ကိုယ်တိုင်လဲ ပုံပြင်တွေကို နှစ်သက်တတ်လာပါတယ်။ ငယ်စဉ်ကတည်းက ပုံပြင်တွေကို စုံမက်လာခဲ့ပါတယ်။

အဘွားပြောခဲ့တဲ့ အရပ်ပုပု၊ မုတ်ဆိတ်မွေးအရှည်ကြီးနဲ့ ပုံပြင်ဆိုရင် နောက်လဲ ဘယ်မှာမှ ထပ်မကြားရတော့ပါဘူး။ အရပ်ပုပုနဲ့လူရဲ့ မုတ်ဆိတ်မွေးက ဘယ်လောက်ရှည်သလဲဆိုရင် သူသွားရာလမ်းတလျှောက် သူမုတ်ဆိတ်နဲ့ ရှင်းလင်းသွားလို့ ရလောက်သည်ထိ ရှည်ပါသတဲ့။ ဆောင်းတွင်း ချမ်းတဲ့အခါ သူ့မုတ်ဆိတ်ကိုပဲ စောင်လိုခြုံအိပ်သတဲ့။ မိုးရွာတဲ့အခါ သူ့မုတ်ဆိတ်ကို ခေါင်းပေါ် မိုးခြုံသွားသတဲ့။

ဘယ်နိုင်ငံပုံပြင်၊ ဘယ်စာရေးဆရာ ပုံပြင်မှန်း မသိပေမယ့် ကျွန်တော်တို့ အတော်စွဲလမ်းခဲ့ရပါတယ်။

အဘွားဖြစ်သူကို အားကျပြီး ကျွန်တော်လဲ ပုံပြင် တစ်ပုဒ် စိတ်ကူးယဉ်မိပါတယ်။ အဲဒါကတော့

"လမင်းဖမ်းပွဲ"

ဆိုတဲ့ ပုံပြင်လေးပါပဲ။

www.burmeseclassic.com

www.burmeseclassic.com


ငယ်စဉ်ကတည်းက ကောင်းကင်ပေါ် သာနေတဲ့ လမင်းကြီးကို မော့ကြည့်ပြီး

"ဒီလမင်းကြီး ငါပိုင်ချင်လိုက်တာ"

ဆိုတဲ့ စိတ်ကူးနဲ့ ငေးကြည့်ဖူးပါတယ်။ ကလေးတစ်ယောက်ရဲ့စိတ်ကူးပါ။

လမင်းကြီးကို ကြိုးနဲ့ချည်။ အဲဒီကြိုးကို ပခုံးပေါ် သိုင်းဆွဲရင်း ကိုယ်သွားရာနောက် လမင်းကြီးကို ခေါ်သွားချင်မိခဲ့ပါတယ်။

တခြားကလေးလေးတွေက ခွေးလေးတွေ ကြောင်လေးတွေ ဆွဲလာတဲ့အခါ ကျွန်တော်ကလဲ ကျွန်တော်ဆွဲလာတဲ့ လမင်းကြီးကိုပြပြီး

"ဟောဒီမှာ ကြည့်စမ်း။ ငါဆွဲလာတာ မင်းတို့ ခွေးလေးတွေ ကြောင်လေးတွေနဲ့ တူရဲ့လား။ ငါ့ရဲ့ လမင်းက ဟောင်သံမပေးဘူး။ အလင်းရောင်ပေးတယ်ကွ။ မင်းတို့ခွေးလေး ကြောင်လေးတွေလို သူသွားချင်ရာသွားလို့ လိုက်ဆွဲနေစရာမလိုဘူး။ ငါ့လမင်းက ငါသွားရာနောက် တကောက်ကောက်လိုက်တယ်ကွ"

ဆိုတာမျိုး လမင်းကြီးကို ကြိုးနဲ့ဆွဲပြီး ကိုယ်သွားချင်ရာနောက် ခေါ်ခဲ့ချင်မိတာ ဆန်းသလားပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ပဲ အချိန်တွေကြာလာတဲ့အခါမှာ ခေါင်းထဲမှာ အလိုလိုနေရင်း ပုံပြင်တစ်ပုဒ်ဖြစ်လာတော့ပါတယ်။

"လမင်းဖမ်းပွဲ"

ပါပဲ။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



ရှေးအခါက အလွန်တရာမှ လိုချင်ရမ္မက်ကြီးတဲ့ ဘုရင်တစ်ပါးရှိပါသတဲ့။ အလိုရမ္မက်ကြီးတာ သိကြမှာပေါ့။ ရတာနဲ့ မတင်းတိမ်နိုင်တဲ့ သူမျိုးပေါ့။

သူက တိုင်းနိုင်ငံ ခပ်သေးသေးတစ်ခုပဲ ပိုင်ဆိုင်ထားပါတယ်။ နိုင်ငံတစ်နိုင်ငံဆိုတာ လူတိရစ္ဆာန် တောတောင် ရေမြေ အဆုံးပေါ့။

အဲ့သလောက်ပိုင်ဆိုင်ထားရုံနဲ့ တော်ရုံလူက ကျေနပ်လို့ ရပါတယ်။ ဒါပေမယ့် သာမန်ထက် အလိုရမ္မက်ကြီးတဲ့ဘုရင်က ဒီလောက်နဲ့ ဘယ်တင်းတိမ်နိုင်ပါ့မလဲ။ ဒါ ကြောင့် သူ့ဆီမှာရှိတဲ့ စစ်သည်ဗိုလ်ပါအင်အားတွေစု၊ လက်နက်တွေစုပြီး နံဘေးနား အိမ်နီးချင်းနိုင်ငံငယ်တစ်ခုကို တိုက်ခိုက်သိမ်းပိုက်လိုက်ပါသတဲ့။ ဆိုပါစို့။ သူ့ရဲ့အလိုရမ္မက်ကြီးမှုလဲ ပါချင်ပါလိမ့်မယ်။ သူ့ရဲ့

www.burmeseclassic.com

www.burmeseclassic.com


ကောက်ကျစ်တဲ့ အသိဉာဏ်ကြောင့်လဲ ဖြစ်ချင်ဖြစ်လိမ့်မယ်။ ဒါမှ မဟုတ် သူ့ရဲ့ စစ်ရေးဗျူဟာကျွမ်းကျင်မှုလဲ ဖြစ်နိုင်တာပေါ့။ နိုင်ငံငယ်လေးကို အသာအယာ သိမ်းယူနိုင်တာပေါ့။

နိုင်ငံ နောက်တစ်နိုင်ငံ သူပိုင်ရုံနဲ့တင် တင်းတိမ်နိုင်မယ် ထင်သလား။ အလိုရမ္မက်ကြီးတဲ့ ဘုရင်ကြီးပဲလေ။ သူပိုင် နိုင်ငံငယ်က လက်နက်အင်အား လူအင်အားများစွာ စုပြီး အရှေ့ယူဇနာ ပေါင်းများစွာကို စစ်ချီတက်တော့တာပါပဲ။

သူသွားရာလမ်းတလျှောက် စစ်မောင်းသံ တဒူဒူ စစ်ချီသံ တညံညံနဲ့ သွေးသံရဲရဲ ကျန်ခဲ့ကြတာချည်းပါပဲ။

ပြောခဲ့ပြီးပါပြီ။ သူ့ရဲ့ အလိုရမ္မက်ကြီးမှုကြောင့်ပဲ ဖြစ်ဖြစ်၊ သူများထက် ရက်စက်တတ်တဲ့စိတ်ကြောင့်ပဲ ဖြစ်ဖြစ် သူများထက် ပိုပြီး ကောက်ကျစ်ယုတ်မာတတ်မှုကြောင့်ပဲဖြစ်ဖြစ်၊ သူ့ရဲ့ စစ်ရေး ဗျူဟာအခင်းအကျင်းကောင်းတာကြောင့်ပဲဖြစ်ဖြစ် အရှေ့ ယူဇနာ ပေါင်းများစွာကို သူ တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပါတယ်။

ကဲ ယူဇနာပေါင်းများစွာ၊ လူပေါင်းများစွာ တောတောင် ရေမြေများစွာကို ပိုင်ခဲ့ပြီပဲ။ ဘာလိုဦးမှာလဲ။ ဒါပေမယ့် အလိုရမ္မက် ကြီးတဲ့ဘုရင်ကြီးက ဒီလောက်နဲ့ မရပ်တန့်နိုင်ပါဘူး။ အရှေ့ ယူဇနာပေါင်းများစွာကို သူတိုက်ယူခဲ့တဲ့ လူသူလက်နက်၊ စစ်မြင်း


www.burmeseclassic.com

www.burmeseclassic.com



စစ်ဆင်တွေကို အင်အားပိုတောင့်တင်းအောင် စုဆောင်းပြီး အနောက်ယူဇနာပေါင်းမြောက်မြားစွာကို စစ်ချီပြန်တယ်။

သူသွားရာလမ်းတလျှောက် စစ်တံပိုး ခရာသံ တညံညံနဲ့ လူတွေရဲ့ ခြိမ်းခြောက်သံ၊ သံကို သံချင်းထိသံ၊ သွေးသံတရဲရဲနဲ့ ကျန်ရစ်ခဲ့ကြတာချည်းပဲပေါ့။ ဆိုပါတော့ အနောက်ယူဇနာပေါင်း များစွာကို သူသိမ်းပိုက်ရလိုက်နိုင်ပါတယ်။

အရှေ့ယူဇနာပေါင်းများစွာ၊ အနောက်ယူဇနာပေါင်း များစွာ ပိုင်ဆိုင်ပြီး သူက ကျေနပ်သွားနိုင်မယ် ထင်သလား။

မဟုတ်သေးပါဘူး။ တောင်ယူဇနာပေါင်းများစွာ၊ မြောက်ယူဇနာပေါင်းများစွာကိုပါ သူ့စစ်သည်အင်အား အလုံးအရင်းနဲ့ ချီတက်တိုက်ခိုက် သိမ်းပိုက်လိုက်ပြန်ပါတယ်။ သူ့ရဲ့ စစ်ရေး ကျွမ်းကျင်မှု၊ ရမ္မက်၊ ရက်စက်ခြင်း၊ ပိုင်ဆိုင်လိုစိတ်ပြင်းပြခြင်းတို့နဲ့ပဲ အားလုံးကို သူ သိမ်းပိုက်နိုင်သွားပါတယ်။

ဆိုပါတော့ ကမ္ဘာကြီးတစ်ခုလုံးကို သူ သိမ်းပိုက်နိုင်သွား တာပေါ့။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



ကဲ. . . ကမ္ဘာကြီးတစ်ခုလုံးကို သိမ်းပိုက်ထားတဲ့ ဘုရင်စကြာဝတေးမင်းက ဘာများထပ်ပြီး လိုအပ်ဦးမှာလဲ။ လူ၊ သတ္တဝါ ရေမြေတောတောင်ကအစ မြစ်ချောင်း အင်းအိုင် ပင်လယ် အစအဆုံး အကုန်လုံး သူပိုင်ဖြစ်နေပြီလေ။ ဘာများ ထပ်ပြီး လိုအပ်ဦးမှာလဲပေါ့။

ဘာမှမရှိတော့ပါဘူး။ ဒါက သာမန်လူတိုင်းအတွေးပါ။ အလိုရမ္မက်ကြီးတဲ့ဘုရင်ကြီးက ရေမြေတောတောင် သဘာဝအားလုံး သူရထားတာတောင် သူထပ်ပြီး လိုချင်ပါသေးသတဲ့။

အဲဒါကတော့ ကောင်းကင်မှာ သာနေတဲ့ လမင်းကြီးကို သူထပ်ပြီး လိုချင်ပါသေးသတဲ့။

စဉ်းစားကြည့်ပါ။ ကောင်းကင်မှာ သာနေတဲ့ လမင်းကြီးဆိုတာ လူတိုင်း၊ သတ္တဝါတိုင်း ရေမြေတောတောင် သင့်ရှိ သက်မဲ့

www.burmeseclassic.com

www.burmeseclassic.com



အားလုံး ပိုင်ဆိုင်တဲ့ သဘာဝတရားကြီးပါ။ ဒီ သဘာဝတရားကြီး ကိုမှ လိုချင်တယ်ဆိုတော့ မလွန်လွန်းဘူးလား ခင်ဗျာ။

ကဲ ထားပါ။

ကောင်းကင်ပေါ် သာနေတဲ့လမင်းကြီးကို သူအပိုင်လိုချင်နေတဲ့ ဘုရင်ကြီး။ ဒီလမင်းကြီးကိုရဖို့ သူလုပ်နေကျအတိုင်း လူသူစစ်သည်ဗိုလ်ပါစု၊ ဆင်တပ်မြင်းတပ် ခြံရံပြီး လမင်းကြီးကို တက်သိမ်းလို့ ရမတဲ့လား။

ကောင်းကင်ကို ဘယ်လမ်းနဲ့မှ သူသွားလို့မရနိုင်ဘူးလေ။ ကောင်းကင်ကို ဆင်တပ် မြင်းတပ်နဲ့မှ ချီတက်လို့ မရတာ။

ဒီကောင်းကင်ပေါ်က လမင်းကြီးကို ဘုရင်ကြီး ဘယ်လို သိမ်းမလဲ။

လွယ်ပါတယ်။

ကမ္ဘာကြီးတစ်ခုလုံးကို အပိုင်စားရထားတဲ့ ဘုရင်ကြီးပဲ။ သဘာဝတရားကို အပိုင်ပေးမယ့်၊ လူသူအသိဉာဏ်မဲ့သူအားလုံး ပိုင်ထားတဲ့သူတစ်ယောက်ပဲ။ လွယ်ပါတယ်။

"ကောင်းကင်ပေါ်ကလမင်းသည် ဘုရင်ကြီး အပိုင်သိမ်း ပိုက်လိုက်ပြီဖြစ်တဲ့အတွက် သက်ရှိ သက်မဲ့ မည်သူ တစ်ဦး တစ်ယောက်မှ လမင်းကြီးကို မကြည့်ရန် အမိန့်ထုတ်ပြန်လိုက်

www.burmeseclassic.com

www.burmeseclassic.com


သည်"

စဉ်းစားကြည့်ပါ။ ကောင်းကင်ပေါ်က လမင်းဆိုတာ သဘာဝတရားကြီးပါ။ ဒီသဘာဝတရားကြီးကို ဘယ်သူကများ အမိန့်ထုတ်စေခိုင်းလို့ ရမှာတဲ့လဲ။

"ငလျင်မလှုပ်နဲ့၊ လေပြင်းမတိုက်နဲ့၊ ရေမကြီးနဲ့၊ မိုးမရွာနဲ့" မရပါဘူး။ သဘာဝတရားက ဖြစ်ချိန်တန် ဖြစ်မှာပါပဲ။ ဒီအတိုင်းပါပဲ။

ကဲ ကောင်းကင်ပေါ်ကလမင်းကြီး ဘုရင်ကြီးပိုင်တော့ ရော ဘာလုပ်လို့ ရမှာလဲ။

"လမင်းကြီးရေ၊ ဒီနေ့ မင်းမျက်နှာ ငါမမြင်ချင်ဘူးကွာ။ ဒါကြောင့် ဒီညတော့ မင်း မသာပါနဲ့ကွာ"

အမိန့်ပေးလို့ ရမလား။ မရပါဘူး။ လမင်းက လပြည့်ရက် ဆို သာနေမှာပါပဲ။

"ကဲ လမင်းကြီးရေ မင်းကိုငါတော့ ဒီည ပြည့်ပြည့်ဝဝ မြင်ချင်သကွ။ ပြည့်ပြည့်ဝဝ လင်းပြစမ်း"

မရဘူးလေ။ လကွယ်ညဆို ဘယ်လိုပြည့်ပြည့်ဝဝ သာမှာ လဲ။ လဆန်းရက်ဆိုလဲ လခြမ်းကွေးလေးပဲ မြင်ရမှာ။ ဒါ သဘာဝ တရားကြီးလေ။

www.burmeseclassic.com

www.burmeseclassic.com



ကဲ ဒီသဘာဝတရားကြီးကို "ငါပိုင်တယ်" လုပ်ထားတော့ရော ဘာထူးမှာလဲ။ ဘာမှ မထူးဘူး။

လမင်းက သူ သာချိန်သာမယ်။မသာချင်မသာဘူး။ ဒါကို ဘယ်သူကမှ ကန့်သတ်လို့မရဘူး။

ဒါဆိုလမင်းကြီးကို အပိုင်စားထားတဲ့ ဘုရင်ကြီး ဘာဆက်လုပ်လို့ရမှာလဲ။

ရတာပေါ့။

လမင်းကြီးရဲ့ သဘာဝတရားကြီးကို သူမထိန်းချုပ်နိုင်ပေမဲ့ သူထိန်းချုပ်နိုင်တာရှိတယ်လေ။

ကမ္ဘာမြေကလူတွေပေါ့။ ကမ္ဘာလောကကြီးတစ်ခုလုံး ပိုင်ထားတဲ့ ရေမြေ့ရှင်ဘုရင်ကြီးပဲ။ လူတွေကို သူက ကန့်သတ်တော့တာပေါ့။ ဘာတဲ့. . .

"ကမ္ဘာလောကကြီးမှာရှိတဲ့သူအားလုံး သူပိုင်လမင်းကြီးကို မကြည့်ရပါဘူး" တဲ့။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားကြည့်ပါဗျာ။ ပြောပြီးသားပါ။ လမင်းကြီးဆိုတာ သဘာဝတရားကြီးပါ။ ညဘက်အလင်းရောင်ရဖို့ ပင်လယ်ဒီရေ လှုပ်ရှားဖို့ အရာရာအေးမြစေဖို့ သာပေးထားတဲ့ လမင်းပါ။ ဒီလို အလကားရတဲ့လမင်းကို မကြည့်ရဘူးဆိုတာတော့ မလွန်လွန်းဘူး လားခင်ဗျာ။ သူတားတော့ရော ရမတဲ့လား။ ညဘက် ခရီးသွား တွေ၊ ညဘက်မှဖားရှာ ငါးရှာသူတွေက လမင်းကြီးကို အားမကိုး ဘဲ နေလို့ရမတဲ့လား။ အားကိုးရမှာပေါ့။

ဒီတော့ဘုရင်ကြီးအမိန့်က ထိရောက်မှုရှိပါ့မလား။

ဒါပေမယ့် ရေမြေအားလုံးကိုအပိုင်စားရထားတဲ့ ဘုရင် ကြီးပဲ အာဏာမတန် အတ္တကြီးတဲ့ဘုရင်ကြီးပဲ အမိန့်ကို ထပ်ပြီး ထုတ် ပြန်ပါတယ်။

"ကောင်းကင်မှာသာနေတဲ့ ဘုရင်ပိုင် လမင်းကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရှုသူတိုင်းကို ရှင်ဘုရင်ကြီးက အမိန့်ထုတ်ပြန်လိုက်သည်

၁။ ပထမတစ်ကြိမ် လမင်းကြီးကိုကြည့်မိပါက ငွေဒဏ်

၂။ ဒုတိယအကြိမ် လမင်းကြီးကိုကြည့်မိပါက ကြိမ်ဒဏ်

၃။ တတိယအကြိမ် လမင်းကြီးကိုကြည့်မိပါက ထောင်ဒဏ်

"ဘုရင်ကြီးအမိန့်တော်"

ကဲ. . . စဉ်းစားကြည့်ပါဗျာ။

"ကောင်းကင်မှာသာနေတဲ့လမင်း အလကားရတဲ့ လမင်းကို ပထမတစ်ကြိမ်ကြည့်ရင်ငွေဒဏ်"

အို. . . ဒါတော့များတာပေါ့။ ခါတိုင်းအလကားရတဲ့ လမင်းကိုကြည့်ရင် ဒဏ်ငွေဆောင်ရမယ်ဆိုတာဖြစ်သင့်လား။

ဒုတိယအကြိမ်ကြည့်ရင် ကြိမ်ဒဏ်တဲ့။ ခက်ပါရဲ့။ ငွေဒဏ်ဆောင်များနေတဲ့နောက် ကြိမ်ဒဏ်ဆို ပိုမများဘူးလား။ များတာပေါ့။ ကဲ. . . အဲဒီထက်ပိုပြီး သုံးကြိမ်မြောက်ကြည့်မိရင် ထောင်ဒဏ်တဲ့။ ဒါကတော့ မတန်တဆဖြစ်ပါပြီ။ အလကားရတဲ့လမင်း သုံးကြိမ်မော့ကြည့်ရုံနဲ့ထောင်ထဲဝင်နေရမယ်ဆိုတာတော့ အတော်များတာပေါ့။

ဒါပေမယ့်လူတွေပဲလေ။ အသိဉာဏ်ရှိရင် ကြောက်စိတ်

www.burmeseclassic.com

www.burmeseclassic.com



လဲရှိတာပေါ့။ လမင်းကြီးကိုကြည့်ရုံနဲ့ ဒဏ်ငွေဆောင်ရအောင်၊ ကြိမ်ဒဏ်ခံရအောင်၊ ထောင်ကျခံရလောက်အောင် ဘယ်မိုက်မဲကြမလဲ။ ဒါ့ကြောင့် ကမ္ဘာလောကကြီးတစ်ခုလုံး ညအချိန်မှာ ခြောက်ကပ်သွားတော့တယ်။

ဟုတ်တယ်လေ။ ညဘက်အလုပ်ရှိလို့ လမ်းထွက်ရင်တောင် ဘုရင်ကြီးက သူ့လမင်းခိုးကြည့်တယ်ဆိုပြီး ထောင်ထဲထည့်နေမှဖြင့်. . .

ဒါကြောင့် ညအချိန်မှာ ဘယ်သူကမှ လမ်းမထွက်ကြတော့ပါဘူး။ ဒါကြောင့် ကမ္ဘာမြေလောကကြီးလဲ ခြောက်ကပ်သွားတော့တာပေါ့။

ဒါပေမယ့် သံသယကြီးတဲ့ဘုရင်ကြီးကတော့ သူ့ရဲ့လမင်းကို တစ်ယောက်ယောက် ခိုးချောင်းနေတယ်ဆိုတဲ့ သံသယစိတ်နဲ့ ညတိုင်း လမင်းခိုးသူကို လိုက်လံရှာဖွေနေလေ့ရှိတယ်။

"တွေ့ပါပြီ"

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မှာတော့ ဘုရင်ကြီးဟာ တိုင်းခန်းလှည့်လည် နေရင်း လမ်းတစ်နေရာမှာ ရေခွက်ကလေးရှေ့ချပြီး ထိုင်နေတဲ့ ကလေးတစ်ယောက်ကိုတွေ့ရပါသတဲ့။ ကလေးက ဘုရင်ပိုင် လမင်းကြီးကို ကြည့်နေတာမဟုတ်ဘဲ သူ့ဟာသူ သူ့ရှေ့က ရေခွက် ကလေးကိုငေးစိုက်ကြည့်နေတာပါ။

ကလေးခမျာ ဘုရင်ကြီးဆင်စီးပြီးလာတာကို ဂရုမပြုနိုင် လောက်အောင်ပဲ သူ့ရေခွက်ကလေးကို သူငေးနေရှာတယ်။

ညအခါလမင်းကြီးကိုမကြည့်ဘဲ ရေခွက်ကိုထိုင်ငေးနေ တဲ့ ကလေးကိုမြင်တော့ ဘုရင်ကြီးခမျာ အံ့အားသင့်ရှာတယ်။ ဒါနဲ့ပဲ. . .

"ဟေ့ ကလေး မင်းဘာငေးနေတာတုန်းကွ"

ဘုရင်ကြီးရဲ့အမေးစကားကို မကြားနိုင်လောက်အောင်

www.burmeseclassic.com

www.burmeseclassic.com



ကလေးက ရေခွက်ကလေးကို ပေးနေရှာတယ်။ ဒါကြောင့် ဘုရင်ကြီးက ပိုစိတ်ဆိုးလာပြီး

“ဟေ့ ကလေး မင်းဘာပေးနေလဲလို့ ငါမေးနေတယ်လေကွာ”

ဒီတော့မှ ကလေးလေးက ကြားပြီးလှည့်ကြည့် ကာ. . .

“ဟာ ဘုရင်ကြီးပါလား တိုင်းခန်းလှည့်လည်လာတယ်ထင်ပ့ါ။ ဒီညလဲ ဘုရင်ကြီးပိုင်လမင်းကြီးကို ခိုးကြည့်သူ ရှိသေးလားခင်ဗျာ့”

ဆိုတော့ ဘုရင်ကြီးကအံ့အားသင့်ပြီး. . .

“မင်းက ငါပိုင်လမင်းကြီးကို ခိုးကြည့်နေတာမဟုတ်လားကွဟေ”

ဆိုတော့ ကလေးကပြုံးပြီး

“ဘုရင်ကြီးရယ် ပြစ်ဒဏ်တွေကြောက်လို့ ဘုရင်ကြီးရဲ့လမင်းကို ယောင်လို့တောင် မကြည့်မိပါဘူး။ ကျိန်ဆိုရဲပါတယ်”

“ဒါဆို အခုမင်းက ညကြီးအချိန်မတော် ဘာကိုကြည့်နေတာလဲကွဟေ”

ဆိုတော့မှကလေးက သူ့ရှေ့ကရေခွက်ကလေးကို လက်ညှိုးညွှန်ပြပြီး

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာလေ ဘုရင်ကြီးရဲ့ ကျွန်တော့်ရေခွက်ထဲက လမင်း ကိုငေးကြည့်နေတာပါ"

ကြည့်လိုက်တော့

ဟုတ်ပါတယ်

ရေခွက်ထဲမှာ လမင်းလေးပါ။

ကောင်းကင်ကသာနေတဲ့ လမင်းကြီးရဲ့ ပုံရိပ်ကို ကလေး ငယ်က ရေခွက်ထဲရေအပြည့်ထည့်ပြီး လမင်းကြီး ပုံရိပ်ကို ဖမ်းယူ ထားခြင်းပါ။ ရေခွက်ထဲက ရေထဲမှာ လမင်းကြီးကပေါ်လို့ပေါ့။

ကလေးငယ်က ဆက်ပြောပါတယ်။

"ကြည့်စမ်းပါဦးဘုရင်ကြီးရယ်။ ကျွန်တော့်ရေခွက်ထဲက လမင်းသာနေလိုက်တာ။ ဘုရင်ကြီးပိုင်တဲ့လမင်းကြီးလောက်တော့ မကြီးဖူးပေါ့။ ဒါပေမယ့် ကျွန်တော့်ရေခွက်ထဲက လမင်းကလဲ သာနေပါတယ်။ ဟော ကြည့်စမ်းပါဦး ကျွန်တော့်လမင်းက ဘုရင် ကြီးရဲ့လမင်းလိုတောင်မဟုတ်ဘူး။ လေပြေတိုက်ရင်လှုပ်သွားပုံက လွတ်ကြည့်လို့ကောင်း"

မှန်ပါတယ်။ ကလေးငယ်လေးရဲ့ ရေခွက်ထဲက လမင်း ကလဲ သာနေပါတယ်။ ကောင်းကင်က လမင်းကြီးမှ သာနေတာ မဟုတ်ပါဘူး။ ကလေးငယ်ရေခွက်ထဲက လမင်းကြီးကလဲ သာနေ

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။

ဒီမှာ ကျွန်တော်ပြောချင်တာလေးရှိပါတယ်။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



လူဆိုတာ ပိုင်ဆိုင်သင့်သလောက်တော့ ပိုင်ဆိုင်ချင်ကြတာအမှန်ပါပဲ။ ဒါပေမယ့် လိုအပ်တာတာထက်ပို ပိုင်ဆိုင်မှ စိတ်ချမ်းသာတာမျိုး မဟုတ်ပါဘူး။ အခု ကျွန်တော်ပြောနေတဲ့ ဘုရင်ကြီးလိုပေါ့။ လိုအပ်တာထက်ပိုပြီး လမင်းကြီးကိုပါ ပိုင်ချင်လို့ သောကရောက်နေတာမျိုးလေ။

ပိုင်ဆိုင်မှုသေးသေးကလေးနဲ့လဲ စိတ်ချမ်းသာအောင်နေလို့ရပါတယ်။ (ခုပြောနေတဲ့ကလေးလိုပေါ့။)

သူ့မှာပိုင်ဆိုင်မှု ကြီးကြီးမားမားမရှိပါဘူး။ သူတပါးဆီကထွက်တဲ့အရိပ်ကလေးတစ်ခုနဲ့ သူ့ရဲ့ဘဝက ပြည့်စုံနေပါတယ်။

တချို့သူတွေက လိုအပ်တာထက်ပို ပိုင်ဆိုင်ချင်ပါတယ်။ ဒါဟာလဲ ကောင်းတဲ့လက္ခဏာပါ။ တိုးတက်အောင် ကြိုးစားချင်စိတ်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဘာကိုမှ မဖြစ်နိုင်တော့ရင်လဲ ကိုယ့်ရှိ သလောက်ကလေးနဲ့ပဲ စိတ်ချမ်းသာအောင်တော့နေသင့်ပါတယ်။ (ပုံပြင်ထဲကကလေးလိုပေါ့)

အခုကျွန်တော်ပြောတဲ့ကလေး သူ့မှာပိုင်ဆိုင်မှု ဘာမှ ကြီးကြီးမားမားမရှိပါဘူး။ ဒါပေမယ့်သူပိုင်ထားတဲ့ သူ့ ရေခွက် ထဲက လမင်းကလေးနဲ့တင် သူ့ဘဝပြည့်စုံနေပါပြီ။သူက လှမ်း ပြောတယ်။

"ကြည့်ပါဦးဘုရင်ကြီးရယ် ကျွန်တော့်ရေခွက်ထဲက သာ နေတဲ့ လမင်းလေးလှလိုက်တာ"

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



ဆိုပါစို့ အိမ်တစ်အိမ်ပဲဆိုပါတော့။

ငွေကြေး သူများလောက်မချမ်းသာပေမယ့် မွေးထားတဲ့ သားသမီးလေးတွေဟာ အိမ်အတွက် ငွေလမင်းလေးပါပဲ။

"ကြည့်စမ်း ငါ့လမင်းကြီးက လှလိုက်တာ'

သားသမီးတွေအတွက်လဲ မိဘများဟာ ငွေလမင်းကြီး ပါပဲ။

"ကြည့်စမ်းပါဦး။ ငွေလမင်းကြီး သားတို့ သမီးတို့အတွက် သာပေးနေလိုက်တာ"

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



စိတ်ချမ်းသာမှုဆိုတာ ငွေကြေးချမ်းသာရုံနဲ့ မလုံလောက်ပါဘူး။ ရောင့်ရဲကျေနပ်နိုင်တဲ့စိတ်လဲ လိုအပ်ပါတယ်။

သားသမီးများအတွက် မိဘများက ငွေလမင်းကြီးဖြစ်သလို မိဘများအတွက် သားသမီးတိုင်းဟာ ရွှေလူသားတွေချည်းပါပဲ။

ပြောပါရစေ။

ရွှေလူသားဆိုတာ ချမ်းသာတဲ့လူတစ်ယောက်က မွေးချလိုက်မှ ရွှေလူသားမဟုတ်ပါဘူး။ အာဏာရှိတဲ့လူတစ်ယောက်ရဲ့ သားသမီးကမှ ရွှေလူသား မဟုတ်ပါဘူး။

အခုတိုင်းပြည်မှာရှိနေတဲ့ ကလေးမှန်သမျှ ကမ္ဘာလောကမှာရှိသမျှ ကလေးအားလုံးဟာ ရွှေလူသားတွေပါပဲ။

ဒီရွှေလူသားလေးတွေဟာ နောင်တစ်ချိန်မှာ တိုင်းပြည်

www.burmeseclassic.com

www.burmeseclassic.com



ကို ပွဲကိုင်ကြပါလိမ့်မယ်။ ကမ္ဘာလောကကို ပြုပြင်ကြပါလိမ့်မယ်။ ဆိုပါတော့

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



ဒီမှာတင် အလိုရမက်ကြီးတဲ့ဘုရင်ကြီး ကမ္ဘာလောကကြီးတစ်ခုလုံး အပိုင်စားထားတဲ့ဘုရင်ကြီး။ ကမ္ဘာကို ပိုင်ရုံနဲ့ အားမရလို့ ကောင်းကင်က လမင်းကြီးကိုတောင် တက်သိမ်းထားတဲ့ဘုရင်ကြီး ကလေးငယ်လက်ထဲကရေခွက်ကို ကျေနပ်နိုင်ပါ့မလား။ အမှန်ကတော့ ကလေးဟာ သူ့ရဲ့ လမင်းကိုကြည့်နေတာ မဟုတ်တဲ့အတွက် သူထုတ်ပြန်ထားတဲ့အမိန့်ကို ဖီဆန်တာမှမဟုတ်တာ။ ဒါပေမယ့် ရေမြွှေသနင်း ပြည့်ရှင်မင်းပဲလေ။ အဲဒီတော့. . .

"အာ ဒီလိုလုပ်လို့ဘယ်ဖြစ်မလဲ မင်းကြည့်နေတာ ငါပိုင်လမင်းကြီးရဲ့ အရိပ်ကွ။ ငါ့လမင်းရဲ့ အရိပ်ကိုတောင် မကြည့်ရဘူး။ ပေးစမ်း အဲဒီရေခွက် ကဲကွာ"

ဆိုပြီး ကလေးလက်ထဲကရေခွက်သွန်မှောက်ပြီး ကျောက်လွှင့်ပစ်လိုက်တော့တယ်။ စဉ်းစားကြည့်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့မှာပိုင်ဆိုင်မှုဆိုတာ ကြီးကြီးမားမား မရှိပါဘူး။ ရှိတာမှ သူတပါးအရိပ်လောက် ပိုင်ဆိုင်မှုပဲရှိနေမှာပါ။ ဒါကိုတောင် ဒီပိုင်ဆိုင်မှုသေးသေးကိုတောင် သွန်မှောက်ပစ်ခံရရင်ဘယ်လိုလုပ်မလဲ။

အခုပုံပြင်ထဲက ကလေးလဲ ဒီအတိုင်းပါပဲ။ လမင်းကြီးလောက် ပိုင်ဆိုင်မှုမရှိပါဘူး။ ရေခွက်သေးသေးလေးထဲက လရိပ်သေးသေးလေးလောက်သာ ပိုင်ဆိုင်တာပါ။ ဒါကိုတောင် သွန်မှောက်ပစ်ခံရရင် ဘယ်လိုလုပ်မလဲ။

"ငိုမှာပေါ့"

ကိုယ့်ပိုင်ဆိုင်မှုကို သွန်ပစ်သူကကိုယ်ဘယ်လိုမှ လက်လှမ်းမမီနိုင်တဲ့သူ။ ဘုရင်ကြီးနဲ့ ကလေးလေးလောက် ကွာဟနေသူ။

ငိုကြွေးရုံအပြင် ဘာများရှိဦးမှာလဲ. . .

လူတိုင်းလဲ ဒီလိုပဲ တွေးမိကြမှာပေါ့။

ကိုယ့်မှာရှိတဲ့ ပိုင်ဆိုင်မှုသေးသေးလေး သွန်မှောက်ခံရရင် ဝမ်းနည်းလို့ငိုကြွေးမိကြမှာပေါ့။

ဒါပေမယ့် ပုံပြင်ထဲက ကလေးက ဒီလိုမဟုတ်ပါဘူး။

သူ့ပိုင်ဆိုင်မှုသေးသေးလေး သွန်မှောက်ပစ်ခံလိုက်ရတာ

www.burmeseclassic.com

www.burmeseclassic.com


နဲ့ ငိုကြွေးမနေပါဘူး။

သူတစ်နေရာကို ပြေးသွားပါတယ်။

သူပြေးသွားတဲ့နေရာက သူ့လက်ထဲကရေခွက်ထက် အဆမတန်ကြီးမားတဲ့ ရေကန်တစ်ခုကိုပါ။

ရေကန်ကြီးကိုရောက်တဲ့အခါ ကန်ဘောင်ပေါ် ဆောင့်ကြောင့်ထိုင်ပြီး ဒီလိုပြန်ပြောပါတယ်။

"ကျေးဇူးပါပဲ ဘုရင်ကြီးရယ်။ ကျွန်တော်အရင်ကတော့ လက်ထဲမှာဖမ်းမိထားတဲ့ ရေခွက်ထဲကလမင်းနဲ့ပဲ ကျေနပ်နေတတ်သူပါ။ အခုဘုရင်ကြီးရဲ့ကောင်းမှုနဲ့ အခု ကျွန်တော်ဟာ ရေခွက်ထဲကထက်ပိုကြီးမားတဲ့ လမင်းကြီးကို ပိုင်ဆိုင်ရရှိသွားပါပြီ။ ကြည့်စမ်းပါဦး ဘုရင်ကြီးရယ် ရေကန်ထဲက ကျွန်တော့် လမင်းကြီး လှလိုက်တာ"

ဆိုပါတော့. . .

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ဟာ လက်ထဲရှိနေတဲ့ ပိုင်ဆိုင်မှုကို သွန်ပစ်ခံရတဲ့အခါ ဘာလို့ငိုကြွေးဖို့ကိုပဲ စိတ်ရောက်နေကြတာလဲ။ ဘာလို့ပိုမိုကြီးမားတဲ့ပိုင်ဆိုင်မှုဆီကို ပြေးမသွားချင်ကြတာလဲ။

ပုံပြင်ထဲက ကလေးကတော့ ဒီလိုမဟုတ်ပါဘူး။ သူ့ရဲ့ ပိုင်ဆိုင်မှုသေးသေးကလေးကို သွန်ပစ်ခံလိုက်ရတဲ့အခါ ပိုမိုကြီးမားတဲ့ပိုင်ဆိုင်မှုဆီ ပြေးသွားပါတယ်။ ဒါကြောင့် သူဟာ ပိုမိုကြီးမားတဲ့ပိုင်ဆိုင်မှုကို ရရှိသွားတာ ဖြစ်ပါတယ်။

ကျွန်တော်တို့တွေဟာ တစ်ခုခုကို ဆုံးရှုံးလိုက်ရတဲ့ အခါ အဲဒီဆုံးရှုံးမှုကိုပဲသတိတရနဲ့ အမြဲတမ်းတွေးမြင်ပြီး နှမြောတသခြင်းများနဲ့အချိန်တွေကို ဖြုန်းတီးနေတတ်ပါတယ်။

ဆုံးရှုံးသွားတဲ့ ပိုင်ဆိုင်မှုသေးသေးလေးကို ပြန်ရှုနိုးနဲ့ တသသကြေကွဲနေတတ်ပါတယ်။ ဆုံးရှုံးချိန်မှစလို့ နောက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ် အောင်မြင်မှုကို တော်ရုံနဲ့ ခြေလှမ်းမစနိုင်ကြတော့ပါဘူး။ ဒီတော့ ဘာဖြစ်လဲ။

ဆုံးရှုံးမှုမှာ သံသရာလည်တာပေါ့။

အခုပုံပြင်ထဲက ကလေးလေးကတော့ သူ့ရဲ့ ပိုင်ဆိုင်မှု သေးသေးလေး သွန်ပစ်ခံရတဲ့အခါ ပိုမိုကြီးမားတဲ့ ပိုင်ဆိုင်မှုဆီ ပြေးသွားပါပြီ။ ဒါကြောင့် ပိုမိုကြီးမားတဲ့ ပိုင်ဆိုင်မှုကို ရရှိသွားပါပြီ။ သူ ဆက်ပြောပါတယ်။

"ကျေးဇူးပါ ဘုရင်ကြီးရယ်။ သေးငယ်တဲ့ ပိုင်ဆိုင်မှုကို တပ်မက်နေသရွေ့ ပိုကြီးကျယ်တဲ့ ပိုင်ဆိုင်မှုကို မရနိုင်ဘူးဆိုတာ ကျွန်တော် သဘောပေါက်သွားပါပြီ"

ဒီတော့ ဘုရင်ကြီးဆီမှာ ဘာလုပ်စရာရှိတော့မှာလဲ။ ကလေးလေးပိုင်ဆိုင်ထားတဲ့ ရေကန်ထဲက လရိပ်ကို မကျေနပ်လို့ သူ့ဆီမှာရှိတဲ့ လူအင်အားနဲ့ သွန်ပစ်မှာလား။ အဲလိုသွန်ပစ်ဦးတော့ မျှော်လင့်ချက်ကြီးတဲ့ကလေးဟာ ဒီထက်ပိုကြီးတဲ့ ရေကန်၊ မြစ်၊ ပင်လယ်၊ သမုဒ္ဒရာဆီ ပြေးသွားမှာဖြစ်ပါတယ်။ ဒါဆိုရင် ဒီကလေးငယ်ဟာ ဒီထက်ပိုကြီးမားတဲ့ ပိုင်ဆိုင်မှုတွေ ထပ်ပြီးရရှိနေဦးမှာ ဖြစ်ပါတယ်။

ညွှင်းပန်းနှိပ်စက်မှုဆိုတာ စိတ်ဓာတ်ကျပြီး ငြိမ်နေသူတွေ



www.burmeseclassic.com

www.burmeseclassic.com



ဆိုသာ အရောက်များပါတယ်။ စိတ်ခါတ်တက်ကြွပြီး မျှော်လင့်ချက်ကြီးမားသူဆီ ရောက်လေ့မရှိပါဘူး။ အခုလို မျှော်လင့်ချက်ကြီးမားပြီး တက်ကြွတဲ့ ကလေးငယ်ကို သူတားဆီးလို့ ရမတဲ့လား။ ဘယ်လောက် အင်အားကြီးသူဖြစ်ပါစေ မျှော်လင့်ချက်ကြီးမားတဲ့ ကလေးငယ်ကို မတားဆီးနိုင်ပါဘူး။ ဒီတော့ ဘုရင်ကြီးမှာ ဘာဆက်လုပ်စရာရှိသလဲ။

အားလုံးကို အပိုင်စားတဲ့ ဘုရင်ပဲလေ။ သူ့မှာ အမိန့်တွေ အာဏာတွေ ရှိတာပေါ့။ ဒီတော့ ကလေးငယ်ကို ခြိမ်းခြောက်တော့တာပေါ့။

"ဒီမှာကလေး မင်းဒီထက်ကြီးမားတဲ့ လမင်းတွေဆီကို ပြေးသွားနေရင် မင်းကို ဘာမှမမြင်ရအောင် မင်းမျက်လုံးတွေကို ဖောက်ထုတ်ပစ်ရလိမ့်မယ်"

ဘုရင်ကြီးစကားကြားတော့ ကလေးငယ်က ရယ်ပါတယ်။ ပြီးတော့ ပြန်ပြောပါတယ်။

"ဘုရင်ကြီးရယ် ကျွန်တော်အခုမြင်နေရတဲ့ လမင်းက မျက်လုံးကမြင်တဲ့လမင်း မဟုတ်ဘူးခင်ဗျာ။ ဦးနှောက် အသိဉာဏ်ထဲကမြင်နေရတဲ့ လမင်းဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့် အမြင်အာရုံ ဖောက်ထုတ်လိုက်ရင်တောင် ကျွန်တော့်ခေါင်းထဲသာနေတဲ့

www.burmeseclassic.com

www.burmeseclassic.com


လမင်းကိုတော့ ဘုရင်ကြီးရမှာမဟုတ်ပါဘူး။ ဒီထက်မက ကျွန်တော့်ကို သတ်ပစ်လိုက်ရင်တောင် ကျွန်တော့် ဦးနှောက်ထဲက လမင်းကြီးက ကျွန်တော်နဲ့အတူ လိုက်ပါသွားမှာပါ။ ကျွန်တော့် ခေါင်းထဲကလမင်းကို ဘုရင်ကြီး ဘယ်တော့မှပိုင်ရမှာ မဟုတ်ပါဘူး"

လူတစ်ယောက်မှာ မျှော်လင့်ချက် လမင်းသာရှိနေရင် အဲဒီလမင်းကို ဘယ်သူကမှ ပိုင်ဆိုင်လို့ မရပါဘူး။ ခိုးယူလို့လဲ မရပါဘူး။

မျှော်လင့်ချက် ဘာမှမရှိသူကသာ ရှင်လျက်နဲ့ သေဆုံးနေကြတာပါ။

ဘဝမှာ ဘာမျှော်လင့်ချက်မှမထားဘဲ ရေလိုက် ငါးလိုက်နဲ့ ဘဝကို ဖြုတ်သန်းနေသူတွေ အများကြီးပါပဲ။

မျှော်လင့်ချက်မှမရှိရင် ရည်မှန်းချက်ဆိုတာလဲ မရေရာလှပါဘူး။ ရည်မှန်းချက်မှမရှိရင် အောင်မြင်မှုပန်းတိုင်ဆိုတာ မြင်လာရမှာ မဟုတ်ပါဘူး။

ဒါကြောင့် ဘယ်သူမဆို မျှော်လင့်ချက်တစ်ခုနဲ့ အသက်ရှင်သင့်ပါတယ်။ ဒါမှလဲ ကိုယ့်ရဲ့ အောင်မြင်မှုပန်းတိုင်ကို မြင်တွေ့နိုင်မှာဖြစ်ပါတယ်။ ပုံပြင်ထဲက ကလေးလိုပေါ့။ ဘယ်လိုအခက်

www.burmeseclassic.com

www.burmeseclassic.com



အခဲမျိုးမဆို ကိုယ့်ရဲ့ပိုင်ဆိုင်မှုကို မကြာခဏ သွန်မှောက်ခြင်း ခံရရင်တောင် မျှော်လင့်ချက်ရှိခဲ့ရင် သူ့ပန်းတိုင်ကိုရောက်အောင် သွားနိုင်မှာပါ။ မျှော်လင့်ချက်မဲ့သွားသူက လမ်းတစ်ဝက်မှာ ငိုကြွေး ကျန်ရစ်ခဲ့မှာပါ။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



တချို့ကလဲ တစ်ခုခုကြုံလာတိုင်း လောကဓံကို အပြစ်တင်တတ်ကြပါတယ်။ လောကဓံဆိုတာ တစ်ခါတလေ ကိုယ်တိုင်ပြုလုပ်ယူနေခြင်းဖြစ်ပါတယ်။ ဒါကြောင့် လောကဓံက လူဆိုးမဟုတ်ပါဘူး။ ကိုယ်တိုင် ဆိုးမှသာ ဆိုးတာမျိုးပါ။

ကျွန်တော်ပဲ ဉာဏ်ရည်နည်းလို့လားမသိပါဘူး။ လောကမှာ ကျွန်တော်သိတာ လူနှစ်မျိုးပဲ ရှိပါတယ်။ လူဆိုးနဲ့ လူကောင်းပါ။

လောကဓံနဲ့လူဆိုတာ ခဲတံချွန်စက်နဲ့ ခဲတံလိုပါပဲ။

ခဲတံချွန်စက်က ပြောပါတယ်။

"ဒီမှာ ခဲတံ မင်းရဲ့ဘဝကြီးကို ငါအစတုံးပစ်နေတာကွ မင်းသိလား"

ဟုတ်ပါတယ်။ ခဲတံချွန်စက်ဆိုတာ ခဲတံကို စားပစ်၊ အစတုံးပစ်နေတာပေါ့။

ခဲတံက ပြန်ပြောတယ်။

"ကျွန်တော်ကတော့ အဲဒီလို မထင်ပါဘူးဗျာ။ ကျွန်တော့်ဘဝကို ထက်မြက်အောင် ခင်ဗျားသွေးပေးနေတာ"

မှန်တာပေါ့။ ခဲတံချွန်စက်က စားပေးနေလို့ ထက်မြက်တဲ့ခဲတံ ဖြစ်လာကြတာပေါ့။

ဒါကြောင့် အခက်အခဲနဲ့ ကြုံလာတိုင်း "ဒီအခက်အခဲ



www.burmeseclassic.com

www.burmeseclassic.com


ကြီးက ငါ့ဘ၀ကို တုံးပစ်နေတာ”လို့ မထင်ပါနဲ့။ ခဲတံလိုပါပဲ။

“ဪ ငါ့ကို ထက်မြက်အောင်သွေးပေးနေပါလားလို့ နှလုံးသွင်းပါ”

သေချာတာကတော့ လောကမှာလို့ခေါ်တဲ့ ခဲတံချွန်စက်က သူ့သမိုင်းသူ မရေးနိုင်ပါဘူး။ လူလို့ခေါ်တဲ့ ခဲတံကသာ ကိုယ့်သမိုင်းကိုယ် ရေးနိုင်တာပါ။

ဒါကြောင့် ထက်မြက်အောင် အသွေးခံရတုန်း ကိုယ့်ရဲ့ သမိုင်းကို ကိုယ်အလှပဆုံး ရေးနိုင်သူတွေ ဖြစ်ကြပါစေလို့ ဆုတောင်းရင်းနဲ့ ကျွန်တော့်ရဲ့ သူညအတွေးများကို ဒီမှာပဲ ရပ်ပါရစေ။ ။

BURMESE CLASSIC

လေးစားစွာကြိုးစားလျက်
အကြည်တော်

www.burmeseclassic.com